# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၂၄ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၆၄)


# ပုဂ္ဂလိကလုပ်ငန်းရှင်များ တင်ပြလာသည့် အခက်အခဲများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ဖြေရှင်းဆောင်ရွက်ပေးသွားမည်




ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် သတ္တမအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**ရန်ကုန် ဇွန် ၂၃**

မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရန်နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ကြီးဌာနအသီးသီးမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် သတ္တမအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းဝင်း၊ ဒေါက်တာ သန်းမြင့်၊ ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာထွန်းနိုင်နှင့် ဦးဝင်းမော်ထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယ


စာမျက်နှာ ၃ ကော်လံ ၁ ✻


**စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရာတွင် အကူအညီပေးရန် လျှို့ဝှက်ထောက်လှမ်းရေး လေယာဉ်များကို ဖိလစ်ပိုင်သို့ ဩစတြေးလျစေလွှတ်မည်**


စာမျက်နှာ - ၁၀


## ငြိမ်းချမ်းရေးဂီတပွဲတော် ဇူလိုင်လတွင် စတင်ကျင်းပမည်

**နေပြည်တော် ဇွန် ၂၃**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)၊ (Forever Group)နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့က ဂုဏ်ယူစွာတင်ဆက်သည့် ငြိမ်းချမ်းရေးဂီတပွဲတော်ကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ဇူလိုင်လပထမပတ်မှစတင်၍ အပတ်စဉ်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပပုံများကိုလည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ နိုင်ငံသားဝါသနာရှင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြပြီး ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် သက်ဆိုင်ရာမြို့များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခွဲများတွင် မှတ်ပုံတင်(သို့မဟုတ်)မှတ်ပုံတင်အတွက် ထောက်ခံစာပြသ၍ ပြိုင်ပွဲဝင်ပုံစံများကို အခမဲ့ထုတ်ယူနိုင်ကြသည်။ အဆိုပါ လျှောက်လွှာပုံစံများကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့နှင့် မော်လမြိုင်မြို့များအတွက် ဇွန် ၃၀ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ လည်းကောင်း၊ ကျန်မြို့များအတွက် ဇူလိုင် ၁၇ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ လည်းကောင်း မိမိတို့လျှောက်လွှာပုံစံထုတ်ယူခဲ့သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခွဲများသို့ ပြန်လည်ပေးပို့လျှောက်ထားကြရမည်ဖြစ်သည်။

မြို့အလိုက်ပြိုင်ပွဲများ ကျင်းပရာတွင် (Level-1) အဖြစ်


စာမျက်နှာ ၃ ကော်လံ ၃ ✻








# မျိုးကောင်းမျိုးသန့် ဖော်ထုတ်ဖြန့်ဖြူးရေးစနစ်

အာဖရိကအစိမ်းရောင်တော်လှန်ရေးအဖွဲ့ (**Alliance for a Green Revolution in Africa - AGRA**) က အာဖရိက၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုတိုးတက်ရေးကို စီမံဆောင်ရွက်ရာ၌ မျိုးကောင်းမျိုးသန့်ရရှိရေးသည် အဓိကအာရုံစိုက်ဆောင်ရွက်ခဲ့သော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ အာဖရိကအစိမ်းရောင်တော်လှန်ရေးအဖွဲ့ (**AGRA**) က တောင်သူလယ်သမားများကိုယ်တိုင် မျိုးကောင်းမျိုးသန့် ရယူဖြန့်ဖြူးခြင်းသည် စနစ်ဟူ၍ ပီပီပြင်ပြင်မရှိသောကြောင့် ပီပြင်ထိရောက်မှုမရှိသည်ကို ထောက်ပြခဲ့ပါသည်။ ထိုမျှသာမက တောင်သူလယ်သမားများကိုယ်တိုင် မျိုးကောင်းမျိုးသန့် ရယူဖြန့်ဖြူးခြင်းသည် ရေရှည်၌ အရည်အသွေးထိခိုက်ကျဆင်းစေသည်ကို အာဖရိကအစိမ်းရောင်တော်လှန်ရေးအဖွဲ့(**AGRA**) က အလေးအနက်ထား သုံးသပ်ခဲ့ပါသည်။ သို့ဖြစ်၍ အာဖရိကအစိမ်းရောင်တော်လှန်ရေးအဖွဲ့ (**AGRA**) က မျိုးကောင်းမျိုးသန့် ဖော်ထုတ်ဖြန့်ဖြူးရေးစနစ်တစ်ရပ် ပေါ်ပေါက်လာရေးကို အာရုံစူးစိုက် ဆောင်ရွက်ခဲ့ပါသည်။

အာဖရိကအစိမ်းရောင်တော်လှန်ရေးအဖွဲ့(**AGRA**) က မျိုးကောင်းမျိုးသန့်ဖော်ထုတ်ရေး သုတေသနပြုဆောင်ရွက်ရာ၌ တောင်သူလယ်သမားတို့၏ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်လာရေးကို အဓိကဦးတည်ချက်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ တောင်သူလယ်သမားသည် လယ်ယာစိုက်ပျိုးရေး၏ သဘောသဘာဝကို နားလည်တတ်ကျွမ်းမှု အရှိဆုံးပုဂ္ဂိုလ်များဖြစ်၍ မျိုးကောင်းမျိုးသန့်ဖော်ထုတ်သုတေသနပြုလုပ်ရာ၌ တောင်သူလယ်သမားတို့နှင့် အနီးကပ်လက်တွဲဆောင်ရွက်ခြင်းသည် အရေးကြီးသော လုပ်ငန်းလိုအပ်ချက်ဖြစ်သည်ဟု အာဖရိကအစိမ်းရောင်တော်လှန်ရေးအဖွဲ့ (**AGRA**) က အလေးအနက်ထားခံယူခဲ့ပါသည်။ အာဖရိကအစိမ်းရောင်တော်လှန်ရေးအဖွဲ့ (**AGRA**) ၏ အောင်မြင်မှုများက ဤအဖွဲ့၏ မူဝါဒခံယူချက်များ မှန်ကန်နေသည်ကို သက်သေပြနေပါသည်။

အာဖရိကအစိမ်းရောင်တော်လှန်ရေးအဖွဲ့(**AGRA**)၏ အောင်မြင်မှုများကို အခြေခံထားသုံးသပ်ပါက မြန်မာနိုင်ငံ၌လည်း မျိုးကောင်းမျိုးသန့်ဖော်ထုတ်သုတေသနပြု၍ ဖြန့်ဖြူးပေးသော စနစ်တစ်ရပ်လိုအပ်နေသည်မှာ အထင်အရှား ဖြစ်ပါသည်။ ဤလိုအပ်ချက်နှင့်အညီ ဆန်စပါးမျိုးသန့်မျိုးစေ့ ရရှိသုံးစွဲနိုင်မှုမြှင့်တင်ရေး စီမံကိန်းဆွေးနွေးချက်မှတ်တမ်းတို့ကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (**JICA**)တို့ လက်မှတ်ရေးထိုးခဲ့ခြင်းသည် အခြေခံအုတ်မြစ်ကောင်းတစ်ရပ်ကို ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ ရရှိခဲ့သောသဘောတူညီချက်များအရ ဆန်စပါးမျိုးသန့်မျိုးစေ့ ရရှိသုံးစွဲနိုင်မှုမြှင့်တင်ရေးစီမံကိန်းကို ဂျပန်ပညာရှင်များက စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်ရာ၌ နည်းပညာကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍနှင့် ဖြန့်ဖြူးရေးကဏ္ဍတို့ကိုပါ ဆောင်ရွက်သွားမည်ဖြစ်၍ မျိုးကောင်းမျိုးသန့် ဖော်ထုတ်ဖြန့်ဖြူးရေးစနစ်တစ်ရပ် ပေါ်ပေါက်လာရေးကို ဦးတည်ဆောင်ရွက်လိုက်ခြင်းပင်ဖြစ်ပါသည်။ ယခုစီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီး၏ မြို့နယ် ၂၆ ခုနှင့် စစ်ကိုင်းတိုင်းဒေသကြီး၏ မြို့နယ်ခုနစ်မြို့နယ်တို့၌ ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် အားရစရာ ကနဦးခြေလှမ်းများ ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ငါးနှစ်သက်တမ်းရှိသော ဤစီမံကိန်း၌ ဒေသတွင်းရှိ မျိုးစေ့ခြံနှင့် မျိုးစေ့ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းအပါအဝင် စပါးအရည်အသွေး စစ်ဆေးရေးဓာတ်ခွဲခန်းများ ထူထောင်ခြင်းတို့ကို ဂျပန်နည်းပညာနှင့် ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် တိုင်းပြည်အတွက် အကျိုးရှိမည်မှာ အသေအချာပင်ဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ အသက်သွေးကြောလိုအပ်ချက်တစ်ရပ်ဖြစ်သော မျိုးကောင်းမျိုးသန့် ဖော်ထုတ်ဖြန့်ဖြူးရေးစနစ်တစ်ရပ် ထူထောင်ရေးကြိုးပမ်းမှုတို့ကို အလေးအနက် ဂုဏ်ပြုကြိုဆိုကြောင်း တင်ပြအပ်ပါသည်။ ။

## ယာဉ်အချက်ပြစနစ်မှန်ကန်ရေးနှင့် သတ်မှတ်မြန်နှုန်းမောင်းနှင်ရေးပညာပေး

**သထုံ ဇွန် ၂၃**

မွန်ပြည်နယ် သထုံမြို့နယ် မြေနီကုန်းကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်၌ ဇွန်လ ၂၂ ရက်က မော်တော်ယာဉ် မောင်းနှင်သူများ သတ်မှတ်အမြန်နှုန်းထက်ပိုမောင်းနှင်ခြင်း မရှိစေရေးအတွက် အမြန်နှုန်းတိုင်းကိရိယာဖြင့် စစ်ဆေးပြီးမှားယွင်းစွာ အသုံးပြုနေသည့် အချက်ပြစနစ်များမှန်ကန်ရေး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယာဉ်အရေအတွက် ပိုမိုများပြားလာမှုနှင့်အတူ ယာဉ်စည်းကမ်းလိုက်နာမှုအားနည်းနေသောကြောင့် မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားလျက်ရှိသဖြင့် ပညာပေးအစီအစဉ်များကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းက ပြောသည်။

သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်ခြင်းမရှိစေရေးကို ဇူလိုင် ၃၁ ရက် အထိနှင့် အချက်ပြမီးစနစ်မှန်ကန်ရေးကို ဩဂုတ်လ ၃၁ ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ထားပြီး ယင်းကာလလွန်ပါက စည်းကမ်းမလိုက်နာသော ယာဉ်များကို မော်တော်ယာဉ် ဥပဒေများဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတင့်အား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၃**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့ နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **(မိုး/ဇလ)**

### ထင်သာမြင်သာ ပြုပြင်စရာ

## တပ်ကုန်းမြို့ ဗိုလ်ချုပ်လမ်းမပေါ် ရောင်းဝယ်ဖောက်ကားနေသည့် ဈေးသည်များကို စနစ်တကျနေရာချထားပေးစေလို

နေပြည်တော် တပ်ကုန်းမြို့ မြို့မဈေးကြီး၏ မြောက်ဘက်တွင် ပုံကျဈေးသစ်ကို မတ်လ၌ စတင်ဆောက်လုပ်ခဲ့ရာ ယင်းနေရာမှ ဈေးသည်များအား ဗိုလ်ချုပ်လမ်းမပေါ်တွင် ယာယီနေရာပေး၍ ရောင်းချစေခဲ့သည်။

ဆောက်လုပ်သည့် ကာလလေးလကျော်ကြာမြင့်လာပြီး ကွန်ကရစ်လုပ်ငန်းပြီးစီးနေပြီဖြစ်သော်လည်း ဈေးသည်များအား ပြန်လည်နေရာချပေးခြင်းမရှိသေးသောကြောင့် ဈေးသည်များသည် ဗိုလ်ချုပ်လမ်းနှင့်အောင်စိုးမိုးလမ်းမများပေါ် တက်ရောက်ပိတ်ဆို့ရောင်းချနေကြရပြီး လမ်းသွားလမ်းလာ၊ ဈေးဝယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆိုင်ကယ်၊ ဆိုက်ကား၊ စက်ဘီးများဖြင့် မိုးတွင်းကာလတွင် အခက်အခဲများစွာ ဖြစ်နေသည်။ အရေးပေါ်ကားများ ဝင်ထွက်ရန်မလွယ်ကူသဖြင့် ဗိုလ်ချုပ်လမ်းမကြီးကို အမြန်ဆုံးရှင်းလင်းပေးပါရန်နှင့် ပုံကျဈေးသည်များလည်း အဆင်ပြေစွာရောင်းချနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြစေလိုကြောင်း ဈေးရောင်း ဈေးဝယ်နှင့် လမ်းအသုံးပြုသူများက လိုလားလျက်ရှိကြသည်။



**တင်ထွန်းတာ(တပ်ကုန်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၃-၆-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၁၅/၇၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၇၁၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၁၈ ·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၃ ·၃၉ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၁၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၅ |
| တရုတ် | တစ်ယွမ် | ၁၉၉ ·၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ ·၆၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ ရှေ့ဖုံးမှ

ဥက္ကဋ္ဌ ဦးဆက်အောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**အချိန်ယူဆောင်ရွက်**

ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အစည်းအဝေးကျင်းပရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးတွင် အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ပေးရာမှ တစ်တိုင်းပြည်လုံး၏ စီးပွားရေးကိုတိုးတက်စေပြီး ပြည်သူများ၏ လူမှုစီးပွားဘဝကိုပါ တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်တွေ့ဆုံဆွေးနွေးခဲ့ရာ ယခုဆိုလျှင် သတ္တမအကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင် တွေ့ဆုံဆွေးနွေးပွဲ (၆)ကြိမ်၌ စီးပွားရေးလုပ်ငန်းရှင်များမှ တင်ပြသည့် အကြံပြုချက် စုစုပေါင်း (၉၁) ချက်ရှိပြီး ယင်းအကြံပြုချက် (၉၁) ချက်အား မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံသို့ ပြန်ကြားခဲ့ပြီးဖြစ်ပါကြောင်း၊အချို့အချက်များမှာ ဥပဒေနှင့်ပတ်သက်ဆက်နွှယ်နေသည့် အချက်များဖြစ်သဖြင့် အချိန်ယူ၍ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းဆွေးနွေးစဉ်



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှင်းလင်းဆွေးနွေးစဉ်



မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ရှင်းလင်းဆွေးနွေးစဉ်

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေးများကို နှစ်လတစ်ကြိမ်နှင့် မဏ္ဍိုင်ငါးရပ်ကို တာဝန်ယူထားကြသည့် သက်ဆိုင်ရာလုပ်ငန်းကော်မတီငါးခု၏ အစည်းအဝေးကို တစ်လတစ်ကြိမ် ကျင်းပလျက်ရှိကြောင်း၊ ယခုဆိုလျှင် ကော်မတီအစည်းအဝေးသုံးကြိမ်နှင့် လုပ်ငန်းကော်မတီအစည်းအဝေး (၂၅)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင်လည်း ပုဂ္ဂလိကကဏ္ဍ၏ တင်ပြချက်များအပေါ် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီငါးရပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ တစ်ပါတည်းတက်ရောက်လျက်ရှိကြောင်း၊ တွေ့ဆုံဆွေးနွေးမှုမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ တင်ပြလာသည့် အခက်အခဲများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်သကဲ့သို့ အချို့အချက်များကိုမူ ကော်မတီမှ တစ်ဆင့် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

**ချိတ်ဆက်ဆောင်ရွက်**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ လုပ်ငန်းကော်မတီအလိုက် ခြောက်လအတွင်း ဦးစားပေးအကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကွင်းဆင်းဆောင်ရွက်မည့်အစီအစဉ်များအရ "မေလအတွင်းတွင် ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ"သည် မန္တလေးတိုင်းဒေသကြီးတွင် လည်းကောင်း "အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးလုပ်ငန်းကော်မတီ" သည် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လည်းကောင်း နှီးနှောဖလှယ်ပွဲများပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာစေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဦးဆောင်၍ "ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင်(UNESCAP)(နေ)Dana Facility,UK aid" တို့၏ နည်းပညာ၊ ငွေကြေးအထောက်အပံ့ဖြင့် "မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးလေ့ကျင့်သင်ကြားမှု" အလုပ်ရုံဆွေးနွေးပွဲကို အောက်မြန်မာပြည်အတွက် ကရင်ပြည်နယ် ဘားအံမြို့နှင့် အထက်မြန်မာပြည်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တို့တွင် ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း။

**ကျေနပ်ဖွယ်တွေ့ရှိ**

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် ပြည်ပရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုသည် ကျပ် ၅၀၀ ဘီလီယံကျော်ရှိခဲ့ပြီး နှစ်လခွဲကျော်ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံလာသည့်အတွက် အားရကျေနပ်ဖွယ်တွေ့ရှိရပါကြောင်း။

ယခုကဲ့သို့ ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ရာတွင် မူဝါဒသက်သက်ချမှတ်ရုံမဟုတ်ဘဲ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများ၏ အားနည်းချက်များကို စဉ်ဆက်မပြတ် သုံးသပ်ဝေဖန်ဆန်းစစ်ပြီး ပြင်ဆင်ပေးရသကဲ့သို့ စီးပွားရေးလုပ်ငန်းကဏ္ဍတစ်ခုချင်းအလိုက် အဓိကဦးဆောင်သူများနှင့်လည်း မကြာခဏထိတွေ့ပြီး အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုအကြား အဆက်အစပ်မိမိ၊ ဟန်ချက်ညီညီ ပူးပေါင်းလုပ်ဆောင်နိုင်ရန် ဆောင်ရွက်ပေးနေခြင်းလည်းဖြစ်ပါကြောင်း၊ ယနေ့ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်းအကြံပြုကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတို့က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

**အကြံပြုတင်ပြ**

ဆက်လက်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးပြောကြားပြီး နယ်စပ်ဒေသ ကုန်သွယ်မှုတိုးမြှင့်ရေးကဏ္ဍအတွက် ကုန်သည်စက်မှုအသင်းချုပ် နယ်စပ်ဒေသ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းနှင့် ချင်းပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။ ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်

**ရန်ကုန် ဇွန် ၂၃**

မီဒီယာလောက လွတ်လပ်ခွင့်များအပါအဝင် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးများကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ ပြောကြားလိုက်သည်။

ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ၃၅ လမ်းရှိ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီရုံးခန်း၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် **(ယာပုံ)** ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ်စာရင်း ဇယားများအရ အဆင့် ၁၃ အထိ တိုးတက်မှုရှိသည်ဟု နိုင်ငံတကာက သုံးသပ်ခဲ့ကြောင်း၊ လာမည့်နှစ်များတွင် ယခုထက်မက တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သင့်သည်ဟု ထင်မြင်ပါကြောင်း၊ တိုးတက်အောင်ဆောင်ရွက်ရာတွင် သတင်းမီဒီယာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ဓလေ့ထုံးစံ၊ သတင်းသမားများ၊ မီဒီယာအဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ မီဒီယာအဖွဲ့အစည်းများ၏ မီဒီယာလွတ်လပ်ခွင့်တိုးတက်ဆောင်ရွက်မှုများအပေါ်မှာ ပိုပြီးမူတည်ပါကြောင်း၊ မီဒီယာအသင်းအဖွဲ့များတွင် သတင်းမီဒီယာကောင်စီသည် မီဒီယာလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် မီဒီယာလောက ဖွံ့ဖြိုးတိုးတက်မှုများကို လာမည့်နှစ်များတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန် အကြံပြုလိုပါကြောင်း၊ ဆောင်ရွက်သည့်အခါတွင်လည်း မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မီဒီယာလောကဖွံ့ဖြိုးတိုးတက်ရေး၊ မီဒီယာဥပဒေဆိုင်ရာအချက်များ၊ သတင်းအချက်အလက်ရယူနိုင်ခွင့်၊ မီဒီယာသမားများအား လေ့ကျင့်ပျိုးထောင်ပေးရေး၊ မီဒီယာများနှင့်ပတ်သက်၍ တိုင်ကြားမှုများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂနှင့် မြန်မာဂျာနယ်လစ်ကွန်ရက်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးအမှာစကားပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂနှင့် မြန်မာဂျာနယ်လစ်ကွန်ရက်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များက သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ လိုအပ်ချက်များနှင့် ၎င်းအဖွဲ့အစည်းများ၏ လက်ရှိဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

တွေ့ဆုံပွဲတွင် သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် သတင်းမီဒီယာလွတ်လပ်ခွင့် ပိုမိုတိုးတက်ရေး၊ သတင်းရယူမှုနှင့်သတင်းဖော်ပြမှုဆိုင်ရာကိစ္စရပ်များ၊ သတင်းမီဒီယာဥပဒေနှင့် သတင်းစာဆရာများ၏ ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - လှမိုး**




✻ ရှေ့ဖုံးမှ

ပထမအဆင့် အသံစစ်ဆေးခြင်းကို တီးလုံးသံမပါဘဲ အသံသက်သက်ဖြင့် နှစ်သက်ရာသီချင်းတစ်ပုဒ်ကို သီဆိုပြရမည်ဖြစ်ပြီး အသံစစ်ဆေးမှု အောင်မြင်သူများအနေဖြင့် ဒုတိယအဆင့်တွင် တူရိယာတစ်မျိုးမျိုးဖြင့် ကိုယ်တိုင်တီးခတ်၍လည်းကောင်း၊ သို့မဟုတ် အခြားသူ၏တီးခတ်မှုဖြင့် လည်းကောင်း ထပ်မံသီဆိုယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဒုတိယအဆင့်တွင် ထပ်မံရွေးချယ်ခံရသူများအနေဖြင့် တီးဝိုင်း(Full Band)ဖြင့် မိမိနှစ်သက်ရာ သီချင်းတစ်ပုဒ်ကို သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၎င်းပွဲစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည် ဖြစ်သည်။

မြို့အလိုက် ရွေးချယ်ခံသူများသည် ဒုတိယအဆင့် (Level-2)တွင် သတ်မှတ်ပြဋ္ဌာန်းထားရှိသည့် ငြိမ်းချမ်းရေးသီချင်းများကို သီဆိုယှဉ်ပြိုင်ရမည်ဖြစ်သည်။ ၎င်းတို့ထဲမှ လက်ရွေးစင် ၁၀ ဦးကို ရွေးချယ်ကာ တတိယအဆင့် (Level-3)ကို ငြိမ်းချမ်းရေး သီချင်းသစ်များဖြင့် သီဆိုယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပရိသတ်၏ Voting စနစ်နှင့် အကဲဖြတ်များ၏အမှတ်ပေးစနစ်တို့ ပေါင်းစပ်ကာ နောက်ဆုံး ဆန်ခါတင်သုံးဦးကို ရွေးချယ်မည်ဖြစ်သည်။ Grand Final တွင် ဆန်ခါတင်သုံးဦးအား သီဆိုယှဉ်ပြိုင်စေပြီး ပရိသတ်၏ Voting စနစ်၊ အကဲဖြတ်များ၏ အမှတ်ပေးစနစ်တို့ဖြင့် ပထမ၊ ဒုတိယ၊ တတိယဆုများရွေးချယ်ချီးမြှင့်မည်ဖြစ်ပါသည်။ ဆုကြေးငွေများအဖြစ် ပထမဆု ငွေကျပ်သိန်း ၃၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၀၊ တတိယဆု ငွေကျပ်သိန်း ၁၀၀ နှင့် နှစ်သိမ့်ဆု ခုနစ်ဆုအတွက် ငွေကျပ်သိန်း ၃၀ စီ ချီးမြှင့်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) သီချင်းဆိုပြိုင်ပွဲနှင့် ပတ်သက်ပြီး အကြောင်းအရာအပြည့်အစုံနှင့် Update သတင်းအချက်အလက်များကို Peace Music Festival Page(www.facebook.com/peacemusicfestival)တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင်လယ်နက်ရေတပ်စခန်းဌာနချုပ်ပြတိုက်၌ ကြည့်ရှုလေ့လာ

**နေပြည်တော်  ဇွန်  ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန် ၂၂ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Sevastopol မြို့ရှိ Archestrakyigar Mehailar ခရစ်ယာန်ဘုရားကျောင်းသို့ သွားရောက်လေ့လာပြီး ဘုရားကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး Balaklava မြို့ရှိ Fortification and Engineering Installtions Museum သို့ရောက်ရှိလေ့လာကြရာ ပြတိုက်တာဝန်ခံက ဆိုဗီယက်ခေတ်တွင် ရေငုပ်သင်္ဘောများ နျူကလီးယားဗုံးဒဏ်ခံနိုင်ရန်အတွက် တည်ဆောက်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဆိုဗီယက်ခေတ်မှ ယနေ့ကာလအထိ အသုံးပြုခဲ့သည့် ရေငုပ်သင်္ဘောများ၏ အကြောင်းအရာများနှင့် ဥမင်တူးမြောင်းတည်ဆောက်ထားမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥမင်တူးမြောင်းအတွင်းရှိ ပြခန်းများအား လိုက်လံကြည့်ရှုလေ့လာကြသည်။

ထို့နောက် Balaklava မြို့ကမ်းနားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုလေ့လာကြပြီး Sevastopol မြို့ရှိ ပင်လယ်နက်ရေတပ်စခန်းဌာနချုပ်ပြတိုက်ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ပင်လယ်နက်ရေတပ်စခန်းပြတိုက်အတွင်း ပင်လယ်နက်ရေတပ်စခန်းဌာနချုပ်မှ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် စစ်သင်္ဘောများ၊ စစ်လက်နက်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင်လယ်နက်ရေတပ်စခန်းဌာနချုပ်ပြတိုက်၌ ကြည့်ရှုလေ့လာစဉ်



## လေယာဉ်ပျက်ကျရာတွင် ပါဝင်သွားသူများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော်  ဇွန်  ၂၃**

ပျက်ကျခဲ့သော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၂၅၅ သိန်းကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ယနေ့မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံသည်။ **(အပေါ်ပုံ)**

အလားတူ ပျက်ကျခဲ့သော လေယာဉ်တွင် ပါဝင်သွားသူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကို ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက လည်းကောင်း၊ ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀၁) ကျောင်းဆင်း အရာရှိများကိုယ်စား ဒုတိယရဲမှူးကြီး ဝင်းမြင့်က လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လေယာဉ်ပျက်ကျရာတွင်ပါဝင်သွားသော ကျန်ရစ်သူမိသားစုအား အလှူငွေပေးအပ်

**မိုးကောင်း  ဇွန်  ၂၃**

ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်ခဲ့သည့် မြိတ်လေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးအောင်ကိုကို၏ ကျန်ရစ်သူမိသားစုအား အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မိုးကောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၃ ရက်နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းက မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ရန်ကုန်မြို့နေ အလှူရှင် ဦးမောင်ကြီး ဒေါ်တင်တင်အုံး မိသားစု (မြင့်ထွန်းဦး ကျောက်စိမ်း၊ ကျောက်မျက်ကုမ္ပဏီ)မှ လှူဒါန်းငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ကျန်ရစ်သူမိသားစုမှ ဇနီးဖြစ်သူ ဒေါ်အိသဥ္ဇာခိုင်က လက်ခံယူခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



## တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော်  ဇွန်  ၂၃**

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ဇွန် ၂၂ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၁၅ ခုနှစ်မှ စတင်အသက်ဝင်ခဲ့သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နည်းဥပဒေတစ်ရပ် အမြန်ဆုံးပေါ်ထွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် မတူကွဲပြားခြားနားသည့် တိုင်းရင်းသားလူမျိုးများ အတူတကွ ယှဉ်တွဲနေထိုင်သည့် နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ အပြည့်အဝရရှိခံစားနိုင်ရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ထိခိုက်နစ်နာမှုများနှင့် တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသား လူမျိုးစုများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းနိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေသည် များစွာအထောက်အကူပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအကြိမ်မြောက် အစည်းအဝေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မူဝါဒသဘောတူညီချက် ၃၇ ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာဖြစ်သည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့အတွက် တိုင်းဒေသကြီး/ပြည်နယ်များသို့ အာဏာခွဲဝေရေးမူကို သဘောတူညီချက်ရရှိခဲ့သဖြင့် တိုင်းရင်းသားပြည်သူများအားလုံး မျှော်လင့်နေသည့်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ထွက်လာနိုင်ရေး လမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန အောက်တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ဦးစီးဌာနရုံးများကို ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရုံးများတွင်လည်း ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တိုင်းရင်းသားရေးရာကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် တိုင်းရင်းသား အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဇွန် ၂၃ ရက်အထိ ဆက်လက်ကျင်းပခြင်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို Royal President Hotel နေပြည်တော်၌ ယခုနှစ် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကျင်းပခဲ့သည်။

**(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

မန္တလေးမြို့မှ မြန်မာဘောလုံးပရိသတ်များ ကြည့်ရှုအားပေးရကျိုးနပ်မည့်ခြေစမ်းပွဲဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ လက်ကျန်ပွဲများအဖြစ် စက်တင်ဘာ ၅ ရက်တွင် ကာဂျစ္စတန်နှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် အိန္ဒိယအသင်းနှင့် အဝေးကွင်း၊ ၂၀၁၈ ခုနှစ် မတ် ၂၇ ရက်တွင် မကာအိုအသင်းနှင့် အိမ်ကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ် မကစားရမီတိုင်းတွင် နိုင်ငံတကာခြေစမ်းပွဲများ ကစားလျက်ရှိသော်လည်း ဆီးဂိမ်းပြိုင်ပွဲမှာ ဩဂုတ်လကုန်ပိုင်းမှပြီးဆုံးမည်ဖြစ်သောကြောင့် စက်တင်ဘာလဆန်းပိုင်းတွင် ကစားရမည့် ကာဂျစ္စတန်နှင့် အဝေးကွင်းပွဲမတိုင်မီ ခြေစမ်းပွဲ ကစားတော့မည်မဟုတ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်တွင် နိုင်ငံတကာခြေစမ်းပွဲ ငါးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး သုံးပွဲကစားထားပြီးဖြစ်ကာ နှစ်ပွဲကစားရန်ကျန်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၃ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် အဝေးကွင်း၊ ဇွန် ၆ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်း၊ ဇွန် ၉ ရက်တွင် စင်ကာပူကလပ် နီဂါတာအသင်းနှင့် အဝေးကွင်းခြေစမ်းပွဲများယှဉ်ပြိုင်ကစားခဲ့ပြီး အင်ဒိုနီးရှားကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ စင်ကာပူနှင့် တစ်ဂိုးစီသရေ၊ နီဂါတာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ့ လက်ရွေးစင်အသင်းသည် အောက်တိုဘာတွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ကစားမည်ဖြစ်ပြီး နိုဝင်ဘာ ၉ ရက်တွင် ကမ္ဘောဒီးယား လက်ရွေးစင်အသင်းနှင့် အဝေးကွင်းခြေစမ်းပွဲ ထပ်မံကစားရန် သဘောတူညီမှုရထားသည်။ မြန်မာအသင်းနှင့်ထိုင်းအသင်းသည် ၂၀၁၆ ဆုဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် နောက်ဆုံးတွေ့ဆုံခဲ့ပြီး မြန်မာအသင်းက ပထမအကျော့အိမ်ကွင်းတွင် နှစ်ဂိုး-ဂိုးမရှိ၊ ဒုတိယအကျော့ အဝေးကွင်းတွင် လေးဂိုး-ဂိုးမရှိဖြင့် နှစ်ကျော့စလုံး ရှုံးနိမ့်ခဲ့သည်။

# ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိတ်စိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၇ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိတ်စိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရုံး၏ ပရိဝုဏ်အပြင်ဘက်ရှိ တစ်ဖက်လျှိုပိတ်ဆည်၌ ငါးမျိုးစိတ်စိုက်ထည့်ပွဲအခမ်းအနားကို စတင်ကျင်းပသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက လျှိုပိတ်ဆည်အတွင်းသို့ ငါးသားပေါက်များအား စိုက်ထည့်ပေးပြီး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက ငါးသားပေါက်များ စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ယခုနှစ် မိုးရာသီတွင် အရိပ်ရလေကာပင် အပါအဝင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ၊ မဲဇလီ၊ စိန်ပန်းကြီး၊ စန္ဒကူး၊ ပန်းမဲဇလီ၊ ရေတမာ၊ တမာ၊ ကုက္ကို စသည့် အပင်ပေါင်း ၁၁၀၀ ကျော်ကို စိုက်ပျိုးခဲ့ပြီး တစ်ဖက်လျှိုပိတ်ဆည်အတွင်းသို့လည်း ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၆၀၀၀ စိုက်ထည့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






# မြန်မာနှင့် အီတလီ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဇွန် ၂၂ ရက် နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H.E. Mr. Pier Gior gio ALBERTI နှင့် အီတလီနိုင်ငံအခြေစိုက် Danieli ကုမ္ပဏီမှ တာဝန်ရှိသူများအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အီတလီနိုင်ငံအကြား ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းများ၊ Danieli ကုမ္ပဏီမှ မြင်းခြံမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် သံမဏိစက်ရုံ စီမံကိန်းကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ပင်လယ်ပြင်တွင် မိုးသက်လေပြင်းကျပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဇွန် ၂၃** - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ရှစ်ပေခန့်၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**(မိုး/ဇလ)**

# မြန်မာနှင့် တူရကီ တိုက်ရိုက်လေကြောင်းပြေးဆွဲရန် သဘောတူစာချုပ်

**ရန်ကုန် ဇွန် ၂၃**

မြန်မာနိုင်ငံနှင့် တူရကီနိုင်ငံတို့ အကြား နှစ်နိုင်ငံလေကြောင်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇွန် ၂၂ ရက်က ရန်ကုန်မြို့ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ မြန်မာနိုင်ငံဆိုင်ရာ တူရကီ သံအမတ်ကြီး H.E. Mr. Kerem ၊ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် တူရကီသံရုံး(ရန်ကုန်)မှ အရာထမ်းများ၊ မြန်မာနိုင်ငံ လေကြောင်းလိုင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




အဆိုပါအခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးတို့က အဖွင့်မိန့်ခွန်းများပြောကြားကြပြီး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ယာပုံ)**"ဒီသဘောတူစာချုပ်က နှစ်နိုင်ငံအကြား လေကြောင်းပို့ဆောင်မှုတွေ ဖြစ်ထွန်းပေါ်ပေါက်လာစေဖို့ ကဏ္ဍသစ်ဖွင့်လှစ်ပေးလိုက်တာ ဖြစ်ပါတယ်။ တူရကီလေကြောင်းလိုင်းများအား မြန်မာနိုင်ငံသို့ လေကြောင်းခရီးစဉ်တွေ ပျံသန်းနိုင်ဖို့ ကြိုဆိုပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာ လေကြောင်းလိုင်းတွေအနေနဲ့ တူရကီလေကြောင်းလိုင်းတွေ စတင်ပျံသန်းချိန်မှာ လေကြောင်းလိုင်းအမှတ်တံဆိပ် ပူးတွဲပျံသန်းမှုအစီအစဉ်တွေ ပြုလုပ်ပျံသန်းဖို့လည်း တိုက်တွန်းပါတယ်" ဟု ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောသည်။

"တူရကီ လေကြောင်းလိုင်းတွေ မြန်မာနိုင်ငံကို အမြန်ဆုံးပျံသန်းသွားနိုင်ဖို့ တိုက်တွန်းသွားမှာဖြစ်ပါတယ်" ဟု တူရကီ သံအမတ်ကြီး က ပြောသည်။

တူရကီ လေကြောင်းလိုင်းသည် လေယာဉ်အစင်း ၃၄၀ ကျော်ရှိပြီး တခြားနိုင်ငံတကာ လေကြောင်းလိုင်းများနှင့် နှိုင်းယှဉ်ပါက ကမ္ဘာ့အနှံ့အပြားရှိ မြို့နှင့်နိုင်ငံအများဆုံးသို့ ပျံသန်းသည့် လေကြောင်းလိုင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် အဆိုပါလေကြောင်းလိုင်းသည် ဥရောပ၏ အကောင်းဆုံး လေကြောင်းလိုင်းဆုကို ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ခြောက်နှစ် ဆက်တိုက် ရရှိခဲ့ကြောင်းလည်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဖက်ဒရယ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ မကွေး၌ ကျင်းပ

**မကွေး ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ထိန်ထိန်သာဟိုတယ်တွင် ခရိုင်အလိုက် ဖက်ဒရယ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၉ ရက်မှ ဇွန် ၂၂ ရက်အထိ လေးရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ( U.S.A.I.D), Forum of Federation & PANNA Institute တို့ ပူးပေါင်းပါဝင်ပံ့ပိုးမှုဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် ဖက်ဒရယ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ (C.S.O)(အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းများ)၊ ချောက်၊ ရေနံချောင်း၊ နတ်မောက်၊ မြို့သစ်၊ မကွေး၊ တောင်တွင်းကြီးမြို့နယ်များမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ မေတ္တာစမ်းရေငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ချင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီများမှ ကိုယ်စားလှယ်များ၊ ထနောင်းရင်ခွင်စာပေဝိုင်းမှ စာရေးဆရာနှင့် ကဗျာဆရာများ၊ စာရေးဆရာသမဂ္ဂ (မကွေး)မှ စာရေးဆရာများ တက်ရောက်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းမှာ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ပတ်သက်မည့် ပုဂ္ဂိုလ်များ၏ စွမ်းဆောင်ရည်ပိုမိုအားကောင်း ဖွံ့ဖြိုးလာစေရန် ကူညီပံ့ပိုးခြင်းဆိုင်ရာ စီမံကိန်းအရ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# ချင်းတွင်းမြစ်ရေလမ်းကြောင်းကောင်းလာသည့်အတွက် ဇွန် ၂၂ ရက်မှစ၍ သင်္ဘောခရီးစဉ်ပြေးဆွဲ

**မုံရွာ ဇွန် ၂၃**

ချင်းတွင်းမြစ်ရေတက်၍ ရေလမ်းကြောင်း ကောင်းမွန်လာသောကြောင့် ပြည်တွင်းရေကြောင်းမှ ၁၄၇ မိုင်ရှိ မုံရွာ-ကလေးဝ ခရီးစဉ်ကို ဇွန်၂၂ ရက်မှ စတင်၍ အပတ်စဉ် ကြာသပတေးနေ့တိုင်း ချမ်းသာသင်္ဘောဖြင့် ထွက်ခွာပေးနေပြီဖြစ်ကြောင်း မုံရွာမြို့ ပြည်တွင်းရေကြောင်းချင်းတွင်းဌာနခွဲ တာဝန်ရှိသူထံမှ သိရသည်။

"မုံရွာ-ကလေးဝ အဆန်ခရီးက တစ်ညအိပ် နှစ်ရက်ကြာပါတယ်။ လူစီးခအဖြစ် တစ်ဦးကို ရေမိုင်တစ်မိုင်ကို ရိုးရိုးတန်းက ငွေကျပ် ၂၀ နဲ့ အထူးတန်းက ငွေကျပ် ၄၀ နှုန်း သတ်မှတ်ပြီး တွက်ယူတယ်" ဟု ချင်းတွင်းဌာနခွဲ တာဝန်ရှိသူက ပြောသည်။

ကြာသပတေးနေ့တိုင်းထွက်မည့် သင်္ဘောခရီးစဉ်ကို နံနက်အစောပိုင်းတွင် စတင်ထွက်ခွာပေးခြင်းဖြစ်ပြီး သင်္ဘောခရီးစဉ်၏ အဓိကအားထားရသော ခရီးသည်အင်အားကို မင်းကင်းမြို့မှ အများဆုံးရခြင်းဖြစ်သည်။ မုံရွာမှ ဝယ်လိုသည့်ကုန်များကို ဝယ်ယူကာ မင်းကင်းတွင် ပြန်လည်ရောင်းချပြီး အစုန်ခရီးတွင် မုံရွာသို့ ဈေးဝယ်ပြန်လိုက်လာသောကြောင့် မင်းကင်းနှင့် မုံရွာ-ကလေးဝလမ်းတစ်လျှောက် လိုက်မည့်ခရီးသည်များအနေဖြင့် ရေကြီးရာသီကို မျှော်လင့်လေ့ရှိကြကြောင်း ချင်းတွင်းတစ်လျှောက် စုန်ဆန်ကုန်ကူးနေသူ တစ်ဦးက ပြောသည်။

မုံရွာ-ကလေးဝ ပြေးဆွဲသော ချမ်းသာသင်္ဘောသည် ခရီးသည် ၄၀၀ ကျော်တင်ဆောင်နိုင်သော်လည်း လိုက်ပါသည့် ခရီးသည်မှာ အများဆုံး ၁၈၀ နှင့် ၂၀၀ ကြားသာ ရှိကြောင်း ပြီးခဲ့သည့်နှစ် ခရီးစဉ်များနှင့် နှိုင်းယှဉ်သုံးသပ်ထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မွေးမြူရေးဆိုင်ရာ ရောဂါကာကွယ်တားဆီးရေးသင်တန်းဆင်း

**နေပြည်တော် ဇွန် ၂၃**

၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်သင်တန်း စီမံချက်အရ လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁) နန်ချွန်တွင် ကျင်းပသော မွေးမြူရေးဆိုင်ရာ ရောဂါကာကွယ်တားဆီးရေး သင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြန်မာ့သစ်လုပ်ငန်းစီမံကိန်းနှင့် စာရင်းအင်းဌာနအောက်ရှိ လေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တောင်ငူခရိုင် သစ်ထုတ်လုပ်ရေး ဒေသတာဝန်ခံ လက်ထောက် အထွေထွေမန်နေဂျာ ဦးဝင်းနိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးနှင့် တိုင်း/ခရိုင်အဆင့် ဌာနဆိုင်ရာများ သင်တန်းကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းမှာ နိုင်ငံတော်အတိုင်ပင်ခံရုံးမှ ညွှန်ကြားချက်အရ ပထမဆုံး အကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ သုံးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘယ်ဟာအမှန်လဲ

— — ရန်ပါယ် — —

**ယနေ့ ကမ္ဘာပေါ်တွင် ကျယ်ကျယ်လောင်လောင်ဖြစ်နေသော ကိစ္စရပ်နှစ်ခုရှိသည်။ တစ်ခုမှာ အကြမ်းဖက်မှုပြဿနာဖြစ်ပြီး တစ်ခုမှာ ရာသီဥတုပြောင်းလဲခြင်း ပြဿနာဖြစ်ပါသည်။ အဆိုပါ ကိစ္စရပ်နှစ်ခုစလုံးသည် ကမ္ဘာ့လူသားဖြစ်တည်မှုကို အန္တရာယ်ဖြစ်စေသည်ဟုလည်း ပြောနေကြသည်။ တစ်ဖက်ကလည်း အဆိုပါပြဿနာ၏အရင်းအမြစ်များကို သိလျက်နှင့် မရောင်ရာဆီလူးနေသည်က ပိုများသည်ဟု ထင်မြင်မိသည်။ မည်သို့ဆိုစေ ကမ္ဘာကြီး၏ဖြစ်တည်မှုနှင့် လူသားတို့၏ဖြစ်တည်မှုသည် အကောင်းအဆိုးအကြောင်းအကျိုးဆက်စပ်လျက်ရှိနေဦးမည်သာဖြစ်သည်။**

ရာသီဥတုပြောင်းလဲခြင်း (တစ်နည်း) ကမ္ဘာမြေ ပူနွေးလာခြင်းကြောင့် သဘာဝဘေးဒဏ်များ ဖြစ်လာသည်မှာ ငြင်း၍မရသောကိစ္စဖြစ်ပါသည်။ ဘာကြောင့် ပူနွေးလာသလဲ၊ ဘယ်သူတွေကြောင့် ပူနွေးလာရသလဲဆိုတာကိုတော့ ဆင်ဖွေ့ ရန်ရှောင် ပြောကြပေလိမ့်မည်။ ၁၈ ရာစု၊ ၁၉ ရာစုစက်မှုတော်လှန်ရေးများ အစပြုသည်မှစ၍ စက်မှုလုပ်ငန်းကြီးများ တစ်ခေတ်ဆန်းစေခဲ့သည်။ အဆိုပါစက်မှုလုပ်ငန်းကြီးများ လည်ပတ်နိုင်ရေးအတွက် စွမ်းအင်လိုအပ်ချက်ကို ကျောက်မီးသွေးဖြင့် ဖြည့်ဆည်းခဲ့သည်။ ယခု ၂၁ ရာစု သို့တိုင် ရောက်ခဲ့ပြီ။ အဆိုပါစက်မှုဖွံ့ဖြိုးပြီး ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၌ ကျောက်မီးသွေးမှ စွမ်းအင်ထုတ်လုပ် သုံးစွဲမှုကိုလျှော့ချရုံသာ ရှိသေးသည်။ သူတို့ မစွန့်လွှတ်နိုင်ကြသေးပေ။

သို့သော် ရာသီဥတုပြောင်းလဲခြင်းဆိုသည့် စာမျက်နှာအသစ်၌ သူတို့ပါဝင်ကပြနိုင်ရန်ရှေ့ဆောင်မှုများ ပြုလာခဲ့ကြပေပြီ။ ၁၉၉၇ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဂျပန်နိုင်ငံ ကျိုတိုမြို့၌ Kyoto Protocol ကို စတင်လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် သက်ဝင်လှုပ်ရှားစေခဲ့သည်။ အဓိကအကြောင်းအရာကတော့ ကမ္ဘာကြီးပူနွေးလာမှုအတွက် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးဖြစ်သည်။ အဲသည်အချိန်များမှ အစပြုခဲ့ရာ ၂၀၁၂ ဒီဇင်ဘာမှာတော့ Kyoto Protocol အား ပြင်ဆင်မှုကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ဆွေးနွေးဆောင်ရွက်ကြကာ ယင်းကိုဒိုဟာပြင်ဆင်ချက် (Doha Amendment) ဟုခေါ်ပါသည်။ ဆက်တိုက်ဆိုသလို ၂၀၁၅ ခုနှစ် နိုဝင်ဘာ / ဒီဇင်ဘာလများအတွင်း ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ကျင်းပတဲ့ (UNFCCC) (United Nations Framework Convention on Climate Change) ၏ COP 21 အစည်းအဝေးကြီးကနေ ပါရီသဘောတူညီချက်ကို ဆွေးနွေးခဲ့ကြပြီး ၂၀၁၆ ဧပြီ ၂၂ ရက်မှာ စတင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ယင်းကိစ္စရပ်များကို အစချီပြီး ပြောနေတာက အကြောင်းရှိပါသည်။ အထက်ဖော်ပြပါ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေက ငွေကြေးအကုန်အကျ အများကြီးခံကာ ဒီလိုသဘောတူညီချက်တွေ၊ ညီလာခံကြီးတွေကို ကျင်းပခဲ့တာ ဘာကြောင့်လဲ။ ဒီကိစ္စတွေရဲ့နောက်ကွယ်မှာ ပံ့ပိုးကူညီသူတွေက ဘယ်သူတွေလဲ။သူတို့က ဘာကြောင့်ကူညီနေတာလဲ။ သူတို့ရဲ့ ဦးတည်ချက်ကဘာလဲ၊ ဆိုတာတွေဟာ အင်မတန်စိတ်ဝင်စားစရာကောင်းပြီး ဆန်းစစ်လေ့လာစရာ ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲခြင်းကို ခြေရာခံကြည့်လိုက်လျှင် အဓိကတရားခံဟာ ထိုနိုင်ငံကြီးတွေဖြစ်ပြီး ပြောခဲ့သလို ညီလာခံကြီးတွေမှာ သူ့ထက်ငါပံ့ပိုးပြီး တောရမ်းမယ်ဘွဲ့တွေ ရွတ်ကြတာလဲ သူတို့တစ်တွေသာ ဖြစ်ပါသည်။ သူတို့ တစ်တွေလုပ်လာတာ ရာစုနှစ်ပေါင်းများစွာ ကြာနေပြီ။ ကျွန်တော်တို့နိုင်ငံကဲ့သို့ တတိယကမ္ဘာ့နိုင်ငံငယ်လေးတွေ၊ ကျွန်းစုနိုင်ငံလေးတွေကအခုမှဖွံ့ဖြိုးဖို့အားယူရမည်ဖြစ်ပါသည်။ အဲဒီ ညီလာခံကြီးတွေကနေ ဖော်ပြပါနိုင်ငံငယ်လေးများကို ညှိနှိုင်းတယ်လို့ ပြောပြီး အမိန့်မပေးရုံတမယ်ဖိနှိပ်သည်၊ စာချုပ်တွေမှာ အတင်းလက်မှတ်ထိုးရန်အတွက် စည်းရုံးသည်။ တစ်ကမ္ဘာလုံးရဲ့ ကိစ္စမှန်ပေမယ့် အခုမှမုန်လာဥလုပ်ပြီး သူတို့မဟုတ်သလို လုပ်ကြသည်။ Renewable ခေါ်တဲ့ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေ ကို ထိုပစ္စည်းထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေရဲ့နောက်ခံ အင်အားနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် သရုပ်ပြကြသည်၊ လက်ဆောင်တွေပေးသည်၊ သုံးပါသုံးပါ တစာစာနဲ့ သူတို့ ပစ္စည်းဘယ်လိုကောင်းကြောင်းပြောကြသည်။ ဒါတွေက ဘာတွေလဲဆိုတာ ထပ်ပြီး နောက်ကြောင်း လိုက်ကြည့်လိုက်တဲ့အခါမှာ အဲဒီ ကုမ္ပဏီတွေရဲ့ ကွန်ရက်တွေကနေပြီး တတိယကမ္ဘာ့နိုင်ငံများနဲ့ ကျွန်းစုနိုင်ငံငယ်များမှာ တမံမဆောက်ရေး၊ ကျောက်မီးသွေးမသုံးရေး (NO DAM/ NO COAL) ဆိုတဲ့ဆန္ဒပြမှုတွေဖြစ်အောင် ဒေသခံတက်ကြွလှုပ်ရှားသူတွေ နောက်မှာ ငွေထုပ် ပိုက်ပြီးရပ်နေတာကို တွေ့ရပါတော့သည်။

အဲဒီမှာ ချစ်တာလား၊ နှစ်တာလား စပြီးတော့ အဖြေပေါ်သလောက်ရှိသွားပြီ။ မြန်မာနိုင်ငံမှာ လက်ရှိဆောင်ရွက်နေတဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များဟု အမည် တပ်ထားသူများကတော့ အတော်များပါသည်။ ဒါပေမယ့် သူတို့ဟာတက်ကြွလှုပ်ရှားသူ အဆင့်ကနေ ဆက်မတက်နိုင်ခဲ့ကြပါဘူး။ သူတို့ဟာ ဖော်ပြပါနိုင်ငံကြီးများက ထုတ်ဝေတဲ့ မစားရဝခမန်းလိုလို၊ ကိုယ့်လိုရာကို ဆွဲခေါ်ရေးသားပြုစုထားသော စစ်တမ်းများ (Report) များကိုဖတ်၊ နယ်ပယ်တစ်ခုမှာ နာမည်ရတဲ့ပုံရိပ်ကိုယူပြီး ဟုတ်လေသယောင် ပြောနေကြပါတော့သည်။ တကယ့်စင်စစ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာရှင်များကို မြန်မာပြည်တွင် လက်ချိုးရေလို့ရပါသည်။ သူတို့ဟာ ထိခိုက်နိုင်ခြေ Impact ကို နားလည်သည်၊ Mitigation လို့ခေါ်တဲ့ ဘယ်လိုလျော့ပါးသက်သာအောင်လုပ်ရမလဲဆိုတာ နားလည်ကြသည်၊ Adaptation လို့ခေါ်တဲ့ လိုက်လျောညီထွေမှုပြုရေးကို နားလည်ကြသည်၊ Transparency လို့ခေါ်တဲ့ ပွင့်လင်းမြင်သာမှု ရှိကြသည်၊ ရိုးသားကြသည်။ နှစ်ပေါင်းများစွာ တံခါးပိတ်ထားလို့တိုင်းပြည်မှာ အသိအမြင်နည်းပါးမှု၊ ပညာရေးနိမ့်ပါးမှုတွေ ဖြစ်နေရတဲ့အထဲမှာ ရိုးသားသော ပြည်သူပြည်သားများကို "မှိုင်း" တိုက်ကြတာကတော့ အင်မတန်အရုပ်ဆိုးအကျည်းတန်တယ်လို့ ထင်ပါတယ်။

ဆက်ရလို့ရှိရင် အဲဒီ Renewable ထုတ်လုပ်တဲ့ ကုမ္ပဏီအဖွဲ့အစည်းကြီးတွေက ဘာလို့ဒီလိုလုပ်ကြသလဲဆိုတာကို မေးခွန်းထုတ်ရမှာပါပဲ။ ဒီနေရာမှာတော့ အချက်နှစ်ချက်က အဓိကကျပါတယ်။ ပထမအချက်ကတော့ လျှပ်စစ်စွမ်းအင်ကို ရေငတ်သလိုလိုချင်နေတဲ့ အာရှ၊ အာဖရိက၊ လက်တင်အမေရိကနဲ့ ကျွန်းစုနိုင်ငံငယ်များ (Archipelagos Countries) တွေမှာ ဈေးကွက်အကြီးကြီးရှိနေပြီး အဲဒီဈေးကွက်ဝေစုကို များများလိုချင်တာကြောင့်တစ်ချက်၊ ဒုတိယအချက်ကတော့ Renewable နည်းပညာဟာ အဆင့်ဆင့်တိုးတက်ပြောင်းလဲမှုမြန်ပြီး Efficiency စွမ်းဆောင်မှုကောင်းတဲ့ နည်းပညာအသစ်တွေ ရလာတဲ့အခါမှာ နည်းပညာအဟောင်းတွေနဲ့ ထုတ်လုပ်ထားပြီးဖြစ်တဲ့ ပစ္စည်းတွေကို ရောင်းချင်တာတစ်ချက်ကြောင့် ဖြစ်ပါသည်။ ဒါကြောင့်လည်း ထောင်ကိုမြင်လို့ရာကိုစွန့်ပြီး အထက်ဖော်ပြပါ ဖွံ့ဖြိုးဆဲနိုင်ငံငယ် လေးများ အပေါ် "စွမ်းအင်နယ်ချဲ့ခြင်း" ဆိုသော ကိုလိုနီလက်သစ် ပုံစံတစ်မျိုးကို ညင်သာစွာလုပ်ဆောင် အသက်သွင်းနေခြင်းပဲ ဖြစ်ပါသည်။ ဒါကို မြင်အောင်ကြည့်ဖို့လိုပါသည်။

မြန်မာနိုင်ငံမှာရော အခြေအနေ ဘယ်လိုတွေ ရှိနေလဲလို့ မေးလာလျှင် ကျွန်တော်ကတော့ ပွင့်လင်းမြင်သာမှုရှိစွာ ပွင့်ပွင့်လင်းလင်းပဲ ပြောလိုပါသည်။ မြန်မာနိုင်ငံဟာ လက်ရှိ မဂ္ဂါဝပ် ၃၀၀၀ ကျော် လောက်ပဲ ထုတ်ယူသုံးစွဲနေပေမယ့် တစ်နှစ်တစ်နှစ်ကို လျှပ်စစ်သုံးစွဲမှုဟာ ၃၀၀ မဂ္ဂါဝပ်ကနေ ၇၀၀ မဂ္ဂါဝပ်ကျော်အထိ မြင့်လာနိုင်မည့် ခန့်မှန်းချက်တွေ ရှိနေပါသည်။ ထို့အတူ လျှပ်စစ်စွမ်းအင်ဈေးကွက်အရ ပြန်ကြည့်မယ်ဆိုရင်လည်း "အပျိုစင်ကဲ့သို့ Like a Virgin" လို့ တင်စားရလောက်အောင်ကို ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းအကြီးကြီးရှိနေတဲ့ နိုင်ငံဖြစ်နေပါသည်။ ဒါကြောင့်လည်း ဆွေးနွေးခဲ့သလိုပဲ နေစွမ်းအင်၊ လေစွမ်းအင်နဲ့ ထုတ်လုပ်ချင်သူတွေက ရှေ့တံခါးပေါက်ကတစ်မျိုး၊ နောက်ဖေးပေါက်ကတစ်မျိုး၊ ခွေးတိုးပေါက်ကတစ်မျိုး၊ မြေလျှိုးမိုးပျံပြီး တစ်မျိုး ရောက်လာကြပြီး သွေးတိုးစမ်းကြပါတော့သည်။ အစိုးရအကူးအပြောင်းကာလမှာ မြင့်မားတဲ့ PPA (Power Purchase Agreement) တွေနဲ့ လုပ်ပိုင်ခွင့်ရရှိသွားတဲ့ နေစွမ်းအင်ထုတ်လုပ်ရေး ကုမ္ပဏီနှစ်ခု ရှိပါသည်။

ကျန်တာတွေကတော့ ဆက်ပြီးဆက်ပြီး နည်းမျိုးစုံနဲ့ ကြိုးစားနေကြဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံ အခြေအနေကို နည်းပညာရှုထောင့်က ပြောမယ်ဆိုရင် နေစွမ်းအင်က ထွက်လာတဲ့ လျှပ်စစ်ဟာ တည်ငြိမ်မှုမရှိပါဘူး။ (Millisecond) တိုင်းမှာ အပြောင်းအလဲ (Fluctuation) တွေရှိတဲ့အတွက် အခြေခံဝန်အား (Base Load) ကို ရေအားလျှပ်စစ်ကနေ မောင်းနှင်ရတဲ့နိုင်ငံအဖို့ နည်းပညာ အခက်အခဲအများကြီးရှိလာပါသည်။ နေဟာနံနက် ၁၁ နာရီ ကနေညနေ ၃ နာရီအထိ နိုဝင်ဘာကနေ ဧပြီလလောက်အထိပဲ သုံးစွဲလို့ရတဲ့ အတိုင်းအတာ ကန့်သတ်ချက်ရှိနေတဲ့ အခက်အခဲအတွက် နောက်ရံ (Back up) လုပ်ပေးဖို့အတွက်လုံလောက်တဲ့ အပူစွမ်းအင်စက်ရုံ (Thermal Plant) တွေ မရှိသေးဘူး။

နောက်တစ်ချက်က နေစွမ်းအင်ကောင်းကောင်းရတဲ့ နေရာတွေက မြန်မာပြည်မြောက်ဘက်ခြမ်းတွေမှာ ဖြစ်ပြီး အများဆုံး ၅၀ ရာခိုင်နှုန်း သုံးစွဲတာက ရန်ကုန်အနီး တစ်ဝိုက်ဖြစ်နေလေတော့ ကီလိုမီတာ ၄၀၀ လောက် Transmission Line & JU Stability ကို နေစွမ်းအင်စက်ရုံတွေက ထောက်ပံ့ပေးဖို့ဆိုတာ အခက်အခဲတစ်ခုဖြစ်ပြီး မိတ္ထီလာနဲ့ တောင်ငူနားမှာ ပိတ်ဆို့ကျပ်တည်းမှု (Bottle Neck) ဖြစ်နေတာကြောင့် ဓာတ်အားစနစ် (System) ငြိမ်အောင်ထိန်းဖို့ ခက်ခဲသွားမည် ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ မြေအလကား မရရှိမှုဘဲ ဖြစ်ပါသည်။ ခေတ်အမီဆုံးစနစ်တပ်ဆင်ထားတဲ့ Solar Farm တွေမှာ ၁ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ဖို့ မြေကြီး ၈ ဧကခန့် သုံးစွဲရတဲ့အတွက် မြေပိုင်ဆိုင်မှု အရှုပ်ထွေးဆုံး နိုင်ငံတစ်နိုင်ငံမှာ ဘယ်လိုရင်းနှီးမြှုပ်နှံမှုကို ကောင်းကောင်းနဲ့ ဈေးသက်သက်သာသာလုပ်လို့ရမလဲဆိုတာ သံသယရှိစရာ ကောင်းပါသည်။ သေချာတာကတော့ ထုတ်လုပ်မှုစရိတ်ကြီးတဲ့အတွက် ဓာတ်အားခဈေးကြီးမှာပါပဲ။ လေအားနှင့် ပတ်သက်တာတွေလည်း အလားတူ အခက်အခဲတွေ အများကြီးရှိပေမယ့် ထင်သာမြင်သာတစ်ခုကတော့ အဆိုပါလေရဟတ် ပစ္စည်းများသယ်ဖို့နဲ့ တည်ဆောက်ဖို့ စက်ယန္တရားတွေ သွားလာလို့အဆင်ပြေနိုင်မယ့် ခံနိုင်ဝန်ရှိတဲ့ လမ်းတံတားအကန့်အသတ်တွေပဲ ဖြစ်ပါတယ်။ ၀ ဒသမ ၅ မဂ္ဂါဝပ် ရှိတဲ့ လေရဟတ်တစ်စီးဆောက်နိုင်ဖို့၊ ပစ္စည်းသယ်ဖို့တန် ၃၀ နောက်တွဲယာဉ် ၁၀ စီး၊တန် ၆၀ နောက်တွဲယာဉ် ၄ စီးနဲ့ ယင်းတို့ကို တပ်ဆင်ဖို့တန် ၁၀၀ ကရိန်းတစ်စီး၊ ၂၀၀ တန် ကရိန်း နှစ်စီးလောက် အကြမ်းဖျင်းလိုအပ်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လမ်းတံတားခံနိုင်ဝန်သတ်မှတ်ချက်ကို လေ့လာကြည့်လျှင် ပိုပြီးသိသာထင်ရှားလာမှာဖြစ်ပါသည်။ လေအားကလည်း သေချာပေါက်ဈေးကြီးတာပါပဲ။ သုံးစွဲရန်အတွက် လေ့လာဆန်းစစ်မှုများအရ အများစုသည် Capacity Factor စွမ်းဆောင်ရည်ညွှန်းကိန်း ၂၀ ရာခိုင်နှုန်းခန့် သာရှိပြီး နည်းပညာမြင့်မားသော Renewable များတွင် ၄၀ ရာခိုင်နှုန်းခန့် အောက်တွင်သာ ရှိကြသည်။

လျှပ်စစ်စွမ်းအင်ကို နည်းလမ်းပေါင်းစုံသုံး၍ ထုတ်လုပ်ကြရာတွင် ဘယ်နည်းစနစ်က ကောင်းသည်၊ ဘယ်နည်းစနစ်က မကောင်းဟူ၍တော့ ပြောလို့မရပါ။ အရာရာသည် အကောင်းအဆိုးဒွန်တွဲလျက်ရှိကြသည်ဖြစ်၍ နိုင်ငံနှင့်ကိုက်ညီသည့် အရင်းအမြစ်ပေါင်းစပ်မှု (Generation Mix) ကို အခြေခံ၍သာ အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အလားတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေး (Sustainable Development) အတွက် တိုးတက် ဖွံ့ဖြိုးမှုနယ်ပယ်၊ စီးပွားရေးတွက်ခြေကိုက်မှု နယ်ပယ်၊ သဘာဝနှင့် လူမှု ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်နယ်ပယ်များကိုချိန်ညှိ၍ အကောင်းဆုံးကို ရွေးယူကြရမည်ဖြစ်ပါသည်။ မာစီးဒီးကားသည် အလွန့်အလွန်ကောင်းပါသည်၊ တိုယိုတာဆလွန်းကားသည် အလွန်ကောင်းပါသည်၊ လိုက်ထရပ်ကားသည် ကောင်းပါသည်၊ ဂျစ်ကားသည် သင့်ပါသည်၊ ထော်လာဂျီသည် ဈေးနည်း၍ အလုပ်ဖြစ်ပါသည်။ ကိုယ့်အိုးနှင့်ကိုယ့်ဆန်တန်သည်ကို ရွေးချယ်၍ စတင်အလုပ်လုပ်ပြီး အောင်မြင်လာလျှင် ပို၍ကောင်းသည်များကို ရွေးချယ်လာနိုင်မည် ရွေးချယ်ခွင့်ရှိလာမည် ဖြစ်ပါသည်။

တစ်ဖက်က ကြည့်လျှင်လည်း ၃၃ ရာခိုင်နှုန်းသော ပြည်သူများကသာ ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးသော သက်သာသည့် ဓာတ်အားကို သုံးစွဲနေရပြီး၊ ကျန် ၆၇ ရာခိုင်နှုန်းသော ပြည်သူများမှာ ဓာတ်အားစနစ်မှ ဓာတ်အားကို လုံးဝ သုံးစွဲ၍မရသေးသည့် အခြေအနေဖြစ်နေသည်။ အဆိုပါ ၃၃ ရာခိုင်နှုန်းသော ဓာတ်အားသုံးစွဲနေမှု၏ တစ်ဝက်သည် ရန်ကုန်မြို့ကြီး၌ နေထိုင်သူများ ဖြစ်သည်ဆိုတာကိုရော သိကြပါရဲ့လား။ ကျယ်ကျယ်လောင်လောင် ပြောနေသောစကားသံများမှ ခေတ္တသေွဖည်၍ တီးတိုးပြောဆိုနေကြမည်ဖြစ်သော မီးမသုံးစွဲရသေးသူပြည်သူများ၏အသံကိုလည်းကြားအောင် နားထောင်ရမည် ဖြစ်သည်။ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုများပို၍ ဆတက်ထမ်းပိုး ဆောင်ရွက်ပေးရမည် ဖြစ်သည်။ သို့မှသာလျှင် "ဆင်းရဲမွဲတေမှုလျှော့ချရေး" အတွက်အရေးပါသည့် အစီအမံ များကို ကျွဲကူးရေပါဆောင်ရွက်လာနိုင်ပြီး တိုင်းပြည် ဖွံ့ဖြိုးရေးအတွက် "စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်ရေး" ကို လုပ်ဆောင်လာနိုင်မည်ဖြစ်ပါကြောင်း မျှဝေတင်ပြအပ်ပါသည်။



ခေတ်မီ Solar Farm များဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုကို တွေ့ရစဉ်

# နိုင်ငံတော်အတွက်အကျိုးရှိမည့် စီမံကိန်းများကိုသာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ခွင့်များချပေး


ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး


မင်္ဂလာ တောင်ညွန့် မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း

**နေပြည်တော် ဇွန် ၂၃**

**နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများသဘောမတွေ့ လက်မခံသော နှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက် အစိုးရက ခွင့်ပြုထားသည့်လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကမှတ်တမ်းတင်၍ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

အဆိုနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းဆွေးနွေးရာတွင် ယခုအခါ လုပ်ငန်းစီမံကိန်းများဆောင်ရွက်ရာ၌ နိုင်ငံတော်၏ မူဝါဒ၊ ရည်မှန်းချက်များနှင့်ကိုက်ညီပြီး နိုင်ငံတော်အတွက် အကျိုးရှိမည့် စီမံကိန်းများကိုသာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ခွင့်များ ချပေးလျက်ရှိကြောင်း၊ အများပြည်သူ ထိခိုက်နစ်နာမှုများရှိလာပါက လုပ်ကွက်ပိတ်သိမ်းခြင်း၊ စစ်ဆေးအရေးယူခြင်း၊ လျော်ကြေးငွေပေးချေစေခြင်းတို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ခွင့်ပြုခဲ့ပြီးသည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ အများပြည်သူ ထိခိုက်နစ်နာမှုများ ပေါ်ပေါက်လာသဖြင့် နည်းလမ်းတကျတင်ပြလာသည့် စီမံကိန်းများကို သက်ဆိုင်ရာက ပြန်လည်သုံးသပ် စိစစ်၍ လိုအပ်သည်များကို ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦး ဆွေးနွေးခဲ့ကြပြီး ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက ပြည်သူများ၏ အိုးအိမ်စည်းစိမ်များ ရင်းနှီးပေးဆပ်ပြီးမှ ဆောင်ရွက်ခဲ့သည့်စီမံကိန်းများ မည်မျှအောင်မြင်နေကြောင်း၊ နိုင်ငံသူနိုင်ငံသားများအတွက် အကျိုးမည်မျှရှိနေကြောင်းကို ဒီမိုကရေစီအစိုးရအနေဖြင့် ပြန်လည်သုံးသပ်သင့်ကြောင်း၊ သီလဝါ ပြည်တွင်းစက်မှုဇုန်စီမံကိန်းကို မြေကွက်ပေါင်း ၁၈၁ ကွက်ဖော်ထုတ်ပြီး ၂၀၁၀ ပြည့်နှစ်ကတည်းက စတင်အကောင်ထည်ဖော်ခဲ့ပါကြောင်း၊ ယင်းအထဲမှ မြေကွက် ၂၀ ကျော်တွင်သာ လုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ မြေကွက် ၃၀ ခန့်မှာ လယ်မြေကဲ့သို့ ကွက်လပ်များဖြစ်နေပြီး ကျန်သည့်မြေကွက်များကို ခြံစည်းရိုးခတ်ထားပါကြောင်း၊ ဒေသခံပြည်သူလူထုသည် ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်စားသောက်ခဲ့ကြသည့် လယ်ယာမြေများကို စွန့်လွှတ်ပြီးမှ ယခုစီမံကိန်းကို ဖန်တီးထားခြင်းဖြစ်ပါကြောင်း၊ အခြားနည်းလမ်းအသုံးပြုခွင့်ရပြီး ခွင့်ပြုသည့်ရက်မှ ခြောက်လအတွင်း သတ်မှတ်သောနည်းလမ်းများဖြင့် စတင်အသုံးပြုခြင်းမရှိ၍ဖြစ်စေ၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးမှုမရှိ၍ဖြစ်စေ လယ်ယာမြေအားပြန်လည်သိမ်းယူခံရမည်။ အမှန်တကယ်လိုအပ်သော အနည်းဆုံးပမာဏကိုသာ သိမ်းယူရမည်ဟု သတ်မှတ်ထားသော်လည်း ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် လွဲချော်နေမှုများ ရှိနေပါကြောင်း ဆွေးနွေးသည်။

**ပြည်သူများလက်မခံသော**

ထို့အတူ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်းကလည်း လွဲမှားသည့် စီမံကိန်းများကြောင့် နစ်နာဆုံးရှုံးမှုများစွာနှင့် ရင်ဆိုင်နေရကြောင်း၊ စီမံခန့်ခွဲမှုအမှားများကြောင့် ပြည်သူလူထုသည် သဘာဝဘေးအန္တရာယ်ဆိုးကျိုးများကို ခံစားနေရပါကြောင်း၊ စီမံကိန်းများသည် ခွင့်ပြုထားသည့် သတ်မှတ်ချက်ကိုကျော်လွန်၍ တောင်များဖြိုခြင်း၊ မိုင်းများခွဲခြင်းကို ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ ဧရာဝတီမြစ် မြစ်ညှာတွင် ဆည်များဆောက်ခြင်း၊ ကျောက်များစုပ်ယူခြင်း၊ ရွှေကျင်ခြင်း၊ သတ္တုတူးခြင်းလုပ်ငန်းများကြောင့် မြစ်မှာ တဖြည်းဖြည်း တိမ်ကောနေပါကြောင်း၊ ယင်းမှာ တရားဝင် နှစ်ရှည်လုပ်ကိုင်ခွင့်ရစီမံကိန်းများမှ ဖြစ်ပေါ်လာသည့် ဘေးထွက်ဆိုးကျိုးများဖြစ်ပါကြောင်း၊ ယခုအခြေအနေတွင် စီးပွားရေးလုပ်ကွက်များကို စိစစ်ကြပ်မတ်သင့်ပါကြောင်း၊ အများပြည်သူ ကျန်းမာရေးလုပ်ဆောင်နေသည့် အားကစားကွင်းများကိုပါ လုပ်ငန်းများလုပ်ကိုင်ခွင့်ပေးခဲ့ခြင်းသည် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ဆန့်ကျင်နေပါကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ပြည်သူများလက်မခံသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမြောက်အမြားရှိပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦး၏ ဆွေးနွေးမှုအပြီးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် အစိုးရလက်ထက်တွင် နိုင်ငံတော်အတွက် လိုအပ်ချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အစိုးရ-ပုဂ္ဂလိက ဖက်စပ်ရင်းနှီးမှုများအတွက် နှစ် ၃၀၊ နှစ် ၆၀ နှစ်ရှည်စီမံကိန်းများကို ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းများတွင် ကျွန်းသစ်ထုတ်လုပ်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ ပုလဲ၊ ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာများ ရှာဖွေထုတ်လုပ်ခြင်း၊ သတ္တုရှာဖွေထုတ်လုပ်ခြင်း၊ လမ်းခင်းကျောက်မိုင်းများ ထုတ်လုပ်ခြင်း၊ ရေနက်ဆိပ်ကမ်း၊ မြို့ပြဖွံ့ဖြိုးရေးအတွက် မြို့သစ်ထုတ်ဖော်ခြင်း၊ ပြည်ပတင်ပို့ရောင်းချခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံနှင့် အခြားသော စီမံကိန်းများ ပါဝင်ပါကြောင်း။

ယခုအစိုးရလက်ထက်တွင် အဆိုပါ စီမံကိန်းလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးပြီး ပြည်သူအများ၏ အသက်အိုးအိမ်၊ စည်းစိမ် ထိခိုက်နစ်မှုများရှိကြောင်းနှင့် စီမံကိန်းများအပေါ် ပြန်လည်စိစစ်မှုများ ပြုလုပ်ပေးရန်တောင်းဆိုလာခြင်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ အရ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း၊ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ် စသည့် အစီရင်ခံစာများအပြင် ပြည်တွင်းရှိ ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ၏ သုံးသပ်ချက်၊ တွေ့ရှိချက်၊ အကြံပြုချက်များရယူပြီး ပြန်လည်စိစစ်ပြင်ဆင်မှုများ ဆောင်ရွက်ပေးခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းအဆိုကို ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းက တင်သွင်းခဲ့ခြင်းဖြစ်ပြီး ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုး၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၊ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)ဦးမောင်တင်သစ်နှင့် ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်တို့လည်း

*စာမျက်နှာ ၈ သို့*

# ပလက်ဝမြို့နယ်ရှိ ကျေးလက်ဒေသများတွင် ကျေးလက်ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဌာနခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးမည်


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်

**နေပြည်တော် ဇွန် ၂၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အလှည့်ကျတာဝန်ချ**

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **မင်းတပ်မြို့နယ် ဝမ္မသူးကျေးရွာ တိုက်နယ်ဆေးရုံတွင် အရပ်ဘက်ဆရာဝန်တစ်ဦး၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်းကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားပေးရန်နှင့် နိုင်ငံတော်ဘတ်ဂျက်မှ ဆေးဝါးများ ဝယ်ယူရန်နှင့် အသေးသုံးငွေ မည်မျှခွဲဝေပေးသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မင်းတပ်မြို့နယ် ဝမ္မသူးတိုက်နယ်ဆေးရုံတွင် အရပ်ဘက်ဆရာဝန်အဖြစ် ဒေါက်တာသက်နော်စိုးအား အလှည့်ကျတာဝန်ချထားပါကြောင်း။

လက်ထောက်ဆရာဝန် ခန့်ထားရာတွင် ချင်းပြည်နယ်၏ မြေမျက်နှာသွင်ပြင်အနေအထားအရ တိုက်နယ်ဆေးရုံ၏ တည်နေရာများပေါ်မူတည်၍လည်းကောင်း၊ ကွဲပြားခြားနားသော ဘာသာစကားများကို ဆက်သွယ်ဆောင်ရွက်နိုင်ရန် ပြည်နယ်မှ အဆိုပြုသည့် ဘာသာစကားပေါက်ရောက်သည့် ဒေသခံဆရာဝန်များကို ဦးစားပေး၍ လည်းကောင်း၊ ဒေသနှင့် သင့်တော်မည့် အမျိုးသားဆရာဝန် သို့မဟုတ် အမျိုးသမီးများအား စီစဉ်ဆောင်ရွက် ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ဝမ္မသူးတိုက်နယ်ဆေးရုံ၌ ဆေးဘက်ကျွမ်းကျင်(၄)(ဓာတ်မှန်) ခွင့်ပြုတစ်ဦး၊ လစ်လပ်တစ်ဦးဖြစ်ပြီး ဆေးဘက်ကျွမ်းကျင်(၄)(ဓာတ်မှန်) ရာထူးနေရာအတွက် ဆေးဘက်ကျွမ်းကျင်(၄) (ဓာတ်မှန်)သစ်လွင်တစ်ဦးအား ခြောက်လသင်တန်းပြီးဆုံးပါက ပြည်နယ်ကုသရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မကြာမီခန့်ထားပေးမည်ဖြစ်ပါကြောင်း။

ဝမ္မသူးတိုက်နယ်ဆေးရုံအတွက် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် သာမန်အသုံးစရိတ်ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၆၄ သန်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွက် သာမန်အသုံးစရိတ်ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၅၉၂ သန်း ခွဲဝေပေးပြီးဖြစ်ပါကြောင်း၊ တိုက်နယ်ဆေးရုံများအနေဖြင့် မိမိတို့လိုအပ်ချက်များကို ခရိုင်ကုသရေးဦးစီးဌာနမှူးမှ လစဉ်တင်ပြတောင်းခံ၍ လိုအပ်ချက်အပေါ် ခွဲဝေထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **မတူပီမြို့နယ် မဒူကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မဒူကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနရှိပြီး ကျန်းမာရေးမှူး၊ ကျန်းမာရေး ဆရာမ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးကြီးကြပ်(၂)များဖြင့် အင်အားပြည့်နီးပါး လူဦးရေ ၅၉၀၁ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက် ရှိပါကြောင်း။

၂၀၁၇ ခုနှစ်အတွင်း လက်ထောက်ဆရာဝန်အသစ်များ ခန့်ထားပြီးပါက ပြည်နယ်ကုသရေးဦးစီးဌာန၏ အထူးအစီအစဉ်ဖြင့် လုပ်သက်ရပြီး လက်ထောက်ဆရာဝန်တစ်ဦးကို အလှည့်ကျတာဝန်ထမ်းဆောင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နယ်နိမိတ်ချင်းထိစပ်နေသော မြို့နယ်များရှိ ခက်ခဲကျေးရွာများကိုပါ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ရန်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တိုက်နယ်ဆေးရုံ ဖွဲ့စည်းပုံရရှိရေးအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆေးရုံဆောက်လုပ်ရန်အတွက် ဘဏ္ဍာငွေ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**အဆင့်တိုးမြှင့်ဖွင့်**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိသော ကျေးရွာအုပ်စုများအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) မရှိသော ကျေးရွာအုပ်စုများအား ဌာန(ခွဲ) သို့မဟုတ် ကျေးလက်ဆေးပေးခန်းများ ဖွင့်လှစ်ပေးရန်နှင့် ကျန်းမာရေးဝန်ထမ်းအင်အားအပြည့်အဝချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပလက်ဝမြို့နယ်ရှိ ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျေးလက် ကျန်းမာရေးဌာနခွဲများဖြစ်သည့် ပထိန်တလန်၊ နမဒါ၊ တွီးကင်းဝ၊ တိုင်ဝ၊ ဗုဒ္ဓဂါမနှင့် အာကီကုန်းတို့အား ကျေးလက်ကျန်းမာရေးဌာနများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် ပြည်နယ်လွှတ်တော်သို့ စိစစ်တင်ပြထားပါကြောင်း။

ထိုသို့ တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိပါက စုစုပေါင်း ကျေးလက်ကျန်းမာရေးဌာန ၁၅ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၀ ဖြင့် ပလက်ဝမြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၉၆ အုပ်စုအား ကျန်းမာရေးစောင့်ရှောက်မှု ၇၈ ရာခိုင်နှုန်း လွှမ်းခြုံပေးနိုင်မည်ဖြစ်ပြီး ကျန်ရှိသော ကျေးရွာအုပ်စု ၂၁ အုပ်စုကို နီးစပ်ရာ ကျန်းမာရေးဌာနများမှ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဖော်ပြပါ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာငွေရရှိရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပြန်လည်ရှင်းလင်း**

ထို့ပြင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းပန်ဖနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေတို့၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၏ **မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှုမရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးက ထောက်ခံအကြံပြု ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ဇွန် ၂၆ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး(သတင်းစဉ်)**

# မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်

**မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ**ကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃-က တွင် -

(က) ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်။

(၁) Notwithstanding anything contained in any other laws, in the case of instruments (conveyance, gift and mortgage-deed) affecting immovable property situated wheresoever in the whole of the Republic of the Union of Myanmar, stamp duties charged by Articles 23, 33 and 40 (a) respectively of Schedule (I) annexed to this Act shall be increased by an additional stamp duty of 2 per centum for a consideration equal to the market-value of the property so situated.

(၂) ပုဒ်မခွဲ (၂) တွင်ပါရှိသော " The Ministry of Finance of the Union Government" ဆိုသည့် စကားရပ်ကို "The Ministry of Planning and Finance of the Union Government" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "to the Township Development Funds" ဆိုသည့် စကားရပ်ကို "to the respective Region or State Government" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ရမည်။

၃။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၄၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ခ) တို့တွင် ပါရှိသော "ten times" ဆိုသည့် စကားရပ်ကို "three times " ဟု အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲဇယား ၁ တွင် ပါရှိသော အမှတ်စဉ် (၁၅) ရှိ " one and a half per centum" ဆိုသည့် စကားရပ်ကို "0.5 per centum" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၂၃) ရှိ "Three per centum" ဆိုသည့် စကားရပ်ကို "Two per centum" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၃၅) (ဂ) ရှိ "kyat 600" ဆိုသည့် စကားရပ်ကို "kyat 300" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အမှတ်စဉ် (၆၂) ရှိ "0.3 per centum" ဆိုသည့် စကားရပ်ကို "0.1 per centum" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

*စာမျက်နှာ ၇ မှ*

ဆွေးနွေးခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာ ဆွေးနွေးအတည်ပြုခြင်း၊ အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုခြင်းနှင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း လက်ခံရရှိကြောင်း အသိပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၀ ရက် မြောက်နေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

## အာဆီယံပါလီမန်ရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပညာပေးစည်းရုံးမှုများ ပြုလုပ်ရန်ဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် မြန်မာနိုင်ငံ အာဆီယံဆိုင်ရာအရပ်ဘက်လူမှုအဖွဲ့အစည်းများအလုပ်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမေရီးရှိနှင့်အဖွဲ့အား ဇွန် ၂၃ ရက် မွန်းလွဲ ၃ နာရီတွင် လွှတ်တော်ရေးရာဆောင်အမှတ် (I-5) ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော် အာဆီယံပါလီမန်များဆိုင်ရာ ပူးပေါင်းကော်မတီအနေဖြင့် ယခုအထိ ဆောင်ရွက်ချက်များ၊ (၃၈) ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံအတွက် ပြင်ဆင်မှုများ၊ နှစ် (၅၀) မြောက် အာဆီယံအဖွဲ့ကြီး၏ အထိမ်းအမှတ်နှင့် နှစ် (၄၀) မြောက် အာဆီယံပါလီမန်အဖွဲ့ကြီး အထိမ်းအမှတ် ပြင်ဆင်မှုများကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပြီး အာဆီယံဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းက ယင်းတို့ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြသည်။ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအနေဖြင့် အရပ်ဘက်အဖွဲ့အစည်းများက ပြည်ထောင်စု လွှတ်တော်အပြင် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာန၊ တက္ကသိုလ်များ၊ လူငယ်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ထိတွေ့ဆက်ဆံပြီး အာဆီယံပါလီမန်ရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပညာပေးစည်းရုံးမှုများပြုလုပ်ရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇွန် ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးဝင်းနိုင် မိုးကောင်းမဲဆန္ဒနယ်၏ မိတ်ဆွေသုံးဦး၊ ဦးအောင်သိုက် ဆိပ်ဖြူမဲဆန္ဒနယ်၏ မိတ်ဆွေသုံးဦး၊ ဦးဝင်းထူး နမ့်ဆန်မြို့နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လက်ဖက်မြေ နိုင်ငံရေးသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ သန်လျင်နည်းပညာတက္ကသိုလ်မှ ဦးဆန်းလွင်ထွန်း ခေါင်းဆောင်သည့် ကျောင်းသား ကျောင်းသူ ၂၁၅ ဦး စုစုပေါင်း ၂၃၆ ဦး တို့သည် ယနေ့နံနက်တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော် အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**



## တိုက်နယ်ဆရာဝန်အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

တိုက်နယ်ဆရာဝန် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဇွန် ၂၃ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက် ကျင်းပရာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာ စကားပြောကြားသည်။**(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် တိုက်နယ်ဆရာဝန်များသည် ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှေ့တန်းတိုက်စစ်မှူးများ သဖွယ်ဖြစ်ကြောင်း၊ တိုက်နယ်ဆရာဝန်များ၏ ကုသရေးစွမ်းဆောင်ရည် ကောင်းမွန်လျှင် ကောင်းမွန်သလို ဆေးရုံကြီးများသို့ လွှဲပြောင်းရမှုနည်းပါးလာပြီး ဆေးရုံကြီးများတွင် လူနာအလွန်များပြားမှုကို လျော့နည်းစေမည်ဖြစ်ပါကြောင်း၊ ထို့အတူ ဒေသခံပြည်သူလူထု၏ အားကိုးယုံကြည်မှုကို ပိုမိုရရှိစေမည်ဖြစ်ပါကြောင်း၊ တိုက်နယ်ဆရာဝန်များ၊ တိုက်နယ်ဆေးရုံများ၏ လိုအပ်ချက်များကို အလုံးစုံလွှမ်းခြုံသုံးသပ်၍ ဝန်ကြီးဌာနမှ ဦးစားပေးအစီအစဉ်အလိုက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် အဖွဲ့ငါးဖွဲ့မှ တိုက်နယ်ဆေးရုံများ၏ ဆေးကုသမှု လုပ်ငန်းများကိုတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းဆောင်ရွက်မှုများ ညွှန်/ချုပ်စစ်ဆေး



**လွိုင်ကော် ဇွန် ၂၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေသည် ဇွန် ၂၃ ရက် မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကယားပြည်နယ်ရုံးနှင့် ခရိုင်ရုံး၌ မြေစိုက်ပိုစတာ ပြသထားရှိမှု၊ Community Centre ဆောင်ရွက်ထားရှိမှု၊ ဌာနလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ပြည်သူ့စာကြည့်တိုက်အတွင်းရှိ စာအုပ်စာစောင်များ ဆောင်ရွက်ထားရှိမှု၊ စာအုပ်ငှားရမ်းမှု၊ ကလေးစာဖတ်ခန်း ထားရှိမှု၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းအတွင်း တိုင်းရင်းသားစာပေနှင့် တိုင်းရင်းသားရိုးရာ အဝတ်အထည်၊ တိုင်းရင်းသားတို့၏ တူရိယာပစ္စည်းနှင့် အသုံးအဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး လွိုင်ကော်မြို့ သီရိရုပ်ရှင်ရုံအဆောက်အအုံနှင့် မြေနေရာကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း၊ လွိုင်ကော်သတင်းဌာနခွဲရုံးကိုသွားရောက်ပြီး ရုံး၏အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

## ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၌ တောင်သူများနှင့်ဆွေးနွေး



**ဘောလခဲ ဇွန် ၂၃**

ကယားပြည်နယ် ဘောဘလခဲခရိုင်တွင် ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြ ကျေးရွာ (Integrated Hight Technology Demonstration Village) ဆောင်ရွက်မည့် မိုင်းထမ်းကျေးရွာမှ တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၀ ရက် ညနေက အဆိုပါ ကျေးရွာတွင် ကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးချစ်ဆွေဦး၊ ခရိုင်မြေအသုံးချ၊ မျိုးစေ့၊ သီးနှံကာကွယ်ရေးတာဝန်ခံနှင့် မြို့နယ်ဦးစီးမှူး ဦးမာအီးတို့က ဘက်စုံအဆင့်မြင့် နည်းပညာသုံးဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြေတွင်း အာဟာရဓာတ်ပါဝင်မှု အခြေအနေကို မြေနမူနာယူ၍ စမ်းသပ်ခြင်း၊ မျိုးကောင်းမျိုးသန့် သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးများ၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (GAP) စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျော့ကျစေမည့် စက်ကိရိယာများသုံးစွဲရေးတို့ကို နည်းပညာပေးဆွေးနွေးခဲ့ပြီး တက်ရောက်တောင်သူ လယ်သမားများ၏ တင်ပြချက်ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## ခြေလျင်နှင့် တောင်တက်အသင်း မိတ်ဆုံဂုဏ်ပြုပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၃**

တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်းကကြီးမှူး၍ (၂၂) ကြိမ်မြောက် ကျောင်းသားဟောင်း/မျိုးဆက်သစ် ပြန်လည်တွေ့ဆုံပွဲ (၂၀၁၆-၂၀၁၇) တောင်တက်ခရီးစဉ်များနှင့် ကျေးလက်ဒေသကျန်းမာရေး၊ ပညာရေး၊ လူမှုအကျိုးပြုခရီးစဉ်များတွင် လိုက်ပါဆောင်ရွက်ခဲ့သူများနှင့် အသင်းလှုပ်ရှားမှုများအတွက် ကူညီထောက်ပံ့ခဲ့သူများအား ဂုဏ်ပြုပွဲကို ဇွန် ၂၅ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဟောင်း/သစ်အားလုံးဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊မပျက်မကွက် တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းဆိုင်ရာ နည်းဗျူဟာမူကြမ်း ဆွေးနွေး

**နေပြည်တော် ဇွန် ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန UN-REDD Programme တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းကြောင့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချခြင်း (REDD+) ဆိုင်ရာ နည်းဗျူဟာမူကြမ်းကို ဆွေးနွေးညှိနှိုင်းပွဲ အခမ်းအနားအား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က အမှာစကားပြောကြားရာတွင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောပြုန်းတီးမှုကိုကာကွယ်နိုင်ရေး အထောက်အကူပြုသည့် စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေရရှိရေး လုပ်ငန်းများကိုလည်း နှစ်အလိုက် စီမံကိန်းများချမှတ်၍ နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်ဖြင့် သာမက ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းများကို နယ်စပ်ဒေသတစ်လျှောက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်စီး၊ မပပျောက်စေရေး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်စဉ်းစားပြီး အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ သစ်တောများ ပြုန်းတီးခြင်း၊ ဂေဟစနစ်များ ပျက်စီးခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်းတို့ ဖြစ်ပေါ်လာသကဲ့သို့ အခြားတစ်ဖက်တွင်လည်း စက်မှုလက်မှုများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ရေထု၊ မြေထုနှင့် လေထု ညစ်ညမ်းမှုများ ဖြစ်ပေါ်ခြင်းကြောင့် သက်ရှိလူနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်ပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးဖြစ်စဉ်များကြောင့် အသက်ရှင်ရပ်တည်မှုနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို ခြိမ်းခြောက်လျက်ရှိပါကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အဆိုပြုထားသော မူဝါဒများနှင့် လုပ်ဆောင်ချက်များအား တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းဖြေကြား ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁)ရက် (စနေနေ့)

International day · 2017 · of co-operatives
Co-operatives ensure
coop
no one is left behind

MOALI
Ministry of Agriculture, Livestock and Irrigation

"အားလုံးပါဝင် အရောက်လှမ်းရှိ သမဝါယမပန်းတိုင်ဆီ"

" Co-operatives ensure no one is left behind "


# ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမအထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲ ပြသမည်

**နေပြည်တော် ဇွန် ၂၃**

၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်အဖြစ် ဈေးရောင်းပွဲတော်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရုံးအမှတ်(၁၆) နေပြည်တော်တွင် ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

**လွတ်လပ်စွာဝယ်ယူအားပေးနိုင်**

အဆိုပါဈေးရောင်းပွဲတော်တွင် တိုင်းဒေသကြီး/ပြည်နယ်များမှ သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်များ၊ အဝတ်အထည်အမျိုးမျိုး၊ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ အလှကုန်ပစ္စည်းများနှင့် လက်မှုပစ္စည်းများကို ခင်းကျင်းပြသသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဈေးရောင်းပွဲတော်ကို နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်၍ အများပြည်သူများအနေဖြင့် လာရောက်ကြည့်ရှု၍ လွတ်လပ်စွာဝယ်ယူအားပေးနိုင်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ စုပေါင်းသွေးလှူဒါန်းပွဲများ ကျင်းပ

**ရန်ကုန် ဇွန် ၂၃**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း(BFM)ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် ဇွန် ၉ ရက်၊ ၁၆ ရက်နှင့် ၂၃ ရက်တို့တွင် ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းကုမ္ပဏီမှ ဝန်ထမ်းများ၊ ကမ္ဘောဇဘဏ်လီမိတက်၊ ရန်ကုန်ဘဏ်ခွဲများမှ အရာထမ်း/ဝန်ထမ်း စုစုပေါင်း ၄၅၄ ဦးသည် ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ စုပေါင်းသွေးလှူဒါန်းပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

ပထမနေ့အဖြစ် သွေးလှူဒါန်းမှုကို အမျိုးသားသွေးဌာနတွင် ဇွန် ၉ ရက်က စတင်ကျင်းပခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းကုမ္ပဏီမှ ဝန်ထမ်းများ၊ ကမ္ဘောဇဘဏ်လီမိတက်၊ ရန်ကုန်ဘဏ်ခွဲများမှ အရာထမ်း/ဝန်ထမ်း စုစုပေါင်း ၁၈၀ ကလည်းကောင်း၊ ဒုတိယနေ့အဖြစ် ဇွန် ၁၆ ရက်က အရာထမ်း/ဝန်ထမ်း စုစုပေါင်း ၁၆၄ ဦးက လည်းကောင်း၊ တတိယနေ့အဖြစ် ဇွန် ၂၃ ရက်က အရာထမ်း/ဝန်ထမ်း စုစုပေါင်း ၁၁၀ က လည်းကောင်း သွေးလိုအပ်နေသောလူနာများအတွက် သွေးလှူဒါန်းခဲ့ကြသည်။

အဆိုပါ ဖောင်ဒေးရှင်းသည် သွေးလိုအပ်သော လူနာများ၊ ပြည်သူ့ဆေးရုံများနှင့် အထွေထွေရောဂါကု ဆေးရုံကြီးများအတွက် သွေးလှူဒါန်းခြင်းကို ၂၀၁၅ ခုနှစ်မှစတင်၍ လှူဒါန်းခဲ့ရာ ယနေ့အထိ ဖောင်ဒေးရှင်းအဖွဲ့ဝင် သွေးလှူရှင် ၃၀၀၀ ကျော်တို့က သွေးလိုအပ်သော လူနာများ၊ ပြည်သူ့ဆေးရုံများနှင့် အထွေထွေရောဂါကု ဆေးရုံကြီးများအတွက် သွေးလှူဒါန်းခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၆ ခုနှစ်မှ စတင်၍ နိုင်ငံတကာမှ ခွဲစိတ်ပါရဂူများပါဝင်သည့် Smila Asia အဖွဲ့နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအတွက် အခမဲ့ ခွဲစိတ်ကုသပေးမှုအစီအစဉ် သုံးကြိမ်ဆောင်ရွက်နိုင်ခဲ့ပြီး ကလေးငယ် ၁၉၂ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**



# ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားသည့် အနော်ရထာကားလမ်းပေါ်မှ ဈေးသည်နှင့် ဈေးဆိုင်များကို မြို့နယ်စည်ပင်သာယာက ရှင်းလင်း

**ရန်ကုန် ဇွန် ၂၃**

ကျူးကျော်ဈေးသည်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်မကြာခဏ ဖြစ်ပွားသော လှိုင်သာယာမြို့နယ် အနော်ရထာကားလမ်းမကြီးပေါ်မှ ဈေးသည်များနှင့် ဆိုင်ခန်းများကို မြို့နယ်စည်ပင်သာယာနှင့်ပူးပေါင်းအဖွဲ့မှ ဇွန် ၂၃ ရက် နံနက် ၈ နာရီက စတင်ရှင်းလင်းဖယ်ရှားလျက်ရှိရာ မူလကားလမ်းအကျယ်အဝန်း ပေါ်လွင်သွားပြီဖြစ်၍ အများပြည်သူနှင့် ယာဉ်များ ဖြတ်သန်းသွားလာမှု အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

"ကျောင်းရှေ့ကနေ (၈၆)ဂိတ်ဟောင်းရှေ့အထိ စည်ပင်ရေမြောင်းကျော်ပြီး ဖွင့်လှစ်ထားတဲ့ ဈေးဆိုင် ၃၂ ဆိုင်ကို ရှင်းလင်းတာပါ။ လမ်းပေါ်ဈေးသည်တွေကို အိမ်ရှင်တွေက နေရာငှားစားတဲ့အတွက် လမ်းပိတ်ဆို့မှုဖြစ်တယ်။ အတွင်းမှာ ဖွင့်ထားတဲ့ ပုံကျဈေးကို ဆက်ရှင်းမယ်။ အခု လမ်းမကြီးကို ဦးစားပေးရှင်းနေတာပါ။ တစ်မြို့နယ်လုံးမှာ လမ်းပိတ်ဆို့မှုဖြစ်တာ တွေများတယ်။ ကျန်စစ်သားလမ်းမကြီးပေါ်က (၁၅)ဈေးနဲ့ မီးခွက်ဈေးလမ်းဆုံ ပိတ်ဆို့နေတာတွေကိုလည်း တစ်ခုပြီးတစ်ခု ဆက်ရှင်းမှာပါ"ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဝင်းက ပြောသည်။



လှိုင်သာယာတွင် အများပြည်သူနှင့် ယာဉ်သွားလာမှု အခက်အခဲအများဆုံး ကြုံတွေ့နေရသောနေရာတို့မှာ ပုံကျ (၁၅)ဈေး၊ မီးခွက်ဈေးမီးပွိုင့်နှင့် ရွှေလင်ပန်းပုံကျဈေးတို့ဖြစ်ပြီး ယခုရှင်းလင်းသော (၂၀)ရပ်ကွက် ပုံကျဈေးအား ယခင်က မကြာခဏ ရှင်းလင်းခဲ့ကာ စည်ပင်သာယာမှ အမှတ်(၂၀)ဈေးသစ်ကြီးကို ဖွင့်လှစ်ပေးခဲ့သည့်တိုင် ပုံကျဈေးဟောင်းနေရာ အနော်ရထာကားလမ်းမကြီးပေါ်တွင် နေ့/ညဈေးရောင်းချနေသည့်အတွက် ထိုဈေးသည်များအား နေရာငှားရမ်းသည့် မြောင်းကျူးဈေးဆိုင်များကို ရှင်းလင်းဖယ်ရှားခြင်းဖြစ်သည်။

"အခုလိုရှင်းလင်းတာကို ပြည်သူတစ်ယောက်အနေနဲ့ ကြိုဆိုပါတယ်။ ကားလမ်းပေါ်မှာ ပုံကျဈေးတက်ရောင်းတော့ နံနက်ပိုင်းကော ညနေပိုင်းပါ ယာဉ်ကြောပိတ်တယ်။ လမ်းပေါ်ရှင်းတော့ ရွှေမင်းဝံလမ်းနဲ့ ဗိုလ်မိုးကြိုးလမ်းထဲ ဈေးသည်တွေ ရောင်းနေကြတယ်။ ရပ်ကွက်လမ်းထဲမှာ အသား၊ ဟင်းသီးဟင်းရွက် ဈေးသည်ဆိုတာ မထားသင့်သလို ကျန်းမာရေးနဲ့လည်း မညီညွတ်ဘူး။ (၂၀)ဈေးကြီးထဲကို ဒီလမ်းထဲက ဈေးသည်တွေ ဝင်စေချင်တယ်"ဟု အမှတ်(၂၀)ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့မှ ဦးသောင်းထွန်းက ပြောသည်။

အဆိုပါ အနော်ရထာကားလမ်းမကြီးတစ်လျှောက်တွင် စည်ပင်ရေမြောင်းကို ကျော်လွန်၍ ဈေးဆိုင်များ ဖွင့်လှစ်ထားခြင်းကြောင့် အနောက်ပိုင်းတက္ကသိုလ်သို့ သွားလာသည့်လမ်းတွင် ယာဉ်ကြောပိတ်ဆို့မှုနှင့် အများပြည်သူသွားလာရေး အခက်အခဲများ ကြုံတွေ့နေရလျက်ရှိပြီး ထိုပုံကျဈေးနေရာသည် ယာဉ်ကြောပိတ်ဆို့မှု နေ့စဉ်ဖြစ်ပွားသောနေရာလည်း ဖြစ်ကြောင်း သိရသည်။ ကားလမ်းပေါ်ရှိ အမှတ်(၈) အထက်တန်းကျောင်း ရှေ့မှ (၈၆)ဂိတ်ဟောင်းထိပ်၊ (၂၀)ရပ်ကွက်အပိုင် (၄)ဘက်အခြမ်းမှ ကားလမ်းဘေး အိမ်ရှေ့ စည်ပင်ရေမြောင်းကျော်၍ ဆောက်လုပ်ထားသော ဈေးဆိုင်များကို သုံးရက်ကြိုတင် အသိပေး၍ ပူးပေါင်းအဖွဲ့ဖြင့် ရပ်ကွက်သာယာလှပရေးနှင့် အများပြည်သူ ယာဉ်အန္တရာယ် ကင်းရှင်းစေရန် ရှင်းလင်းဖယ်ရှားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရာတွင် အကူအညီပေးရန် လျှို့ဝှက်ထောက်လှမ်းရေးလေယာဉ်များကို ဖိလစ်ပိုင်သို့ ဩစတြေးလျစေလွှတ်မည်



၂၀၁၄ ခုနှစ်က တော်ဝင်ဩစတြေးလျလေတပ်မှ Orion လေယာဉ်တစ်စင်း RAAF လေတပ်အခြေစိုက်စခန်းမှ ပျံသန်းထွက်ခွာနေစဉ်

**မနီလာ ဇွန် ၂၃**

ဖိလစ်ပိုင်နိုင်ငံ၌ ထကြွသောင်းကျန်းလျက်ရှိသည့် စစ်သွေးကြွသူပုန်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး အကူအညီပေးရန်အတွက် ဩစတြေးလျနိုင်ငံက အနီးကပ်စုံစမ်းထောက်လှမ်းရေး လေယာဉ်နှစ်စင်းကို ပေးပို့သွားရန် သောကြာနေ့က သဘောတူညီခဲ့ကြောင်း သိရသည်။

အစ္စလာမ္မစ်စစ်သွေးကြွများ ထိန်းချုပ်ထားသည်မှာ တစ်လကျော်ခန့်ကြာမြင့်ခဲ့ပြီဖြစ်သည့် ဖိလစ်ပိုင်တောင်ပိုင်းတွင် ဂျက်လေယာဉ်များနှင့်အမြောက်တပ်များက စစ်သွေးကြွများရှိသည့် ပစ်မှတ်နေရာများကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

မာရဝီ၌ခြေကုပ်ရယူထားသည့် မော်တီစစ်သွေးကြွအုပ်စုများ ရှိရာတည်နေရာများကို အတိအကျသိရှိနိုင်မည့် အနီးကပ်စုံစမ်းထောက်လှမ်းမှုပြုလုပ်နိုင်ရန်အတွက် ဩစတြေးလျနိုင်ငံမှ ကမ်းလှမ်းလာသည့် AP-3C Orion လေယာဉ်များကို ဖိလစ်ပိုင်က လက်ခံခဲ့ကြောင်း သိရသည်။

ဒေသတွင်းခြိမ်းခြောက်မှုတစ်ခုဖြစ်သည့် အကြမ်းဖက်မှု အထူးသဖြင့် Daeshနှင့် နိုင်ငံရပ်ခြားမှ တိုက်ခိုက်ရေးသမားများ၏ အကြမ်းဖက်မှုများသည် ဩစတြေးလျနိုင်ငံကို တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီး မာရိုက်စ်ပေနီက ဖော်ပြခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် မော်တီစစ်သွေးကြွများနှင့် ၎င်းတို့၏ အပေါင်းအပါ တိုက်ခိုက်ရေးအုပ်စုများသည် ကြိုတင်ခန့်မှန်းထားသည်ထက် ပိုမိုအင်အား တောင့်တင်းလျက်ရှိသည့်အတွက် ဖိလစ်ပိုင်အနေဖြင့် စိုးရိမ်ဖွယ်ဖြစ်လာချိန်တွင် ဩစတြေးလျဘက်မှ ကမ်းလှမ်းလာသည့် လျှို့ဝှက်ထောက်လှမ်းရေးလေယာဉ်များကို လက်ခံရန် ဖိလစ်ပိုင်အစိုးရက ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

မာရဝီ၌ ဖြစ်ပွားနေသည့်တိုက်ပွဲများတွင် အစိုးရအနေဖြင့် ရှုံးနိမ့်မှုမရှိကြောင်း၊ တပ်မတော်သည် အတွေ့အကြုံသင်ခန်းစာများကို ရရှိလိုက်ကြောင်းနှင့် အစ္စလာမ္မစ်စစ်သွေးကြွများအား အမြစ်ပြတ်ချေမှုန်းနေမှုကို နိဂုံးချုပ်နိုင်ရန် ကြိုးစားနေကြောင်း ဖိလစ်ပိုင်တပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

## ဗီယက်နမ် ဟန္နိုင်းမြို့လေဆိပ်၌ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် မှောင်ခိုအဖွဲ့ဝင်သုံးဦး ဖမ်းဆီးရမိ

**ဟန္နိုင်း ဇွန် ၂၃**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ နွိုင်ဘေနိုင်ငံတကာလေဆိပ်၌ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် ဗီယက်နမ်နိုင်ငံသား သုံးဦးကို ဖမ်းဆီးခဲ့ကြောင်း ဒေသတွင်းသတင်းမီဒီယာများက ဇွန် ၂၃ ရက်တွင် ဖော်ပြခဲ့သည်။

ဖမ်းဆီးရမိသူသုံးဦးသည် ဟိုချီမင်းမြို့မှ ဟန္နိုင်းမြို့နှင့် ဗီယက်နမ်မြောက်ပိုင်းရှိ မြို့များတွင် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေသည့် မူးယစ်မှောင်ခိုအဖွဲ့ဝင်များ ဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့ကဖော်ပြခဲ့သည်။

၎င်းတို့သယ်ဆောင်လာသည့် လက်ဆွဲအိတ်အတွင်း နဂါးမောက်သီး ၁၅လုံးနှင့် ကိတ်မုန့်များကို စစ်ဆေးရာမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ နှင့် မူးယစ်ဆေးတစ်ကီလိုဂရမ်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ဗီယက်နမ်ဥပဒေအရ ဘိန်းဖြူ ၆၀၀ ကီလိုဂရမ်အထက်သယ်ဆောင်သူ သို့မဟုတ် မက်တာဖက်တမင်းဆေးပြား ၂ ဒသမ ၅ ကီလိုဂရမ်အထက် သယ်ဆောင်လာကြောင်း ပြစ်မှုထင်ရှားပါက သေဒဏ်အထိချမှတ်နိုင်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဂွါတီမာလာ၌ ငလျင်လှုပ်ခတ်မှုကြောင့် ကိုလိုနီခေတ် ဗိသုကာလက်ရာများဆုံးရှုံး

**ဂွါတီမာလာစီးတီး ဇွန် ၂၃**

ဂွါတီမာလာနိုင်ငံ ဂွါတီမာမြို့၌ ယမန်နေ့က ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်လျက်ရှိသည့် နိုင်ငံ၏ အထင်ကရအဆောက်အအုံများပျက်စီးခဲ့ကြောင်း ဒေသခံမီဒီယာများက ယနေ့တွင် ဖော်ပြသည်။

ငလျင်သည် ပစိဖိတ်ကမ်းရိုးတန်းမြို့ ဖြစ်သည့် ပူရီတိုဆန်ဂျို့စ်မြို့၏ အနောက်တောင်ဘက် ၃၈မိုင်အကွာကို ဗဟိုပြုကာ ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲခန့်က လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် ဂွါတီမာလာ အန်တီဂွါမြို့ရှိ ကိုလိုနီခေတ်သမိုင်းဝင်အဆောက်အအုံများပြိုကျပျက်စီးခဲ့ပြီး အချို့မှာ အက်ကွဲကြောင်းများဖြစ်ပေါ် ခဲ့ကြောင်း ပရန်ဆာလိုင်ဘာ နေ့စဉ်သတင်းစာက ဖော်ပြထားသည်။

ငလျင်ကြောင့် သေဆုံးသူ မရှိသော်လည်း ဒဏ်ရာရရှိသူ လေးဦးအထိရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ပါကစ္စတန် ကွတ်တာမြို့၌ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားရာ လူခြောက်ဦးထက် မနည်းသေဆုံး

**အစ္စလာမ္မာဘတ် ဇွန် ၂၃**

ပါကစ္စတန် အနောက်တောင်ဘက် ကွတ်တာမြို့ရှိ ရဲစစ်ဆေးရေးဂိတ်တစ်ခု အနီးတွင် ဇွန် ၂၃ ရက်က အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားခဲ့ရာ လူခြောက်ဦးထက် မနည်းသေဆုံးခဲ့ပြီး လူ ၂၀ ဒဏ်ရာရရှိခဲ့ ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ရဲချုပ်ရုံးအနီး ရဲစစ်ဆေးရေးဂိတ်အတွင်းသို့ ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသည့် ကားတစ်စီးမောင်းဝင်လာပြီးနောက် အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ဘာလိုချီစတန်ပြည်နယ်မှ ပြောခွင့်ရပုဂ္ဂိုလ် အန်ဝါရူးဟက်ကာကာက ပြောခဲ့သည်။

အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာပြီး သေဆုံးသူများကို ကွတ်တာမြို့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဆေးရုံ၏ပြောခွင့်ရပုဂ္ဂိုလ် ဖာရစ်ဒ်အာမက်ဒ်က သေဆုံးသူခြောက်ဦးနှင့် ဒဏ်ရာရရှိသူ ၂၀ တို့ ဆေးရုံသို့ ရောက်ရှိလာခဲ့ကြောင်း ဒဏ်ရာရရှိသူများအနက် စိုးရိမ်ရသော အခြေအနေတွင် ရှိနေသူများလည်းပါဝင်ရာ သေဆုံးသူများ မြင့်တက်လာနိုင်ကြောင်း ပြောခဲ့သည်။

အဆိုပါ အသေခံဗုံးဖောက်ခွဲမှုနှင့် ပတ်သက်၍ မည်သူ့လက်ချက်မှန်း မသိရသေးသော်လည်း ပေါက်ကွဲမှုတွင် ရဲနှစ်ဦးနှင့်ကလေးငယ်နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

လတ်တလောတွင် ရဲများက ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာကို လုံခြုံရေးယူထားပြီး ဆေးရုံများအားလုံးကို အရေးပေါ်အခြေအနေကြေညာထားကြောင်း သိရသည်။ **(ဆင်ဟွာ)**






## တောင်ကိုရီးယားသမ္မတဟောင်း ပတ်၏ မိတ်ဆွေချိုင်ကို ထောင်ဒဏ်သုံးနှစ်ချမှတ်

**ဆိုးလ် ဇွန် ၂၃**

တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွမ်ဟေး၏ မိတ်ဆွေဖြစ်သူ ချိုင်ဆွန်ဆီသည် ဆိုးလ်မြို့ဗဟိုခရိုင်တရားရုံးက ၎င်း၏ သမီးဖြစ်သူကို ဦးစားပေးရန် တက္ကသိုလ်တစ်ခုအား အတင်းအကျပ်ဖိအားပေးခဲ့မှုဖြင့် ထောင်ဒဏ်သုံးနှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ဆိုးလ်မြို့ဗဟိုခရိုင်တရားရုံးက သောကြာနေ့တွင် ချိုင်ဆွန်ဆီကိုလာဘ်ပေးလာဘ်ယူမှုများစွာ ပြုလုပ်ခဲ့ကြောင်းနှင့် သမ္မတဟောင်း ပတ်ဂွမ်ဟေးအား ရာထူးမှဖယ်ရှားစေခဲ့သည့်နိုင်ငံရေးကိစ္စရပ်တွင် ပါဝင်ပတ်သက်ခဲ့မှုများဖြင့် အပြစ်ရှိကြောင်း တွေ့ရှိခဲ့သည်။

ချိုင်သည် နာမည်ကျော် Ewha အမျိုးသမီးကျောင်းသို့ ၎င်း၏သမီးဖြစ်သူ ဝင်ခွင့်ရရှိရန်နှင့် ၎င်းတက်ရောက်ခဲ့ခြင်းမရှိသည့် အတန်းချိန်များအတွက် ခရက်ဒစ်ပေးရန် ကျောင်းမှအကြီးတန်းအာဏာပိုင်များကို အတင်းအကျပ်ဖိအားပေးခြင်းများပြုလုပ်ခဲ့မှုဖြင့် စွဲချက်တင်ခဲ့ခြင်း ဖြစ်သည်။

လူတိုင်းသည်၎င်းတို့၏ ကြိုးစားလျှင်ကြိုးစားသလောက်ထိုက်သင့်သည့်ရလဒ်ရရှိနိုင်မည်ဖြစ်ပြီး မျှတသည့်အခွင့်အရေးကို ရရှိနိုင်မည်ဖြစ်သည်ဟူသော ယုံကြည်ချက်ကို ပျက်ပြားအောင် ချိုင်ကလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု တရားသူကြီးက ပြောကြားခဲ့သည်။

ခုခံချေပသည့်အဖွဲ့က အစိုးရရှေ့နေများသည် အမှုကိုအပြည့်အဝသက်သေပြနိုင်ခဲ့ခြင်းမရှိဟု ပြောဆိုခဲ့ကြသည်။ ချိုင်အနေဖြင့် ပြစ်ဒဏ်စီရင်မှုအပေါ်အယူခံဝင်သွားမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ယာဉ်များကျော်တက်နိုင်ကြောင်း အချက်ပြမီး မှားယွင်းအသုံးပြုနေမှုကို အချက်ပြမီးစနစ်အမှန်သို့ တစ်နိုင်ငံလုံးပြောင်းလဲကျင့်သုံးမည်



**ပျဉ်းမနား ဇွန် ၂၃**

နေပြည်တော် ပျဉ်းမနားမြို့နယ် ဘောဂသီရိယာဉ်ရပ်နားစခန်းအတွင်းရှိ အဝေးပြေး ခရီးသည်တင်မော်တော်ယာဉ်မောင်းများ၊ တက္ကစီယာဉ်မောင်းများ၊ ကုန်တင်ယာဉ်မောင်းများနှင့် ဘောဂဝတီရပ်ရှိ ပုဂ္ဂလိက ရွှေတော်ဝင်ယာဉ်မောင်းသင်တန်းကျောင်းရှိ သင်တန်းသားသင်တန်းသူများအား နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးနှင့်အဖွဲ့က ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အသိပညာပေးဟောပြောခြင်း၊ မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်မြန်နှုန်းအတိုင်း မောင်းနှင်ရေး၊ အချက်ပြမီးစနစ် မှန်ကန်စွာ အသုံးပြုရေးတို့ကို ဇွန် ၂၃ ရက် နံနက် ၈ နာရီက ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

**သတ်မှတ်မြန်နှုန်းအတိုင်းမောင်းနှင်**

ယာဉ်မောင်းများမှာ လမ်းအခြေအနေကောင်းလျှင် သာမန်အားဖြင့် မြို့၏နယ်နိမိတ်အတွင်း၌ ယာဉ်မောင်းနှင်မှုအမြန်နှုန်းကို တစ်နာရီလျှင် ၄၈ ကီလိုမီတာ မိုင် ၃၀နှုန်းထက် ပို၍မမောင်းနှင်ရန်၊ မြို့၏နယ်နိမိတ်ပြင်ပ၌ မြို့နယ်တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသည့် လမ်းမများပေါ်တွင် တစ်နာရီလျှင် ၈၀ ကီလိုမီတာ မိုင် ၅၀ နှုန်းထက် ပို၍မမောင်းနှင်ရန်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက်တွင် Telematic စနစ်တပ်ဆင်ထားသောယာဉ်များ တစ်နာရီလျှင် ၉၀ ကီလိုမီတာထက် ပိုမမောင်းနှင်ရန်၊ ဌာနဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ လုပ်ငန်းပိုင်းဆိုင်ရာလိုအပ်ချက်များအရ နေရာဒေသအလိုက် အထူးသတ်မှတ်ထားသော အမြန်နှုန်းများအား လိုက်နာမောင်းနှင်ရေးတို့ကို ရှင်းလင်းပြောဆိုပြီးနောက် သတ်မှတ်အမြန်နှုန်း မောင်းနှင်ရေးအတွက် ဇွန် ၉ ရက်မှ ဇူလိုင် ၃၁ ရက် အထိ ပညာပေးကာလအဖြစ် သတ်မှတ်၍ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်ဝေငှခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ဥပဒေနှင့်အညီ အရေးယူမည်**

သတ်မှတ် အမြန်နှုန်းထက်ပိုပြီး မောင်းနှင်သောယာဉ်များအား ဩဂုတ် ၁ ရက်မှစပြီး မော်တော်ယာဉ် ဥပဒေပါ ပြစ်ဒဏ်၊ ပြဋ္ဌာန်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူသွားမည် ဖြစ်သလို ယာဉ်များ ကျော်တက်နိုင်ကြောင်း အချက်ပြမီး မှားယွင်းအသုံးပြုနေမှုများအား စက်တင်ဘာ ၁ ရက်မှ စတင်ပြီး မော်တော်ယာဉ်ဥပဒေပါ ပြစ်ဒဏ်၊ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတိပြုဆောင်ရွက်ရန်လိုအပ်**

ယာဉ်မောင်းများ အနေဖြင့် လက်ယာဘက်သို့ကွေ့ရန် (သို့မဟုတ်) လယ်ယာဘက်ယာဉ်ကြောသို့ ပြောင်းရန် (သို့မဟုတ်) လက်ယာနံဘေးသို့ကပ်ရန် မိမိယာဉ်၏ လက်ယာဘက်အချက်ပြမီးဖြင့် အချက်ပြရမည်ဖြစ်သလို လက်ဝဲဘက်သို့ကွေ့ရန် (သို့မဟုတ်) လက်ဝဲဘက်ယာဉ်ကြောသို့ ပြောင်းရန် (သို့မဟုတ်) လက်ဝဲနံဘေးသို့ကပ်ရန် မိမိယာဉ်၏ လက်ဝဲဘက်အချက်ပြမီးဖြင့် အချက်ပြရမည်ဖြစ်သည်။ ယာဉ်ကြောရှင်း၍ နောက်မှယာဉ်အား ကျော်တက်နိုင်ကြောင်း လက်ယာဘက်မီးဖြင့် အချက်ပြရမည်ဖြစ်သည်ကို သတိပြုရန် လိုအပ်သည်။ အထူးသဖြင့် ယာဉ်မောင်းများအနေဖြင့် ယာဉ်ကျော်တက်ရန် အချက်ပြမီးသုံးစွဲမှုတွင် လက်ဝဲဘက်အချက်ပြမီးကို မှားယွင်းစွာသုံးစွဲနေခြင်းမှာ လက်ယာဘက်အချက်ပြမီး မှန်ကန်စွာ ပြောင်းလဲကျင့်သုံးမှုမတိုင်မီအတွင်း နားလည်မှုလွဲမှားမှုများရှိနိုင်သဖြင့် မော်တော်ယာဉ် ကျော်တက်မည်ဆိုပါက အခြေအနေအရပ်ရပ်ကို သုံးသပ်၍ အထူးသတိပြုဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

## နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း မီးအချက်ပြမှု မှန်ကန်စွာအသုံးပြုနိုင်ရေး ယာဉ်မောင်းအားလုံးသို့ အသိပေးနှိုးဆော်ချက်

၁၉၈၉ မော်တော်ယာဉ် နည်းဥပဒေများအရ ထုတ်ပြန်ထားသော ညွှန်ကြားချက်၏ "မော်တော်ယာဉ်တွင် တပ်ဆင်ထားသော မီးများနှင့်ယာဉ်မောင်းသူ၏လက်ဖြင့် အချက်ပြပုံများ"အခန်း၌ မော်တော်ယာဉ်အားကျော်တက်နိုင်ကြောင်းကို ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ယာဉ်များကျော်တက်ရာတွင် ရှေ့မှယာဉ်သည် နောက်မှ ကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြခြင်းသည် အမှန်ဖြစ်သော်လည်း ယာဉ်မောင်းများ အထူးသဖြင့် ကားကြီးယာဉ်မောင်းအများစုသည် အဝေးပြေးလမ်းမကြီးများပေါ်၌ ယာဉ်၏လက်ဝဲဘက်မီးဖြင့်သာ အချက်ပြလျက် လွဲမှားစွာကျင့်သုံးနေကြပါသည်။ထိုသို့ လွဲမှားနေသည့်အတွက် မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

ကျော်တက်ရန် အချက်ပြမှု အမှန်သို့ ချောမွေ့စွာပြောင်းလဲကျင့်သုံးနိုင်စေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာပေးမှုများ၊စစ်ဆေးကြပ်မတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီးနောက် ၁-၉-၂၀၁၇ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်း အားလုံး၌ ယာဉ်မောင်းအားလုံးသည် အမှန်မီးအချက်ပြမှုသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်ပြေးညီ စတင်ပြောင်းလဲကျင့်သုံးကြရမည်ဖြစ်ပါသည်။

ထိုသို့ ပြောင်းလဲကျင့်သုံးမှု မတိုင်မီအတွင်း နားလည်မှုလွဲမှားမှုများရှိနိုင်သည့်အတွက် မော်တော်ယာဉ်ကျော်တက်မည်ဆိုပါက အခြေအနေအရပ်ရပ်ကို သုံးသပ်၍ အထူးသတိပြုဆောင်ရွက်ကြရန် လိုအပ်ပါမည်။

ယာဉ်မောင်းအားလုံးအနေဖြင့် မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊အမြန်လမ်းအားလုံး၌ နောက်မှ ကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏လက်ယာဘက်မီးဖြင့် မှန်ကန်စွာ အချက်ပြခြင်းကို အလေးထားလိုက်နာကျင့်သုံးကြပါရန်နှင့် ၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမှန်သို့တစ်ပြေးညီပြောင်းလဲကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာဖူဆယ်အသင်းများ ပြင်ဆင်

**ရန်ကုန် ဇွန် ၂၃**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဖူဆယ်အသင်းများ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။ မြန်မာဖူဆယ်အမျိုးသားနှင့် အမျိုးသမီး အသင်းတို့သည် ပဏာမကစားသမားများရွေးချယ်၍ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာအမျိုးသားဖူဆယ်အသင်းကို နည်းပြအဖြစ် အီရန်နိုင်ငံသား ရီဇာက ကိုင်တွယ်လျက်ရှိပြီး ပဏာမ ကစားသမား ၃၀ ရွေးချယ်ထားသည်။ မြန်မာဖူဆယ်အသင်းသည် ဇွန် ၁၉ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသော်လည်း ဇွန် ၂၅ ရက်မှသာ စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအမျိုးသားအသင်းသည် ဖူဆယ် လိဂ်ပြိုင်ပွဲမှ ခြေစွမ်းပြနေသည့် ကစားသမားများဖြင့် စုဖွဲ့ထားပြီး ၂၀၁၆ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် အသင်းမှ ကစားသမားများနှင့် လူငယ်ကစားသမားများပါဝင်လာသည်။ မြန်မာအမျိုးသမီး ဖူဆယ်အသင်းကို နည်းပြအဖြစ် ဦးဌေးမြင့်က ကိုင်တွယ်လျက်ရှိပြီး ကစားသမား ၂၄ ဦးဖြင့် ဖွဲ့စည်းထားသည်။ ဦးဌေးမြင့်သည် ၂၀၁၆ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် အမျိုးသားဖူဆယ်အသင်းကို ကိုင်တွယ်ခဲ့သည့် နည်းပြတစ်ဦးဖြစ်ပြီး မြန်မာဖူဆယ်သမိုင်းတွင် အမြင့်ဆုံးစွမ်းဆောင်ပေးခဲ့သည့်နည်းပြတစ်ဦးလည်း ဖြစ်သည်။ မြန်မာအမျိုးသမီးဖူဆယ်အသင်းတွင် ၂၀၁၆ ခုနှစ်က ဖွဲ့စည်းခဲ့သည့်အသင်းမှ ကစားသမားတချို့နှင့် လူသစ်ကစားသမားများ ပါဝင်လာပြီး မေလကတည်းက စခန်းဝင် လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာဖူဆယ် အသင်းများသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံသို့ သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်း သိရသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်းမှာ အိမ်ရှင်နိုင်ငံအပေါ်မူတည်၍ ထည့်သွင်းကျင်းပလေ့ရှိပြီး ၂၀၁၅ ပြိုင်ပွဲတွင် အိမ်ရှင်စင်ကာပူနိုင်ငံက ထည့်သွင်းကျင်းပခဲ့ခြင်း မရှိသောကြောင့် ပါဝင်ခဲ့ခြင်းမရှိဘဲ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဖူဆယ်အသင်းများမှာ ဆုတံဆိပ်နှင့် လွဲချော်ခဲ့ရသည်။ **ရဲရင့်ရှိန်း**

# ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) ဖျက်သိမ်းရေးအတွက် ထောက်ခံလက်မှတ်စုဆောင်းပွဲ ရန်ကုန်မြို့၌ပြုလုပ်

**ရန်ကုန် ဇွန် ၂၃**

ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖျက်သိမ်းရေးအတွက် လှုပ်ရှားမှုအနေဖြင့် ထောက်ခံလက်မှတ်စုဆောင်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တရားရုံးရှေ့၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ထောက်ခံလက်မှတ်စုဆောင်းပွဲကို အဖွဲ့ဝင် ၂၁ ဦးဖြင့် ဖွဲ့စည်းထားသော မြန်မာသတင်းသမားများ ကာကွယ်ရေးကော်မတီက ဦးဆောင်ပြုလုပ်ခြင်းဖြစ်ပြီး ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုရထားရသူ The Voice Daily အယ်ဒီတာချုပ် ဦးကျော်မင်းဆွေအား ဗဟန်းမြို့နယ်တရားရုံး၌ ရုံးထုတ်စဉ် ပြုလုပ်ရာ သတင်းမီဒီယာသမားများနှင့်အတူ ပြည်သူများလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါကော်မတီအနေဖြင့် သတင်းမီဒီယာများကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)ဖြင့် တရားစွဲဆိုမှုများအပေါ် စိတ်တူကိုယ်တူသတင်းသမားများညီညွတ်မှုဖြင့် တုံ့ပြန်သွားရန် လက်ပတ်ဖြူလှုပ်ရှားမှုကို ရန်ကုန်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သတင်းမီဒီယာအဖွဲ့အစည်းများက ဇွန် ၈ ရက်မှ စတင်၍ ၁၀ ရက်ကြာပြုလုပ်ခဲ့ပြီး ယခုအခါ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) ဖျက်သိမ်းရေးအတွက် ထောက်ခံလက်မှတ်စုဆောင်းပွဲကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇွန် ၂၃**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇွန် ၂၀ ရက်က သီရိရတနာခန်းမ၌ ကျင်းပသည်။



အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုများရရှိကြသော ဂျပန်ဘာသာဌာနမှ မယမင်းပြည့်ဖြိုး၊ မဝတ်မှုံနှင်းနှင့် မဇင်မွန်ထွေးတို့ကို အရှေ့တိုင်းပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာ ခိုင်ခိုင်သန်းက လည်းကောင်း၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိကြသော ကိုရီးယားဘာသာဌာနမှ မောင်ထွန်းဝင်း၊ ထိုင်းဘာသာဌာနမှ မောင်သက်နိုင်ဝင်းနှင့် ဂျပန်ဘာသာဌာနမှ မောင်မိုးမြင့်အောင်စိုးတို့ကို ဂျပန်ဘာသာဌာနမှ ကထိကဌာနမှူး ဦးကျော်သူက လည်းကောင်း ဆုချီးမြှင့်သည်။

အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိကြသော ဂျပန်ဘာသာ၊ မြန်မာဘာသာ၊ ရုရှားဘာသာအသင်းများကို နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာ ဒေါ်သက်ယုကလည်းကောင်း၊ အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိကြသော ကိုရီးယားဘာသာ၊ ဂျပန်ဘာသာ၊ ပြင်သစ်ဘာသာအသင်းများကို စီမံဘဏ္ဍာဌာနမှ ဌာနမှူး ဒေါ်ကြည်ကြည်မေကလည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဆုရ ကိုရီးယားဘာသာအသင်းကို သင်တန်းရေးရာဌာနမှ ဌာနမှူး ဦးကြီးမြိုင်က လည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဆုရ ဂျပန်ဘာသာအသင်းကို ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က လည်းကောင်း ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# မိုင် ၁၀၀၀ ကျော်ခရီး လမ်းလျှောက်သူ လယ်ဝေးမြို့မှဖြတ်သန်း

**လယ်ဝေး ဇွန် ၂၃**

ပြင်ဦးလွင်မြို့မှ ရန်ကုန်မြို့သို့ လမ်းဟောင်းအတိုင်း အသွားအပြန် မိုင် ၁၀၀၀ ခရီး လမ်းလျှောက်သူ ဦးကျော်ကျော်ဝင်းသည် ယနေ့နံနက် ၁၀နာရီ မိနစ် ၅၀ တွင် လယ်ဝေးမြို့နယ် မိုင်တိုင်အမှတ် (၂၃၈/၄) သို့ရောက်ရှိရာ **(အောက်ပုံ)** မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးနေဇော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြိုဆိုခဲ့ကြပြီး မြို့နယ်အား/ကာဦးစီးဌာနမှဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ **ကျော်စွာ(လယ်ဝေး)**



# အိုလံပစ်နေ့အထိမ်းအမှတ် အခြေခံပညာကျောင်းပေါင်းစုံ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် လွန်ဆွဲပွဲ ကျင်းပ

**ပုဏ္ဏားကျွန်း ဇွန် ၂၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့အခြေခံပညာအထက်တန်းကျောင်းဝင်း၌ အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် အခြေခံပညာကျောင်းပေါင်းစုံ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် လွန်ဆွဲပွဲကို ဇွန် ၂၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကို အားကစားနှင့်ကာယပညာဦးစီးဌာနကကြီးမှူး၍ ပုဏ္ဏားကျွန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းအဆင့် ကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝါ၊ စိမ်း၊နီ၊ပြာ အသင်းလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲ၌ အနိုင်ရရှိသည့်အသင်းများကို ပထမဆု ငွေကျပ် ငါးသောင်း၊ ဒုတိယဆု ငွေကျပ် သုံးသောင်း စီချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အား/ကာ အရာရှိ ဦးခင်မောင်ဌေးက ပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

# လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှစ်လုံးပြိုကျ

**ဟိုင်းကြီးကျွန်း ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ရှိ အုတ်တွင်းကျေးရွာအုပ်စု ဘုန်းတော်ပြည့် ရွာဟောင်းတွင် ဇွန် ၂၃ ရက် နံနက် ၅ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ပြိုကျပျက်စီးခဲ့သောနေအိမ်နှစ်လုံးမှာ သစ်တိုင်၊ ဓနိမိုး၊ ဓနိကာ၊ ပျဉ်ခင်းအမျိုးအစားဖြစ်ပြီး ဘုန်းတော်ပြည့်ကျေးရွာနေ ရေလုပ်ငန်းလုပ်ကိုင်ကြသော ဦးစိုင်းမျိုးအောင်နှင့် ဦးရွှေလှတို့၏နေအိမ်များဖြစ်ကြောင်း ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် လေဘေးသင့်အိမ်ထောင်စုများကို နီးစပ်ရာနေအိမ်များသို့ ပြင်ခရိုင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့တို့က ယာယီပြောင်းရွှေ့နေရာချပေးထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း
စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို
မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ
ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန်
စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့
ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၁၁၆၆၇၀၁၊ ၀၉၄၂၁၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children
World Vision

# မိုးသည်းထန်သဖြင့် ကော့သောင်း-ဘုတ်ပြင်းလမ်းပေါ်ရေကျော်မှုဖြစ်ပွား

**ကော့သောင်း ဇွန် ၂၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဇွန် ၂၂ ရက် ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ပြည်ထောင်စုလမ်းမကြီး၏ ကော့သောင်း-ဘုတ်ပြင်းလမ်းပိုင်း မလိဝမ်းကျေးရွာအထွက်တွင် ကားလမ်းမပေါ် ရေလျှံရေကျော်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါလမ်းပိုင်း၏ ဝဲဘက်တွင် တောင်ကုန်းတောင်တန်းများပေါ်မှ မိုးသည်းထန်သဖြင့် စီးဆင်းလာသည့် ရေများနှင့်အတူ အမှိုက်သရိုက်များ ပါရှိလာပြီး လမ်းဖြတ်ရေပြွန်ပိတ်ဆို့မှုဖြစ်ကာ ပြည်ထောင်စုလမ်းမကြီးပေါ် ရေလျှံ ရေကျော်သဖြင့် ဖြတ်သန်းသွားလာနေကြသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ ရပ်နားထားခဲ့ရကြောင်း၊ အဆိုပါနေရာရှိ လမ်းဖြတ်ရေပြွန်မှာ ကျဉ်းမြောင်းမှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းချိန်များတွင် တောင်ကြောများပေါ်မှ အလုံးအရင်းဖြင့် စီးဆင်းလာသည့် ရေနှင့်အတူ အမှိုက်သရိုက်များ ပိတ်ဆို့မှုကြောင့် ကားလမ်းမပေါ် ရေကျော်စီးဆင်းကာ လမ်းပျက်စီးမှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်မိကြောင်း ဒေသခံရွာသားတစ်ဦးက ပြောသည်။ မကြာမီမိုးရာသီကာလအတွင်းမိုးများသည့် ဒေသဖြစ်သည်နှင့်အညီ ထိုဖြစ်စဉ်မျိုးထပ်မံဖြစ်ပွားပါက ခရီးသွားလာသည့် မော်တော်ယာဉ်များ၊ ဒေသခံပြည်သူများ အခက်အခဲများ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်သဖြင့် တာဝန်ရှိအဖွဲ့အစည်းများ အနေဖြင့် ကွင်းဆင်းစစ်ဆေးကြည့်ရှုကာ ပြန်လည်ပြုပြင်ပေးစေလိုသည့် ဆန္ဒများရှိကြောင်း ဒေသခံကျေးလက်ပြည်သူများထံမှ သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ညောင်တုန်းမြစ်ကမ်းကာကွယ်ထိန်းသိမ်းရေး ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံတည်ဆောက်ရေးလုပ်ငန်းများအချိန်မီပြီးစီး

**ညောင်တုန်း ဇွန် ၂၃**

ဧရာဝတီမြစ်နှင့်ပန်းလှိုင်မြစ်ဆုံတွင်တည်ရှိသော ညောင်တုန်းမြို့ မြစ်ကမ်းမှာ နှစ်စဉ်ရေကြောင်းများထိုးစီးခြင်း၊ ရေနက်အိုးများဖြစ်နေခြင်း၊ မိုးရာသီရေများချိန်တွင် ရေစီးဆင်းနှုန်းများခြင်းတို့ကြောင့် မြစ်ကမ်းအိကျခြင်း၊ ကမ်းပြိုခြင်းများကို နှစ်စဉ်ကြုံတွေ့လျက်ရှိရာ ယခုနှစ် ဖေဖော်ဝါရီလက ညောင်တုန်းမြို့ ၂၀ လမ်းမြစ်ကမ်းတွင် ဆိုးဆိုးရွားရွားကွဲအက်နိမ့်ကျခဲ့သဖြင့် အချိန်မီကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏တင်ပြချက်များနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ၏ အချိန်မီစီစဉ်ဆောင်ရွက်ပေးချက်များအရ ညောင်တုန်းမြို့ မြစ်ကမ်းကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ရေမတက်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

အထူးစိုးရိမ်ခဲ့ရသော ညောင်တုန်းမြို့ ၂၀ လမ်းမြစ်ကမ်းတွင် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံအလျား ပေ ၂၅၀၊ မျောတိုင်တန်းအခြေထိန်းရေကာတာအလျား ပေ ၂၅၀၊ ညောင်တုန်းမြို့ ၂၄ မှ ၂၇ လမ်းအထိ မြစ်ကမ်းဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံအလျား ပေ ၃၃၀ နှင့် မျောတိုင်တန်းအခြေထိန်းရေကာတာများ တည်ဆောက်ခဲ့ရာ မြစ်ရေမတက်မီရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

“ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံတည်ဆောက်ရေးလုပ်ငန်းတွေ မြစ်ရေမတက်မီ အချိန်မီပြီးစီးအောင် နေ့ရောညပါ ဆောင်ရွက်ခဲ့ရတာပါ။ ညဘက်မှာလုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ လျှပ်စစ်ဌာနကလည်း မီးလင်းရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြပါတယ်။ အခုလုပ်ငန်းတွေအားလုံးပြီးစီးသွားပါပြီ။ အခုအချောသပ်လုပ်ငန်းလေးတွေနဲ့ ရှင်းလင်းရေး သန့်ရှင်းရေးများ ဆောင်ရွက်နေပါတယ်”ဟု မအူပင်ခရိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အုန်းက ပြောသည်။

ညောင်တုန်းမြို့ မြစ်ကမ်းကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၉၀၀၀ ကျခံသုံးစွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညောင်တုန်းမြို့မြစ်ကမ်း၌ အထူးစိုးရိမ်ရသောနေရာများတွင် ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံများ တည်ဆောက်ခဲ့ရာ မြစ်ကမ်းပါးပြိုမှု များစွာသက်သာသွားသဖြင့် စိတ်ချရသောအနေအထားဖြစ်နေသဖြင့် မြို့လူထုမှာစိတ်အေးရကြောင်း သိရှိရသည်။

“ညောင်တုန်းမြို့ မြစ်ကမ်းတစ်လျှောက်တွင် ကျောက်စီမြေထိန်းနံရံတွေတည်ဆောက်ပေးမှုကြောင့် မြို့အတွက် စိတ်ချရတဲ့အနေအထားဖြစ်ပါတယ်။ ကျန်ရှိတဲ့ မြစ်ကမ်းနေရာတွေအားလုံးကိုလည်း လာမယ့်နွေရာသီမှာ ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံတွေဆက်လက်တည်ဆောက်ပေးစေလိုပါတယ်။ ဒါမှလည်းမြို့အတွက် ပိုစိတ်ချရမှာပါ ”ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးဌေးဝင်းက ပြောသည်။

**နေလင်း(ညောင်တုန်း)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် ကျောက်စိမ်းတုံးများ သယ်ဆောင်သည့်ယာဉ်နှစ်စီးဖမ်းမိ

**နေပြည်တော် ဇွန် ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၀၂ စီး၊ သွင်းကုန် ၅၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈ စီး၊ သွင်းကုန် အစီး ၁၂၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၃ ဒသမ ၅၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းကတားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၃၆၅ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃ ဒသမ ၈၆၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၂ ရက်က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Nissan March နှင့် Honda Acty ယာဉ်တို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းတုံးများ 990 Kg နှင့် သယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၅၀ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



သိုဝှက်သယ်ဆောင်လာသည့်ကျောက်စိမ်းတုံးများ

# ဟန်တာ(၂)အထည်ချုပ်စက်ရုံအလုပ်သမားများ စက်ရုံရှေ့တွင် ဆန္ဒထုတ်ဖော်

**ရန်ကုန် ဇွန် ၂၃**

လှိုင်သာယာ ရွှေလင်ပန်းစက်မှုဇုန် ပန်းတဥ်းဝန် ဦးရွှေဘင်လမ်းရှိ ဟန်းတက်(၂) အထည်ချုပ်စက်ရုံမှ အလုပ်သမားရာကျော်က စက်ရုံ၏သောက်သုံးရေသန့်ရှင်းမှု မရှိသည့် အချက်အပါအဝင် တောင်းဆိုချက် ချက်ကိုဇွန်၂၃ ရက်တွင် သုံးရက်မြောက်အဖြစ် စက်ရုံရှေ့၌ ဆန္ဒထုတ်ဖော်လျက်ရှိကြောင်း သိရသည်။

အထည်ချုပ်စက်ရုံမှာ တရုတ်နိုင်ငံသားပိုင်စက်ရုံဖြစ်ပြီး စပို့ရှပ်အင်္ကျီ၊ မိုးကာအင်္ကျီတို့ ထုတ်လုပ်သော စက်ရုံဖြစ်၍ အလုပ်သမားနှစ်ထောင်ခန့် အလုပ်လုပ်ကိုင်လျက်ရှိကာ စက်ရုံရှေ့တွင် အလုပ်သမားရာကျော်က စတင်၍ဆန္ဒထုတ်ဖော်လျက်ရှိပြီး အလုပ်သမားကိုယ်စားလှယ်ခုနစ်ဦးနှင့် စက်ရုံမန်နေဂျာတို့ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညှိနှိုင်းဖျန်ဖြေရေးရုံးတွင် ဆက်လက်ညှိနှိုင်းလျက်ရှိကာ အဆိုပါ ဖြစ်စဉ်အား စက်ရုံသို့မေးမြန်းရာတွင် အစည်းအဝေးလုပ်နေ၍ ဖြေကြားနိုင်ခြင်းမရှိကြောင်း စက်ရုံလုံခြုံရေးဝန်ထမ်းတစ်ဦးက ပြောဆိုသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ဦးကိုနီလုပ်ကြံမှုတွင် ပါဝင်ပတ်သက်သူ အောင်ဝင်းခိုင်ဖမ်းဆီးရမိရေး စီမံကြီးကြပ်ရှာဖွေသူ ရဲမှူးအား စစ်ဆေး

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်ပြီး သေနတ်သမားကြည်လင်းပါ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့အား ယနေ့ နံနက် ၁၀ နာရီ ၅ မိနစ်က ရန်ကုန်မြောက်ပိုင်းခရိုင် အထူးခုံရုံးသို့ ရုံးထုတ်ခဲ့ပြီး တရားခံပြေးအောင်ဝင်းခိုင်အား ရှာဖွေဖမ်းဆီးရမိရေး အဓိက စီမံကြီးကြပ်သူ မှုခင်းရဲတပ်ဖွဲ့(ရန်ကုန်) အမှတ်(၂၀) မှုခင်းရဲတပ်ဖွဲ့စု ရဲမှူးတင်မောင်ဆွေအား စစ်ဆေးခဲ့ကြောင်း သိရသည်။

ယနေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် တရားခံပြေး အောင်ဝင်းခိုင်နှင့်ပတ်သက်ပြီး အထူးခုံရုံးမှ ဖမ်းဝရမ်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အတည်ပြု ဆောင်ရွက်ချက်များမှ မှုခင်းရဲတပ်ဖွဲ့(ရန်ကုန်) အမှတ်(၂၀) မှုခင်းရဲတပ်ဖွဲ့စု ရဲမှူးတင်မောင်ဆွေက ပြည်တွင်း ပြည်ပ၊ အာဆီယံနိုင်ငံများ၊ အင်တာပို(အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့)နယ်စပ်ဂိတ်များမှ အောင်ဝင်းခိုင်အား ဖမ်းဆီးရမိရေး ဆက်သွယ်ဆောင်ရွက်ချက် ပြန်ကြားစာ စာရွက်စာတမ်းများအား တင်ပြမှုကို အထူးခုံရုံးကစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် နောက်အပတ်ရုံးချိန်းတွင် တရားခံပြေး အောင်ဝင်းခိုင်မျက်ကွယ်တွင် လူသတ်မှု၊ လက်နက်သက်သေများကို ဆက်လက်စစ်ဆေး ဆောင်ရွက်သွားရန် အမိန့်ချမှတ်ခဲ့ပြီး နောက်တစ်ပတ်ရုံးချိန်းကို ဇွန် ၃၀ ရက်တွင် ပြန်လည်ချိန်းဆိုပြီး ရာဇဝတ်မှုအမှတ်(၄၅/၂၀၁၇) လူသတ်မှုတွင် တရားလိုပြုလုပ်သူ ရဲအုပ်မိုးနိုင်အား စစ်ဆေးရန် ချိန်းဆိုထားကြောင်း မြောက်ပိုင်းခရိုင် တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ပြန်ကြားရေးအရာရှိ ဦးရဲလွင်ထံမှ သိရသည်။

တရားလို အကျိုးတော်ဆောင်ရှေ့နေ ဦးနေလက "ဒီနေ့က ရဲမှူး တင်မောင်ဆွေကို စစ်တယ်၊ ပထမစစ်ထားတဲ့ သက်သေ ၁၁ ယောက် ထွက်ချက်၊ စစ်ဆေးချက်တွေကို ဂယနဏတင်ပြသွားတယ်၊ တရားခံပြေးအောင်ဝင်းခိုင်ကို ၃၀-၁-၂၀၁၇ ရက် ည၈ နာရီ နေပြည်တော် ပရဆေးဥယျာဉ်အရောက် ယာဉ်မောင်းဦးရဲထွဋ်လှိုင်က ကိုယ်တိုင်မောင်းပို့ခဲ့ကြောင်း ပေါ်ပေါက်တယ်။ တရားခံပြေးဖမ်းမိဖို့ ကြိုးပမ်းမယ်လို့ပြောခဲ့တယ်။ ခုတော့ မင်နီသက်သေ ထွက်ချက်များအရ လတ်တလော ဖမ်းဆီးနိုင်ခြင်းမရှိ အမိန့်ကို ချမှတ်လိုက်တာပါပဲ၊ ရာဇဝတ်ဆိုင်ရာ ပြင်ဆင်မှုတင်သွင်းဖို့တော့ရှိပါတယ်"ဟု ပြောသည်။



တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့်လုပ်ကြံသူ ကြည်လင်း၊ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အောင်ဝင်းထွန်းတို့အား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်လာစဉ်

**သတင်းနှင့်ဓာတ်ပုံ မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပြည်ပအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့သူနှစ်ဦးအား အမှုဖွင့်

**မိတ္ထီလာ ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဇောင်းချမ်းကုန်းကျေးရွာမှ ရွာသားငါးဦးအား ပြည်ပအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့သူနှစ်ဦးအား အမှတ်(၂)နယ်မြေရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်ထားကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(၁)မိတ္ထီလာမှ သိရှိရသည်။

ဖြစ်စဉ်မှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(၁)မိတ္ထီလာမှ တပ်ဖွဲ့စိတ်မှူး ဒုရဲမှူး ဝင်းညွန့်၊ ရဲအုပ်စိုင်းထွန်းထွန်းလှတို့သည် ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ဇောင်းချမ်းကုန်းကျေးရွာသို့ သွားရောက်ပြီး နယ်မြေသတင်းစုံစမ်းစဉ် တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသော ကျော်မြင့်ဦးပါငါးဦးအား တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းတို့အား မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွှေပန်းတောတိုက်နယ် ဒန့်ဒလွန်ပင်ကျေးရွာအုပ်စု ကံသာကျေးရွာနေ စိုးထက်အောင်(၂၉ နှစ်)နှင့် ၎င်းအစ်ကိုဖြစ်သူ စိုးညွန့်ဦးတို့က တရုတ်နိုင်ငံ စန်းတုံပြည်နယ် စန်းတုံမြို့ရှိ မုန့်စက်ရုံသို့ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ တရုတ်နိုင်ငံသို့ပို့ဆောင်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် စိုးထက်အောင်နှင့် စိုးညွန့်ဦးတို့နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(၁)မိတ္ထီလာမှ ရဲအုပ်စိုင်းထွန်းထွန်းလှက တရားလိုပြုလုပ်၍ တိုင်တန်းခဲ့ရာ မိတ္ထီလာမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅ ပြားနှင့် ဘိန်းမည်းများ ဖမ်းဆီးရမိ

**တာလောကြီး ဇွန် ၂၃**

မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာတွင် ဇွန် ၂၂ ရက် နံနက် ၁၀ နာရီခန့်က စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅ ပြားနှင့် ဘိန်းမည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တာလောကြီး နယ်မြေရဲစခန်းမှ ဒုရဲအုပ်ရောသိန်းထိုက်နှင့်အဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးဆန်းထူး၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များဖြစ်သော ကိုဖိုးစိုး ဦးဆောင်သည့် အဖွဲ့ဝင်များနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ တာလောကြီးကျေးရွာ နယ်မြေ(၄)ရှိ ဒေါ်ဂျာရော် နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားအသင့်တွေ့ရှိပြီး ၎င်းက လူမနေသည့် အိမ်ခြံဝင်းအတွင်းသို့ အထုပ်တစ်ခု လွှတ်ပစ်လိုက်သည်ကို တွေ့ရှိရသဖြင့် စစ်ဆေးရာ အထုပ်အတွင်း ဘိန်းမည်းအလေးချိန် စုစုပေါင်း(၈၀၄ ဒသမ ၉)ဂရမ်ခန့် ကာလတန်းဖိုးငွေကျပ် ၁၁၂၆၈၆၀ နှင့် အိမ်သာခေါင်မိုးမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅ ပြား ကာလတန်းဖိုးငွေကျပ် ၄၀၉၅၀၀၀ သိန်းတို့အား ရှာဖွေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ ဒေါ်ဂျာရော်(၆၁နှစ်)အား တာလောကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီး မှန်လုံယာဉ်ပေါ်မှ ကျောက်စိမ်းတုံးများဖမ်းဆီးရမိ

**မူဆယ် ဇွန် ၂၃**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ယာဉ်ငယ်စစ်ဆေးရေးဂိတ်အနီး၌ ဇွန် ၂၂ ရက် နံနက် ၅ နာရီ မိနစ် ၄၀ ခန့်က မှန်လုံယာဉ်ပေါ်မှ ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အနီး ဇွန် ၂၂ ရက် နံနက် ၅ နာရီ မိနစ် ၄၀ ခန့်က မန္တလေး-လားရှိုး-မူဆယ်ဘက်သို့ ထွက်ခွာလာသော ရွှေပြည့်စုံ အဆင့်မြင့်ခရီးသည်တင်ယာဉ်အမှတ်SHN/8H-----မှန်လုံယာဉ်သည် ယာဉ်ငယ်စစ်ဆေးရေးဂိတ်အရောက် ကုန်သွယ်ရေးဇုန်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းနှင့် ဦးစီးအရာရှိ ဦးအောင်ဇော်မင်းတို့ပါဝင်သော အဖွဲ့များနှင့် OSS ရဲတပ်ဖွဲ့ဝင်များက အဆိုပါ မှန်လုံယာဉ်အား မသင်္ကာသဖြင့် ကုန်သွယ်ရေးဇုန်အတွင်းသို့ခေါ်ဆောင်၍ စစ်ဆေးခဲ့ရာ သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းတုံးအရွယ်စုံ ဆိုက်စုံ ၅၄ တုံး စုစုပေါင်း ၁၄၉၉ ဂရမ်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ဇွန် ၂၃ ရက်က ကုန်သွယ်ရေးဇုန်မှတာဝန်ရှိသူများနှင့် အကောက်ခွန်မှ တာဝန်ရှိသူများက အဆိုပါယာဉ်အား မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချ လုပ်သားများဖြင့် ထပ်မံရှာဖွေခဲ့ရာ ကျောက်စိမ်းတုံးအရွယ်စုံ ဆိုက်စုံ ၂၄ တုံးကို ထပ်မံရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါကားပေါ်မှ စုစုပေါင်း ကျောက်စိမ်းတုံး ၇၈ တုံး (၂၂၉၉ ကီလိုဂရမ် )တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါတရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင်လာသော ရွှေပြည့်စုံ မှန်လုံယာဉ်အမှတ် SHN/8H-----နှင့် သိမ်းဆည်းရမိထားသော ကျောက်စိမ်းတုံးများကို အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် ကုန်သွယ်ရေးဦးစီးဌာနမှ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ သန့်ဇင်(မူဆယ်)**



# အရက်မူးယစ်သောက်စား ရမ်းကားသူ အဆိုတော်နှစ်ဦးအား ဒဂုံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူ

**ရန်ကုန် ဇွန် ၂၃**

ဇွန် ၂၂ ရက် ည ၉ နာရီက လူမှုကွန်ရက်စာမျက်နှာပေါ်၌ ဦးဝိစာရလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်၌ အဆိုတော်နှစ်ဦး မူးယစ်သောင်းကျန်းနေကြကြောင်း သတင်းအရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ဖွင့်လှစ်ထားသော 199 Call Center က ဒဂုံမြို့မရဲစခန်းသို့ သတင်းချပြခဲ့ပြီး ရှင်းလင်းဆောင်ရွက်စေခဲ့သည်။

ယင်းနေ့ည ၉နာရီ မိနစ်၂၀ ခန့်တွင် ဒဂုံမြို့မရဲစခန်းမှ လှည့်ကင်းမီးတန်းယာဉ် တာဝန်ကျ ရဲအုပ်ပီတာအောင်ပါ တပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်အမှတ် 4C---- SOLUNA VIOS ယာဉ်နှင့်အတူ အရက်သေစာသောက်စားကာ ဆူပူရမ်းကားနေသူ စိုးလှိုင်ရှိန် (ခ)ထူးအယ်လင်း (၄၈ နှစ်) နှင့် နေလင်းသင်း (ခ)ကော်ဘရာ (၃၅ နှစ်)တို့နှစ်ဦးတွေ့ရှိရသဖြင့် ၎င်းတို့စီးနင်းအသုံးပြုသော မော်တော်ယာဉ်အားစစ်ဆေးရာ ယာဉ်၏ရှေ့ခန်းထိုင်ခုံနှစ်ခုကြား၌ အရိုးအသွား ၁၉ လက်မခန့်ရှိ ရဲဒင်းတစ်လက်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ဒဂုံမြို့မရဲစခန်းက ဥပဒေအရအမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**



# အချုပ်ထောင်ဖောက် ထွက်ပြေးသူအား ဖမ်းဆီးရမိ

**မြဝတီ ဇွန် ၂၃**

ကရင်ပြည်နယ် ကော့ကရိတ် အချုပ်ထောင်မှ ထွက်ပြေးလွတ်မြောက်သွားသော တရားခံခြောက်ဦးအနက် နိုမာမက်(ခ)ထွန်းထွန်း(၁၉နှစ်)အမှတ် (၅) ရပ်ကွက် ကော့ကရိတ်မြို့နေသူအား ဇွန် ၂၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သန်းထိုက်အောင် ဦးစီးအဖွဲ့၊ မြဝတီခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်မျိုးကျော် ဦးစီးပူးပေါင်းအဖွဲ့တို့ဖြင့် မြဝတီမြို့ ချစ်ကြည်ရေးတံတားအောက်မှ ပြန်လည်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် နိုမာမက်(ခ) ထွန်းထွန်း ကျူးလွန်ခဲ့သည့် မှုခင်းဖြစ်စဉ်မှာ ဇွန် ၁ ရက် ည ၈ နာရီ ၅ မိနစ်က ကော့ကရိတ်မြို့မရဲစခန်းမှ ရဲအုပ်ကျော်မင်းဦး ဦးစီးအဖွဲ့သည် ကော့ကရိတ်မြို့ပေါ် ရပ်ကွက်များတွင် လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ် (၅) ရပ်ကွက်အရောက် နိုမာမက်(ခ) ထွန်းထွန်းမှာ ဓားကိုင်ဆောင်၍ သောင်းကျန်းနေသဖြင့် ဝင်ရောက်ဖမ်းဆီးရာမှ ၎င်းအား အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားဦးချွန်နှင့်အတူ ဖမ်းဆီးရမိခဲ့၍ ကော့ကရိတ်မြို့မရဲစခန်းတွင် အမှုဖွင့်ထားပြီး အမှုဖြင့် စစ်ဆေးနေစဉ်ကာလအတွင်း ကော့ကရိတ် အချုပ်ထောင်တွင် ချုပ်နှောင်ထားစဉ် ဇွန် ၃ ရက် ည ၈ နာရီ၄၅ မိနစ်က အချုပ်ထောင်အားဖောက်ကာ ထွက်ပြေးလွတ်မြောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး**

# အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ မြန်မာနိုင်ငံမှအားကစားနည်း ၁၂ မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၂၂**

မလေးရှားနိုင်ငံ၌ လာမည့်စက်တင်ဘာတွင်ကျင်းပမည့် (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့မှအားကစားနည်း ၁၂ နည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခင်နှစ်စင်ကာပူ နိုင်ငံတွင်ကျင်းပခဲ့သော (၈) ကြိမ်မြောက် ပါရာဆီးဂိမ်းထက် အောင်မြင်မှု ရွှေတံဆိပ်ရရှိရန်ကြိုးစားသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ သိရသည်။



(၉)ကြိမ်မြောက် ပါရာဂိမ်းတွင်သွားရောက်ယှဉ်ပြိုင်မည့် ထိုင်လျက် ဘော်လီဘောကစားသမားများ လေ့ကျင့်နေစဉ်

"အခုလာမယ့် (၉) ကြိမ်မြောက် ပါရာဆီးဂိမ်းမှာ မြန်မာနိုင်ငံအနေနဲ့ အားကစားနည်း ၁၂ နည်းပါဝင်ယှဉ်ပြိုင်သွားမှာပါ။ ကစားသမားတွေ အမည်စာရင်းအတိအကျတော့ မရသေးဘူး။ အားကစားသမားစုစုပေါင်း၁၀၀ ကျော်နဲ့ သွားရောက်ယှဉ်ပြိုင်ဖို့ စီစဉ်နေပါတယ်။ မနှစ်ကတော့ ရွှေတံဆိပ် ၁၆ ခုရခဲ့ပြီး အာဆီယံနိုင်ငံအတွင်း ရပ်တည်မှုမှာ အဆင့် (၆)ရခဲ့တယ်။ ဒီနှစ်မှာတော့ ကျွန်တော်တို့ အားကစားသမားအဖွဲ့အနေနဲ့ မနှစ်ကထက် ရွှေတံဆိပ်ရရှိမှုပိုမို စွမ်းဆောင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားမှာပါ"ဟု မြန်မာနိုင်ငံမသန်စွမ်းသူ များ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအနေဖြင့် အားကစားနည်း ၁၆ နည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ယင်းထဲမှ အားကစားနည်း ၁၂ နည်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ ရေကူး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဝှီးချဲဘတ်စကက်ဘော၊ ခုနစ်ဦးဘောလုံးအသင်း၊ စစ်တုရင်၊ ဘိုစီယာ၊ ဘိုးလင်း၊ အလေးမ၊ မြားပစ်နှင့်ဂိုးဘောတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ အာဆီယံမသန်စွမ်း အားကစားအဖွဲ့သည် ပြီးခဲ့သော(၈) ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေ ၁၆ ခု၊ ငွေ ၁၈ ခုနှင့် ကြေး ၂၈ ခုရရှိခဲ့ပြီး နိုင်ငံအလိုက်ရပ်တည်မှုတွင် အဆင့်(၆)နေရာမှ ရပ်တည်လျက်ရှိကာ အိမ်ရှင်အဖြစ်ကျင်းပခဲ့သော (၇)ကြိမ်မြောက် ပါရာဂိမ်းပြိုင်ပွဲတွင် အဆင့်(၅)နေရာမှ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

အာဆီယံနိုင်ငံများအတွင်း၌ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ထိပ်တန်း၌ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် မလေးရှားနိုင်ငံများက ထိပ်တန်းမှ နှစ်စဉ်အဆင့်လိုက်ဦးဆောင်ရပ်တည်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ယင်းနိုင်ငံများနောက်မှ ကပ်လျက်ရပ်တည်လျက်ရှိသည်။ ယခု မလေးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၉) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကြီးကို လာမည့်စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့အနေဖြင့် အဆိုပါ ပြိုင်ပွဲမတိုင်ခင် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ





- လီဗာပူးအသင်းသည် အီဂျစ်နိုင်ငံသား ရိုးမား တောင်ပံကစားသမား မိုဟာမက်ဆာလာကို ကနဦးပြောင်းရွှေ့ကြေး ယူရို ၄၂ သန်းဖြင့် နှစ်ရှည်စာချုပ်တစ်ရပ် အပြီးသတ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။ ဆာလာနှင့် လီဗာပူးအသင်းတို့သည် အောင်မြင်မှု များဆွတ်ခူးနိုင်ခဲ့ပါက ထိုပြောင်းရွှေ့ပမာဏသည် ယူရို သန်း ၅၀ အထိ ရောက်ရှိသွားနိုင်ကြောင်း ရိုးမားအသင်းဘက်က အပြောင်းအရွှေ့အသေးစိတ်ကို အတည်ပြုထုတ်ပြန်ခဲ့သည်။ ၎င်းသည် ပြီးခဲ့သောရာသီက ဖာမီနိုဝတ်ဆင်ခဲ့သော ကျောနံပါတ် ၁၁ ကို ဝတ်ဆင်ကစားမည်ဖြစ်ပြီး ကျောနံပါတ် ၉ ကို ဖာမီနိုက ဝတ်ဆင်ကစားမည်ဖြစ်ကြောင်းလည်း သိရသည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဖရန့်ခ် ဒီဘိုဝါးကို မန်နေဂျာအဖြစ် ခန့်အပ်ရန် နီးစပ်နေပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။ နယ်သာလန် လက်ထောက်မန်နေဂျာအဖြစ် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ကိုင်တွယ်ခဲ့ဖူးသော ဒီဘိုဝါး (၄၇နှစ်)သည် ယခုအခါ ပဲလေ့စ်အသင်းနှင့် ဆွေးနွေးမှုမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းလည်း သိရသည်။
- ၂၀၁၇-၂၀၁၈ရာသီ စကော့တလန် ပရီမီယာရှစ်ကို ဩဂုတ် ၅ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ လက်ရှိစကော့တလန်ချန်ပီယံ ဆဲလ်တစ်အသင်းသည် အဖွင့်ပွဲစဉ်အဖြစ် အိမ်ကွင်း၌ ဟတ်စ်အသင်းကို လက်ခံယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။
- ဇွန် ၂၂ ရက်က ဂျာမနီနှင့် ချီလီအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သော ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ၌ တစ်ဂိုးသွင်းယူခဲ့သော ဆန်းချက်ဇ်သည် မာဆယ်လိုဆာလက်စ် စံချိန်တင်ထားခဲ့သော ၃၇ ဂိုးကို ကျော်ဖြတ်ကာ ၃၈ ဂိုးဖြင့် ချီလီဘောလုံးသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားဖြစ်လာကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- ဂျာမန်ကလပ် မိန့်ဇ်အသင်းသည် ဂျာမနီလက်ရွေးစင်ဂိုးသမား အက်လာကို နှစ်နှစ်စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများအရ သိရှိရသည်။ အက်လာ (၃၂နှစ်) သည် လေဗာကူဆင်အသင်းနှင့် ဟမ်းဘတ်အသင်းတို့တွင် ပွဲပေါင်း ၂၅၅ ပွဲကစားထားကြောင်း သိရှိရသည်။
- ဘလက်ပူးအသင်းသည် ဘော်လ်တန်တိုက်စစ်ကစားသမား မက်စ် ကလေတန်ကို တစ်နှစ်သက်တမ်းတိုးခွင့်နှင့်အတူ နှစ်နှစ်စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။ ကလေတန် (၂၂) နှစ်သည် ၂၀၁၄ခုနှစ်တွင် ခရီဝီအသင်းမှ ဝန်ဒါယာအသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး ပြီးခဲ့သောရာသီတွင် ၁၃ ပွဲပါဝင်ကစားပေးထားပြီး ချန်ပီယံရှစ်သို့ တန်းတက်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

**ဇော်ဇော်**

# ၂၀၁၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၃**

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန် စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ဦးဆောင်၍ ၂၀၁၇ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့ နံနက် ၆နာရီက အောင်လံမြို့ ပြည်လမ်း၊ ညိမ်းစတိုးရှေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက သေနတ်ပစ်ဖောက် တာလွှတ်ပေးသည်။

အဆိုပါ စက်ဘီးစီးနင်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ကျော် ပါဝင်စီးနင်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**




MYANMAR CONSTRUCTION MCEA-KACHIN ENTREPRENEURS ASSOCIATION

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ( ကချင်ပြည်နယ် )
MYANMAR CONSTRUCTION ENTREPRENEURS ASSOCIATION ( KACHIN )

**ဖိတ်ကြားလွှာ**

သို့
ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ
ကချင်ပြည်နယ်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ( ကချင်ပြည်နယ် )၏ ဗဟိုကော်မတီဝင် ရွေးချယ်တင်မြှောက်ပွဲ နှင့် ပထမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ တွေ့ဆုံပွဲ ( ၂၀၁၇ ) ကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**
နေ့ရက် - ၁.၇.၂၀၁၇ ( စနေနေ့ )
အချိန် - နံနက် ( ၀၉း၀၀ ) နာရီ
နေရာ - မြို့တော်ခန်းမ ၊ မြစ်ကြီးနားမြို့။

ဖိတ်ကြားသူ - MCEA - KACHIN



## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

**၂၀၁၆ခုနှစ်** တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ် စဉ်(၃၄)မှ သူငယ်ချင်း ဗိုလ်မှူးရဲရင့်ထွန်း(ငြိမ်း)-ဒေါ်စိုးစိုးစံတို့၏သမီး **မကဗျာချို** သည် ခြောက်ဘာသာဂုဏ်ထူးရမှတ် ၅၆၁ မှတ်ဖြင့် **မြန်မာတစ်နိုင်ငံလုံး ဒုတိယအမှတ်အများဆုံး**ရရှိခဲ့ပြီး ယခုနှစ် **၂၀၁၇ခုနှစ်** တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်လည်း သူငယ်ချင်း (ဗိုလ်မှူးကြည်ခင်) - ဒေါ်ဥမ္မာကံမြင့်တို့၏သမီး **မကြည်စင်စု**သည် ခြောက်ဘာဂုဏ်ထူး ရမှတ်(၅၅၂)မှတ်ဖြင့် **မြန်မာတစ်နိုင်ငံလုံး တတိယအမှတ်အများဆုံး**ဖြင့် အောင်မြင်ခဲ့ခြင်း၊ ကျန်သူငယ်ချင်းများ၏သားသမီးများအနက် သုံးဘာသာဂုဏ်ထူးရှင်သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင်လေးဦးနှင့် ရိုးရိုးအောင်ခြောက်ဦးတို့ အသီးသီးအောင်မြင်ခဲ့ကြ၍ သူငယ်ချင်းမိသားစုများနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၄)မိသားစုများ**



**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရောဝတီတိုင်းဒေသကြီး၊ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောင်းမြခရိုင်၊ကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀)ပြည်သူ့ဆေးရုံတွင် သုံးစွဲရန်အတွက်လိုအပ်သော FDAအသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်မှန်နှင့်ဓာတ်ခွဲခန်းသုံးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၆-၆-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၇-၂၀၁၇ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများအသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့။**
**ဖုန်း-၀၄၂-၇၁၂၉၁၊ ၀၉-၇၉၁၂၂၉၉၆၁**



## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲအထက နဝမတန်းမှ မောင်လှိုင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းနိုင် ၇/သကန(နိုင်)၀၈၃၆၂၀ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းနိုင်**

## ပျောက်ဆုံးကြောင်း

မောင်သောင်းဇင်မိ (ဘ) ဦးဇမ်းခိုပေါင် ၄/တဇန(နိုင်)၀၁၈၆၁၁၏ မြန်မာနိုင်ငံ ကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွား၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၈၇၃၆၁၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးချော်ယုတ်ယု၏သမီး ဒေါ်ခင်စန်းရီနှင့် ခင်သိန်းဟံ၁၂/ဒဂတ(နိုင်) ၀၃၂၀၆၈ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ခင်စန်းရီ(ခ)ခင်သိန်းဟံ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ အထက၊ ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်တန်းမှ မောင်နန်းထိုက်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးလရောင် ၈/စလန(နိုင်)၀၃၄၆၁၀ ဖြစ်ပါသည်။

**ဦးလရောင်**

## ဖခင်အမည်မှန်

ရေးမြို့နယ်၊ ကံလှကျေးရွာ မူလတန်းလွန်ကျောင်း စတုတ္ထတန်းမှ မောင်ကောင်းထက်စံ၏ ဖခင်အမည်မှန်မှာ ဦးထွန်းရီ ၁၀/ရမန(နိုင်) ၀၆၁၆၃၄ ဖြစ်ပါသည်။

## အိမ်ငှားရန်ရှိသည်

လှည်းတန်းခိုင်ရွှေဝါလမ်းတွင် ၂၈ပေ×၄၅ပေရှိ မြေညီထပ်အားငှားရန်ရှိသည်။
ရုံးခန်း၊ လူနေ ၇၀၀၀၀၀/-(ညှိနှိုင်း)
ပွဲစားလိုသည်
ဆက်သွယ်ရန် - ၀၉ ၂၅၉၇၀၈၄၄၈၊ ၀၉ ၇၈၀၀၀၅၃၅၁

## တစ်ဦးတည်းဖြစ်ပါကြောင်း

မုဒုံမြို့၊ ထိန်ကုန်းရပ်နေ ဦးညွန့်တင်၏သား မောင်မင်းမင်း ၁၀/မဒန(နိုင်)၁၀၂၈၈၇ နှင့် ဦးမင်းမင်းဦးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။**မောင်မင်းမင်း(ခ)ဦးမင်းမင်းဦး**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ပေါက်လေးပင် ကျေးရွာနေ ဦးအောင်စိုးနိုင်၏သမီး မအေးသန္တာစိုး ၈/စလန(နိုင်) ၁၉၄၄၂၇၏ အမည်မှန်မှာ မသန္တာစိုး ဖြစ်ပါသည်။ **မသန္တာစိုး**

## ပျောက်ဆုံးကြောင်း

ဦးကျော်စိုးနိုင် (ဘ) ဦးဝေလေး ၁၂/သဃက(နိုင်)၁၇၄၈၇၄၏ CDC-91304 , 4 Ticket လက်မှတ်ပျောက်ဆုံးသွား၍ တွေ့ရှိက အကြောင်းကြားပေးပါ ရန်။

**ဦးကျော်စိုးနိုင်**
**ဖုန်း-၀၉-၉၆၄၉၀၄၄၀၀**

## ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ် ဒုဗိုလ်မှူးကြီးမင်းနိုင် အမည်နှင့် ချပေးထားသော မြေတိုင်းအမှတ် (၄၃၆)၊ ရာဇသင်္ကြန်လမ်း မြေချပါမစ်မှာ ပျောက်ဆုံးသွားသဖြင့် ပါမစ်မိတ္တူ ပြန်လည်လျှောက်ယူရန်အတွက် ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း အောက်ပါဖုန်းနံပါတ်သို့ စာရွက်စာတမ်း အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

**ဦးညိုဝင်းအောင် ဖုန်း-၀၉-၇၉၉၉၈၂၃၆၆**

## ပျောက်ဆုံးကြောင်း

Hnin Yadanar Aung Co.,Ltd. ၏ ကားပါမစ်လိုင်စင် အမှတ်- ILV-17-18 7501(16-5-17)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉ ၄၂၀၂၅၆၈၃၄

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5B/5934 , Nissan Diesel , DumpTruck ယာဉ်လက်ဝယ်ရှိသူ Asia World Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံးခွဲ**
**(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၂) ရပ်ကွက်၊ တိုက်အမှတ် ၁၃၄/၁၄၄၊ အခန်းအမှတ် ၀၀၂သည် တိုက်ခန်းအမည်ပေါက် ဦးဇင်ကိုကိုဝင်း(ခ)စည်သူဝင်း ၁၂/ပဘတ(နိုင်) ၀၃၃၂၉၅ဖြစ်ပါသည်။ အဆိုပါ အခန်းအမည်ပေါက် ထံမှ ဦးကြည်မောင် ၁၃/လလန(နိုင်) ၀၄၅၁၄၃ -ဦးအောင်လင်း ၁၃/လလန(နိုင်) ၀၄၃၂၈၃ က စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည် ပြောင်းလဲရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ(၂)၊ နေပြည်တော်သို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ပြည်လမ်းနှင့် ရွှေဟသာလမ်းထောင့်၊ တိုက်အမှတ်(အေ)၊ အခန်း(၉၀၄)သည် တိုက်ခန်းအမည်ပေါက်ဒေါ်ခင်နွယ်မာထွန်း ၁၃/ကတန(နိုင်)၀၀၂၆၉၈ဖြစ်ပါသည်။အဆိုပါအခန်းအမည်ပေါက်ထံမှ ဦးသန့်စင်မိုး ၁၂/ဗဟန(နိုင်) ၀၇၅၆၅၉ က စာချုပ်စာတမ်းဖြင့် အပြီးဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ မြေနှင့် အိမ်ရာဌာနခွဲ၊ အိမ်ရာ(၂)၊ နေပြည်တော်သို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၇) ရပ်ကွက်၊ သစ္စာလမ်း၊ မြေကွက်အမှတ် ၂၁၅၊ ပေ(၄၀×၆၀)မြေကွက်နှင့် တစ်ထပ်ခွဲ၊ RC တိုက်အပါ၊ နှစ်၆၀ ဂရန်မြေအား ပိုင်ဆိုင်သူ ဦးဇော်မင်းဦး ၁၂/ရကန(နိုင်)၀၂၀၂၆၇၊ အမှတ်(၂၀/၁၁)၊ မဋ္ဌူလမ်းသွယ် (၄)၊ (၈)ရပ်ကွက်၊ ရန်ကင်းထံမှ ကျွန်မ ဒေါ်ခင်နွဲ့အုန်း ၁၂/သကတ(နိုင်)၁၀၅၄၂၈ သည် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေဝယ်ယူပြီး ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှနှစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ခင်နွဲ့အုန်း ၁၂/သကတ(နိုင်)၁၀၅၄၂၈**
**ဖုန်း-၀၉-၃၁၁၃၄၇၅၁**

## မှုခင်းသတင်းတိုများ

### တရားမဝင်ကုန်ပစ္စည်းများတင်ဆောင်လာသောခြောက်ဘီးကားများဖမ်းဆီးရမိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနီး ရှောင်ကွင်းလမ်းများပေါ်တွင် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင်လာသော ခြောက်ဘီးကားငါးစီးကို ဇွန် ၂၀ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကုန်သွယ်ရေးဇုန်အနီး ရှောင်ကွင်းလမ်းများတွင် တရားမဝင်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိကြောင်း မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမြင့်သူရ ဦးဆောင်သည့်အဖွဲ့၏ သတင်းပေးပို့ချက်အရ ရဲတပ်ဖွဲ့ဝင်များက စောင့်ဆိုင်းဖမ်းဆီးစဉ် ကုန်သွယ်ရေးဇုန်ကို ရှောင်ကွင်း၍ လားရှိုးမှ မူဆယ်ဘက်သို့ တရားမဝင် အချိုရည်ဘူး၊ ဝိုင်ပုလင်း၊ နို့ဆီဘူး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင်လာသော ခြောက်ဘီးကားနှစ်စီးကို နံနက် ၃ နာရီခန့်တွင် ဖမ်းမိခဲ့ပြီး နံနက် ၁၁ နာရီခန့်တွင် တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များ တင်ဆောင်ထားသောခြောက်ဘီးကားသုံးစီးကို ထပ်မံဖမ်းမိခဲ့ခြင်းဖြစ်သည်။ တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင်လာသော အဆိုပါ ခြောက်ဘီးကား ငါးစီးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ရန်အတွက် (၁၀၅)မိုင် ကုန်သွယ်ရေးဦးစီးဌာနက အကောက်ခွန်ဦးစီးဌာနထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ **သန့်ဇင်-မူဆယ်**

### စိတ်မနှံ့သူတစ်ဦးက ပုဆိန်ကိုင်ရမ်းကားနေ၍ဝိုင်းဝန်းဖမ်းဆီးခဲ့ရ

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် (က)ရပ်ကွက် သီရိမင်္ဂလာလမ်းမပေါ်၌ ဇွန် ၂၀ ရက်က စိတ်မနှံ့သူတစ်ဦး ပုဆိန်ကိုင်ကာ လမ်းသွားလမ်းလာများအား ရမ်းကားနေ၍ တာဝန်သိပြည်သူများက မြို့မရဲစခန်းသို့ သွားရောက်အကြောင်းကြားပြီး ဝိုင်းဝန်းဖမ်းဆီးခဲ့ရကြောင်း သိရသည်။ အဆိုပါ စိတ်မနှံ့သူသည် လောင်းလုံးမြို့နယ် ရေဖြူကျေးရွာအုပ်စု ကထိန်ကြီးကျေးရွာနေ တင်မောင်ထွေး(၂၇ နှစ်)ဖြစ်ပြီး စိတ်ရောဂါဖြစ်နေသည်မှာ ကြာပြီဖြစ်ကာ ကျန်းမာရေးမှူးထံ ပြသဆေးထိုးနေကြောင်း မိဘအုပ်ထိန်းသူကပြောကြားသဖြင့် မြို့မရဲတပ်ဖွဲ့က အုပ်ထိန်းသူမိဘများသို့ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။ ဒေသခံများကမူ ယခုဖြစ်စဉ်သည် အုပ်ထိန်းသူများနှင့် ပတ်ဝန်းကျင်နေသူများအတွက် အန္တရာယ်အလွန်ကြီးမားသဖြင့် သက်ဆိုင်ရာ ဆေးရုံများသို့ပို့ကာ ကုသပေးသင့်ကြောင်း ဝေဖန်ပြောကြားလျက်ရှိသည်။ **စိုးထွန်း(ပြန်/ဆက်)**

### နှစ်လုံးထီလောင်းကစားပြုလုပ်နေသည့်အမျိုးသမီးတစ်ဦးအားဖမ်းမိ

ပခုက္ကူမြို့ အမှတ်(၉)ရပ်ကွက်ရှိ ကပ်ကျော်မာန်အောင်ဘုရားဝင်းအတွင်း နှစ်လုံးထီလောင်းကစားပြုလုပ်နေသည့် အမျိုးသမီးတစ်ဦးအား ဇွန် ၂၀ ရက်က ဖမ်းဆီး အရေးယူခဲ့ကြောင်း ပခုက္ကူမြို့မရဲစခန်းမှ သိရသည်။ ဘုရားဝင်းအတွင်း နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်းသတင်းအရ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအုပ်မျိုးနိုင်နှင့်အဖွဲ့က သွားရောက်ဖမ်းဆီးရာ မဥမ္မာ(၄၃ နှစ်)အား နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများနှင့် လောင်းကြေးငွေကျပ် ၁၀၈၀၀ နှင့်အတူ ဖမ်းမိခဲ့၍ ပခုက္ကူမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

### ဆိုင်ကယ်နှင့် အုတ်သယ်ကား မျက်နှာချင်းဆိုင်တိုက်

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ကားလမ်းပေါ်၌ ဆိုင်ကယ်ကို အရှိန်မထိန်းနိုင်၍ အုတ်သယ်ကားနှင့် မျက်နှာချင်းဆိုင်တိုက်မှု ဇွန် ၂၀ ရက်က ဖြစ်ပွားခဲ့သည်။ တိုက်ကြီးမြို့နေ ကိုထွန်းထွန်းဦး(၄၃ နှစ်) မောင်းနှင်သော နံပါတ်မပါ ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောပေါ်သို့ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ လမ်းမှန်အတိုင်း ယာဉ်မောင်း ကိုဝင်းအေးမောင်းနှင်လာသော အုတ်သယ်ယာဉ်နှင့် တိုက်မိခဲ့ခြင်းဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူ ကိုထွန်းထွန်းဦးမှာ ပြင်းထန်ဒဏ်ရာများရရှိကာ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသထားရကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်ကို မဆင်မခြင်မောင်းနှင်သူ ကိုထွန်းထွန်းဦးအား အမှုဖွင့်ထား ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

### တောင်တွင်းကြီးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

တောင်တွင်းကြီးမြို့ ရွှေကြာအင်း(၁)ရပ်ကွက်ရှိနေအိမ်တစ်အိမ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဇွန် ၂၀ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း တောင်တွင်းကြီးမြို့မရဲစခန်းမှ သိရသည်။ တောင်တွင်းကြီးမြို့ ရွှေကြာအင်း(၁)ရပ်ကွက်နေ သက်နိုင်ထွန်း(၂၇နှစ်)၏ နေအိမ်၌ မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းအရ တောင်တွင်းကြီးမြို့မရဲစခန်းမှ ဒုရဲအုပ်သက်နိုင်နှင့်အဖွဲ့က ဝင်ရောက်ရှာဖွေရာ သက်နိုင်ထွန်းနှင့် ၎င်း၏ဇနီး မစန္ဒာ ညွှန့်တို့အား တွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ ပြားနှင့် အစိမ်းရောင်ဆေးပြားငါးပြားနှင့် စိုစွတ်လုံးထွေးနေသည့် ပန်းရောင်ဆေးပြား ခြောက်ပြားကို တွေ့ရှိပြီး နေအိမ်ဝင်ပေါက် အုတ်လှေကားအောက်တွင် ဆေးပြား ၁၈ ပြားကို ထပ်မံတွေ့ရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သက်နိုင်ထွန်းနှင့် မစန္ဒာညွှန့်တို့နှစ်ဦး အား တောင်တွင်းကြီးမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

### ထီးလင်းတွင် မော်တော်ယာဉ်တိမ်းမှောက်

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ထီးလင်း - ဂန့်ဂေါကားလမ်းတွင် ကုန်တင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်၍ လမ်းယာဘက်ဘေး ပေ ၅၀ ခန့်အနက်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်မှု ဇွန် ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယာဉ်မောင်းမြတ်သူ မောင်းနှင်သည့် ဘိလပ်မြေအိတ်များ တင်ဆောင်လာသော ကုန်တင်ယာဉ်သည် အရှိန်မထိန်းနိုင်၍ ချောက်ထဲထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူများ တွေ့ရှိချိန်တွင် ယာဉ်မောင်းမှာ ကားခေါင်းအတွင်းညပ်၍ သေဆုံးကာ ယာဉ်အကူကို ကားခေါင်းအတွင်းမှ ဆွဲထုတ်ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ယာဉ်အကူ၏ ပြောကြားချက်အရ ဘရိတ်ပေါက်၍ တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ထီးလင်းမြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၀၁)**

## ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့်ပတ်သက်၍ ဒေသခံများအားရှင်းလင်း

**ဘားအံ ဇွန် ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဝတ်ကြီး၊ ထုံးတောင်နှင့် သုံးအိမ်ကျေးရွာများအနီးတွင် Ultra Super Critical (USC) နည်းပညာအသုံးပြု၍ အကောင်အထည်ဖော်တည်ဆောက်ရန် လျာထားသည့် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် ပတ်ဝန်းကျင်သက်ရောက်မှုဆိုင်ရာ(EIA) ဆန်းစစ်လေ့လာခြင်း လုပ်ငန်းစဉ်များကို ဒေသခံပြည်သူများအား ဇွန် ၂၁ ရက်က ရှင်းလင်းခဲ့ကြောင်း သိရသည်။



ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပခဲ့သည့် ရှင်းလင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးလိုအပ်သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ လျှပ်စစ်မီးမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်သည့်အလုပ်ကို အပြည့်အဝ တာဝန်ယူကြောင်း၊ ကျောက်မီးသွေးဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန် စတင်ခြင်းဖြစ်၍ ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်ဆန္ဒဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုမရှိလျှင် ပြည်သူကပေးသည့်ပြစ်ဒဏ်ကို ခံယူမည်ဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်းကူညီကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးသန်းနိုင်က ကျောက်မီးသွေးသုံး လျှပ်စစ်စွမ်းအင်ရရှိရန် ပြည်ထောင်စုအစိုးရထံသို့ ကရင်ပြည်နယ်မှ ပထမဦးဆုံး တင်ပြခဲ့သည့်အတွက် ကုမ္ပဏီက လာရောက်အခြေပြု ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် ပြောရေးဆိုခွင့်လည်း ရရှိနေပြီဖြစ်၍ မရှင်းလင်းသည်များကို ရှင်းလင်းသည်အထိ မေးမြန်းနိုင်ကြောင်း၊ ရှင်းလင်းမှုများကို ဝေဖန်ပိုင်းခြား ဆန်းစစ်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝတ်ကြီးဆရာတော်ဦးကာရုညက ၂၀၁၇ ခုနှစ် မေ ၇ ရက်မှ ၁၃ ရက်အထိ ဂျပန်နိုင်ငံတွင် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို သွားရောက်လေ့လာခဲ့ရာ ကျောက်မီးသွေးကို အဆင့်မြင့်နည်းပညာများဖြင့် ဖယ်ရှား၍ အကျိုးရှိစွာအသုံးချနေသည်ကို တွေ့ရှိခဲ့ရကြောင်း မိန့်ကြားသည်။

အဆိုပါစီမံကိန်းကို Toyo Thai Power Myanmar ကုမ္ပဏီလီမိတက်(TTCL) က တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၁၂၈၀ မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်ကာ Ultra Super Critical(USC )နည်းပညာ အသုံးပြု၍ ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့်လျှပ်စစ်ဓာတ်အားများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ ရောင်းချကာ မဟာဓာတ်အားလိုင်းပေါ်သို့ ချိတ်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် TTLC ကုမ္ပဏီမှ တာဝန်ရှိသူများက စီမံကိန်းနှင့်ပတ်သက်သော အကြောင်းအရာများနှင့် ပတ်ဝန်းကျင်သက်ရောက်မှု ဆန်းစစ်လေ့လာခြင်းလုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်တာဝန်ခံက ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်း ပြောကြားကာ နိုင်ငံတကာပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (ERM)မှ ဒါရိုက်တာ ဩစတြေးလျနိုင်ငံသား Mr.David Nicetolson က စီမံကိန်းနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒေသခံပြည်သူများက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါ ရှင်းလင်းပွဲသို့ ဒေသခံပြည်သူများ၊ CSO များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ စုစုပေါင်း လူဦးရေ ၄၅၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## စမိုးချောင်းနှင့် လှေကွဲမြောင်း အချိန်မီတူးဖော်ပြီးစီး၍ ရပ်ကွက်နှင့် လယ်မြေများ ရေကြီးနစ်မြုပ်မှုကို ကာကွယ်နိုင်

**ရေတာရှည် ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့အနီး အနောက်မှ အရှေ့သို့စီးဆင်းသော စမိုးချောင်းငယ်သည် နှစ်စဉ်မိုးရာသီကာလရောက်တိုင်း ရေများပြည့်လျှံကာ ရေတာရှည်မြို့ အမှတ် (၆)ရပ်ကွက်၊ အမှတ် (၁)ရပ်ကွက်များနှင့် ချောင်းစီးဆင်းရာတစ်လျှောက်ရှိ လယ်မြေများသို့ ရေဝင်ရောက်လျက်ရှိရာ ယခုနှစ်တွင် ပြန်လည်တူးဖော်ပြီးစီးသဖြင့် ရေနစ်မြုပ်ခံရမှုကို ကာကွယ်နိုင်ပြီဖြစ်ကြောင်း သိရသည်။



ယခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရ၏ခွင့်ပြုရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စမိုးချောင်းနှင့် လှေကွဲမြောင်းများ တူးဖော်ခြင်းကို စစ်တောင်းမြစ်အထိ စက်ယန္တရားများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

“ဒီရက်ပိုင်းရွာတဲ့မိုးက ဆွာချောင်းတမံမှာ မိုးရေချိန် ၃ ဒသမ ၉၁ လက်မနဲ့ ရေတာရှည်မြို့မှာက မိုးရေချိန် ၃ ဒသမ ၇၀ လက်မဆိုတော့ အတော်များတယ်လို့ ပြောလို့ရတယ်။ ဒါပေမယ့် စမိုးချောင်းနဲ့ လှေကွဲမြောင်းတွေ တူးဖော်တာကို ကြိုတင်ဆောင်ရွက်ထားလို့ ရေကြီးရေလျှံမှုက ကာကွယ်ပြီးသားဖြစ်သွားတယ်”ဟု ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်က ပြောကြားသည်။

စမိုးချောင်း ရေစီးရေလာကောင်းအောင် အချိန်မီဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ရေတာရှည်မြို့နယ်အတွင်းရှိ ပေါက်ချောင်း၊ ခင်တန်း၊ ဘိုးတော်ကုန်း၊ ကြံသန္တယ်နှင့် မော်ဝါကျေးရွာအုပ်စုများ၌ မိုးရာသီကာလ စိုက်ပျိုးထားသော စပါးခင်းများ ရေဝင်နစ်မြုပ်ပျက်စီးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်၍ တောင်သူများအတွက်လည်း များစွာအဆင်ပြေစေကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်မည့် တောင်သူများအား ချေးငွေပေးအပ်

**ငဖဲ ဇွန် ၂၃**

ငဖဲမြို့နယ်အတွင်းမှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြမည့် တောင်သူများအတွက် ချေးငွေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငဖဲမြို့နယ် သမဝါယမဦးစီးဌာနက ဇွန် ၂၁ ရက်က ပေးအပ်ခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဒုတိယကာလတို ငါးနှစ် လယ်ယာကဏ္ဍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် သမဝါယမဦးစီးဌာနအနေဖြင့် ချေးငွေပေးအပ်ခြင်းဖြစ်ကြောင်း၊ ငဖဲမြို့နယ်အတွင်း သမဝါယမအသင်းကိုးသင်းမှ လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်သွားမည့် အသင်းသား ၃၇ ဦး၏ လယ်မြေ ၃၃ ဧကနှင့် ယာမြေ ၇၈ ဧကအတွက် ပံ့ပိုးချေးငွေ ကျပ် ၃၃၃ သိန်းကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## နေပြည်တော် ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့ အမှုစစ်(အရာရှိ) လုပ်ငန်းခွင် မွမ်းမံသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၃**

နေပြည်တော် ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမတွင် အမှုစစ် (အရာရှိ) လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၁၇) ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ နေပြည်တော် မြို့နယ်လေးမြို့နယ်မှအရာရှိ ရဲတပ်ဖွဲ့ဝင်ပေါင်း ၂၀ နှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ပြီး သင်တန်းအား ဇွန် ၁၉ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**



# မန္တလေးတိုင်းဒေသကြီးအတွင်း ဧက ၄၀၀၀ ကျော်၌ မျိုးသန့်စပါး မျိုးစေ့ထုတ်လုပ်မည်

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ၏ စပါးစိုက်ပျိုးရေးလုပ်ငန်းများအထွက်နှုန်းကောင်းမွန်မြင့်မားစေရန် ၂၀၁၈ ခုနှစ်အတွက် မျိုးသန့်စပါးမျိုးစေ့ထုတ်လုပ်ခြင်းကို ဧက ၄၀၀၀ ကျော်၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးဦးကျင်မောင်က ပြောကြားသည်။

မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းများကို မျိုးစေ့ထုတ်လုပ်ရေးအကျိုးတော်ဆောင်အဖွဲ့က ဧက ၁၅၀၀ ကျော်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ဧက ၅၀၀ ကျော်၊ ကုမ္ပဏီများက ဧက ၈၀၀ ကျော်နှင့် တောင်သူများ ဧက ၂၀၀၀ ကျော် စုစုပေါင်း ဧကလေးထောင်ကျော်တွင် လုပ်ဆောင်သွားမည်ဖြစ်သည်။

"တောင်သူတွေစိုက်ပျိုးမှုအားလုံး အခြေအနေအတူတူခြင်းမှာ မျိုးသန့်တစ်ခုကိုပြောင်းလဲလိုက်တာနဲ့ သူရဲ့အထွက်နှုန်းဟာ ၁၅ တင်း၊ တင်း ၂၀ ပိုထွက်လာတယ်။ ဒါက တောင်သူတွေကို အများကြီး အထောက်အကူပြုတယ်။ မျိုးအဖြစ် များများသုံးနိုင်လေ တောင်သူတွေအတွက် အများအပြား စိုက်ပျိုးနိုင်လေပဲ"ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးကပြောသည်။

မျိုးသန့်မျိုးစေ့များရရှိရေးအတွက် ဌာနတစ်ခုတည်းအနေဖြင့်လုပ်ဆောင်လျှင် ထိရောက်မှုနည်းပါးနိုင်သောကြောင့် ပုဂ္ဂလိက၊ တောင်သူ၊ ကုမ္ပဏီများ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ပြီး လိုအပ်သောမျိုးများကို ပူးပေါင်းလုပ်ဆောင်နေသည့်အဖွဲ့များအား ဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် စပါးကို မျိုးသန့်မျိုးစေ့ထုတ်လုပ်နေသကဲ့သို့ အခြားသောသီးနှံများဖြစ်သည့် မြေပဲ၊နှမ်း၊နေကြာ စသည်တို့ကိုလည်း မျိုးသန့်ထုတ်လုပ်သွားရန်စတင်နေပြီဖြစ်ရာ ပဲမျိုးစုံအတွက် ၄၀၈ ဧက၊ ဆီထွက်သီးနှံအတွက် ဧက ၁၂၀ ကို ၂၀၁၈ ခုနှစ်အတွင် မျိုးသန့်ထုတ်လုပ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ လက်ရှိ ၂၀၁၇ ခုနှစ်တွင်လည်း စပါးမျိုးသန့်မျိုးစေ့အဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်းမှ လယ်ယာများ၏ ၇၀ ရာခိုင်နှုန်းကျော်နှင့် ပဲမျိုးစုံစိုက်ပျိုးမှုအတွက် ၅၀ ရာနှုန်းကျော်ကို မျိုးသန့်မျိုးစေ့များ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်မှုပညာက များစွာအရေးပါ

**မန္တလေး ဇွန် ၂၃**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်မှုပညာ(Communication For Development-C4D)သည် များစွာအရေးပါပြီး ပြည်သူများနှင့် အနီးကပ်ဆုံးထိတွေ့ဆက်ဆံနေရသူ ပြန်/ဆက်ဝန်ထမ်းများ၊ အခြား ဌာနဆိုင်ရာ ဝန်ထမ်းများအား သင်ကြားပို့ချပေးရန် C4D သင်ရိုးညွှန်းတမ်းကို ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး ပြုစုရေးဆွဲထားကြောင်း မန္တလေးမြို့ ယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်းမှ C4D သင်တန်း နည်းပြတစ်ဦးဖြစ်သူ ကိုငြိမ်းချမ်းဝေက ပြောသည်။

"နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ပူးပေါင်းဆောင်ရွက်မှုက အလွန်အရေးပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ပူးပေါင်းပါဝင်မှုကိုရရှိဖို့ ဆိုတာ သူတို့ ရဲ့ပူးပေါင်းဆောင်ရွက်နိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးရမှာဖြစ်ပြီး အဲဒီလိုမြှင့်တင်ပေးတဲ့နေရာမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်မှုပညာ(Communitcation For Development)က များစွာအရေးပါပါတယ်။ ဒါကြောင့် တိုင်းပြည်ရဲ့အခြေခံအကျဆုံး လူ့စွမ်းအား အရင်းအမြစ်ဖြစ်တဲ့ ပြည်သူတွေနဲ့ အနီးကပ်ဆုံးထိတွေ့ဆက်ဆံနေရသူ ပြန်/ဆက်ဝန်ထမ်းတွေ၊ အခြားဌာနဆိုင်ရာဝန်ထမ်းတွေကို သင်ကြားပို့ချပေးဖို့ C4D သင်ရိုးညွှန်တမ်းကို နားလည်တတ်ကျွမ်းတဲ့ပညာရှင်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ပြုစုရေးဆွဲခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

C4D သင်တန်းများကို ပြန်ကြားရေးဝန်ကြီးဌာန၊ ယူနက်စကို၊ LIFT၊ Myanmar Books and Preservation Foundation(MBAPF)၊ ယုံကြည်ရာအသင်းပညာပြန့်ပွားရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ များတွင် မေလမှစတင်ပြီး ဖွင့်လှစ်ပို့ချလျက်ရှိသည်။ မန္တလေးမြို့တွင် မဟာအောင်မြေမြို့နယ်၊ ယုံကြည်ရာအသိပညာပြန့်ပွားရေးစာကြည့်တိုက်၌ C4D သင်တန်းအမှတ်စဉ် ၁၆ ကို ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း ၂၄ ဦး တက်ရောက်သင်ကြားခဲ့ကာ သင်တန်းတွင် ICT မိတ်ဆက်နှင့် မိုဘိုင်းဖုန်းအသုံးပြုနည်းများ၊ Online Website များတွင် သတင်းအချက်အလက်များ ရှာဖွေရယူခြင်း၊ ဆက်သွယ်ပြောဆိုရေးဆိုင်ရာ ကိရိယာနှင့်နည်းလမ်းများ၊ အွန်လိုင်းကျင့်ဝတ်နှင့် ကိုယ်ပိုင်သတင်းအချက်အလက်များ လုံခြုံစိတ်ချစွာအသုံးပြုခြင်း စသည့် သင်ခန်းစာများကို ယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်းရှိ သင်တန်းနည်းပြများက စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# စီးပွားရေးလုပ်ငန်း ဆန်းသစ်တီထွင်မှု တွေးခေါ်ကြံဆခြင်းသင်တန်းဖွင့်လှစ်

**မြစ်ကြီးနား ဇွန် ၂၃**

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြသော စီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းဆန်းသစ်တီထွင်မှုနှင့် ဖွံ့ဖြိုးမှုအတွက် တွေးခေါ်ကြံဆခြင်းသင်တန်းကို မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးခန်းမ၌ ဇွန် ၂၂ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဈေးကွက်ယှဉ်ပြိုင်မှုမြင့်မားလာသော ယနေ့ခေတ်တွင် မြန်မာ့ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်များ ဈေးကွက်ရရှိရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရန်၊ ထုတ်ကုန်များ တီထွင်ဆန်းသစ်မှုရှိလာပြီး လုပ်ငန်းများရှင်သန်ကြီးထွားလာစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဦးက ပြောသည်။

နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် ၉၉ ရာခိုင်နှုန်းသည် အသေးစားနှင့် အလတ်စားလုပ်ငန်း(SMEs) များဖြစ်ကြရာ SMEs လုပ်ငန်းများ အောင်မြင်မှ နိုင်ငံ၏ စီးပွားရေး အောင်မြင်မည်ဖြစ်ကြောင်း၊ SMEs များသည် နိုင်ငံလူဦးရေ၏ လေးပုံသုံးပုံကို အလုပ် အကိုင်အခွင့်အလမ်းများ ပေးလျက်ရှိ၍ တိုင်းပြည်တစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် SMEs များသည် အဓိကအသက်သွေးကြောအဖြစ် တည်ရှိနေသည်ကို တွေ့ရကြောင်း၊ SMEs များသည် နိုင်ငံဖွံ့ဖြိုးမှု၏ မောင်းနှင်အားဖြစ်သကဲ့သို့ စွန့်ဦးတီထွင်မှု(Entrepreneurship)လုပ်ငန်းလည်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးက ဆက်လက်ပြောကြား သည်။



သင်တန်းတွင် မိရိုးဖလာလုပ်ကိုင်နေကြသော SMEs များအနေဖြင့် မိမိတို့ ရှေ့ဆက်လုပ်ရမည့်လုပ်ငန်းများအတွက် Business Plan ရေးဆွဲခြင်း၊ ထုတ်ကုန်များကို တီထွင်ဆန်းသစ်ထုတ်လုပ်လာနိုင်စေသည့် အတွေးအခေါ်သစ်များ ကြံဆခြင်း၊ ဈေးကွက်သစ်ဖန်တီးခြင်းနှင့် လုပ်ငန်းများကိုစနစ်တကျစီမံခန့်ခွဲခြင်း စသည့် အကြောင်းအရာများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီသင်တန်းမှာ အသေးစားအလတ်စား စီးပွားရေးလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင် စီးပွားရေးသမားတွေကို စီးပွားရေးလုပ်ကိုင်တဲ့နေရာမှာ လိုအပ်နေတဲ့ နည်းပညာ၊ တွေးတောကြံဆမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ရမလဲဆိုတဲ့ အသိဉာဏ်ပညာရပ်တွေကို အဓိကထားပြီး သင်ကြားပေးသွားမှာဖြစ်ပါတယ်"ဟု အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အဆိုပြုအဖွဲ့ဝင် ပါမောက္ခဦးအေးကျော်က ပြောသည်။

"အသေးစား အလတ်စား SMEs လုပ်ငန်းတွေဟာ ဟိုအရင်ကတည်းက ရှိတယ်။ ဒီလုပ်ငန်းတွေကို စနစ်တကျနဲ့ အောင်မြင်အောင် မလုပ်နိုင်ကြဘူး။ အသေးစား၊ အလတ်စား လုပ်ငန်းလုပ်ကိုင်နေတဲ့သူတွေဟာ လုပ်ထားတဲ့အရင်းအနှီး သုံးနှစ်လောက်ဆို ပျောက်သွားကြတာတွေရှိတယ်"ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါသင်တန်းကို စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် FNF အဖွဲ့အစည်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် ပါမောက္ခဦးအေးကျော် ဦးစီးပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင် ၄၀ အား စီးပွားရေးဆိုင်ရာပညာရပ်များကို ဇွန် ၂၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ကျောင်းကုန်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုကို ပေါင်ပျိုးသည့်စနစ်ဖြင့် ဆောင်ရွက်လာ

**ကျောင်းကုန်း ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း မိုးဦးကာလ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ပေါင်စနစ်ဖြင့်စိုက်ပျိုးမှုများကို စတင်ဆောင်ရွက်လာကြောင်း သိရသည်။

ကောက်ကြီးကုန်းအုပ်စု ကုလားစုရွာတွင် မုတ်သုန်ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့က တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်စေရေးစင်တာ ဆောက်လုပ်ကာ ပေါင်စနစ်ဖြင့်စိုက်ပျိုးမှုများအပါအဝင် တောင်သူလယ်သမားများ၏ အခက်အခဲကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ပေါင်စနစ်ဖြင့် ပျိုးပင်များပျိုးထားသော တောင်သူ ဦးဝင်းရီက ပျိုးပင်များမှာ ဆယ်ရက်သားခန့်ရှိပြီဖြစ်ကြောင်း၊နောက်ဆယ်ရက်ခန့်ဆိုလျှင် စိုက်ပျိုးတော့မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် မုတ်သုံအဖွဲ့မှ စိုက်စရိတ်ထောက်ပံ့ပေးကြောင်း ပြောကြားသည်။ ကျောင်းကုန်းမြို့နယ်အတွင်း လက်ရှိအချိန်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒါးကမြစ်ရေ မြင့်တက်လာလျက်ရှိရာ နှစ်စဉ် ရေနစ်မြုပ်လေ့ရှိသော ဒေသများအနေဖြင့် ပျိုးပင်များကို မစိုက်ပျိုးရဲသေဘဲ ရေပြန်ကျမှသာ စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထင်ကျော်ဦးကလည်း စိုက်ပျိုးရေးဝန်ထမ်းများအနေဖြင့် တောင်သူများအား ပေါင်စနစ်ဖြင့် ပျိုးထောင်မှုကို လိုက်လံပြသပေးလျက်ရှိကြောင်းနှင့် ပျိုးပင်များကို ဇူလိုင်လတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျောင်းကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုလာမည့် မိုးစပါးရာသီတွင် မြို့နယ်အတွင်း မျိုးထုတ်စိုက်ဧက ၁၅၀ ကို ကျေးရွာအုပ်စု ၁၇ အုပ်စုမှ တောင်သူ ၃၃ ဦးနှင့် ပူးပေါင်း၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# နမ့်ခမ်းဓာတ်အားခွဲရုံ၌ ၁၀ အမ်ဗွီအေ ထရန်စဖော်မာသစ် တိုးမြှင့်တပ်ဆင်

**နမ့်ခမ်း ဇွန်၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့ ကွန်လုံကျေးရွာရှိ (၆၆/၁၁)ကေဗွီဓာတ်အားခွဲရုံတွင် တပ်ဆင်အသုံးပြုလျက်ရှိသော ၅ အမ်ဗွီအေ ထရန်စဖော်မာကို ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၀ အမ်ဗွီအေထရန်စဖော်မာဖြင့် ဝန်အားတိုးမြှင့်တပ်ဆင် မှုများ ဇွန် ၂၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်တပ်ဆင်အသုံးပြုထားသော ၅ အမ်ဗွီအေ ထရန်စဖော်မာသည် ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက်နှင့် ကျေးရွာ ၁၇ ရွာကို ဓာတ်အားဖြန့်ဖြူးပေးရာတွင် ဓာတ်အားလုံလောက်မှုမရှိသဖြင့် ဝန်အားလျှော့ကာ အလှည့်ကျ ဖြန့်ဖြူးပေးနေရသည့်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ လမ်းညွှန်မှုဖြင့် Junction River Trading ကုမ္ပဏီလီမိတက်က ကျွမ်းကျင်ဝန်ထမ်းများနှင့်အတူ တပ်ဆင်ဆောင်ရွက်နေခြင်းဖြစ်သည်။ လုပ်ငန်းဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်မြောက်ပိုင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာဌာနမှူး၊ မူဆယ်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ၊ နမ့်ခမ်းမြို့နယ် လျှပ်စစ် အင်ဂျင်နီယာတို့က အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နမ့်ခမ်းဓာတ်အားခွဲရုံအတွင်းမှ နှစ်ကြာ Switchgear ပစ္စည်းများကိုလည်း အသစ်လဲလှယ်ပေးသွားမည်ဖြစ်ပြီး ၁၀ အမ်ဗွီအေ ထရန်စဖော်မာ ဝန်အားတိုးမြှင့်တပ်ဆင်ဆောင်ရွက်မှု ပြီးစီးပါက ရွာပေါင်း ၁၁ ရွာ အိမ်ခြေ ၁၇၀၀ ခန့်အတွက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



# မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးဟောပြော

**စေတုတ္တရာ ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဗန္ဓုရရပ်ကွက်ရှိ မြို့လယ်ဓမ္မာရုံ၌မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို စေတုတ္တရာမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ဇွန် ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် စေတုတ္တရာမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းနိုင်က ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများအတွင်း မူးယစ်ဆေးဝါး ရောင်းချခြင်း၊ သုံးစွဲခြင်း မရှိစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့်ဖြစ်ပေါ်စေနိုင်သော လူမှုရေး၊ စီးပွားရေးများ ထိခိုက်မှုများ၊ ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို ဟောပြောခဲ့သည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# မန္တလေး ဥယျာဉ်တော်(၁၈)ရပ်တွင် ဗုဒ္ဓဆင်းတုတော်များ လှူဒါန်းနိုင်

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်ပရိဝုဏ်အတွင်း တည်ရှိသော ဥယျာဉ်တော်(၁၈)ရပ်တွင် အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ဗုဒ္ဓဆင်းတုတော်များ ထားရှိကိုးကွယ်လျက်ရှိရာ ပြည်သူများ လာရောက်လေ့လာနိုင်ပြီး ဗုဒ္ဓဆင်းတုတော်များလည်း လှူဒါန်းနိုင်ကြောင်းသိရသည်။

အဆိုပါ ဥယျာဉ်တော်ကြီးကို မြေဧက ၃၀ အကျယ်၌ ၂၀၁၃ ခုနှစ် ဩဂုတ်လက စတင်၍ ပဓာန ဆရာတော် ဘဒ္ဒန္တတိက္ခ ကြီးမှူးပြီး နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓသာသနာပြန့်ပွားရေးအသင်းက ဦးဆောင်ကာ စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့နှင့်ပူးပေါင်း၍ စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

"ယနေ့ ဇွန် ၁၆ ရက်အထိ အလှူရှင်တွေရဲ့စုပေါင်းလှူဒါန်းမှုဖြင့် ဗုဒ္ဓဆင်းတုတော် ၄၅၃၈ ဆူ တည်ပြီးသွားပြီ၊ မြေဧက ၃၀ ပဲ ရတာဆိုတော့ ပေ ၂၀ ခြားမှာ ဆင်းတုတော်တစ်ဆူနှုန်းဆိုရင် ဆင်းတုတော် ၃၀၀၀ ဆိုရင် ကုန်သွားပြီ၊ အဲ့ဒီတော့ ၁၀ ပေခြားမှာ ဆင်းတုတော်တစ်ဆူ ထပ်ပူဇော်တယ်၊ ဆင်းတုတော် ၅၀၀၇ ဆူအထိ ပြည့်အောင်ပူဇော်မယ်လို့ ရည်ရွယ်ထားတယ်၊ လက်ရှိ ဆင်းတုတော်က ၄၅၃၈ ဆူဆိုတော့ ၄၆၉ ဆူ အလှူခံဖို့ကျန်သေးတယ်၊ လှူဒါန်းလိုသူများအနေနဲ့ နှစ်ပေ ရွှေဆင်းတုတော်တစ်ဆူကို အပင်ရယ်၊ ပလ္လင်ရယ် အပါအဝင် အလှူရှင်ကမွည်းပါပြီး တစ်ဆူလျှင် ငါးသောင်းကျပ်နဲ့ လာရောက်လှူဒါန်းနိုင်ပါတယ်"ဟု နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓသာသနာပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဦးလှဝင်းက ပြောကြားသည်။

ဥယျာဉ်တော်(၁၈)ရပ်မှာ အင်ကြင်းဥယျာဉ်၊ လင်းလွန်းဥယျာဉ်၊ ညောင်ပင်ဥယျာဉ်(ညောင်ဗုဒ္ဓဟေပင်၊ ပညောင်ပင်၊ ညောင်ကြတ်ပင်)၊ ကံ့ကော်ပင်ဥယျာဉ်၊ သရက်ဖြူပင်ဥယျာဉ်၊စန္ဒကူးပင်ဥယျာဉ်၊ ပိတောက်ပင်ဥယျာဉ်၊ ရေသဖန်းပင်ဥယျာဉ်၊ ကြခတ်ပင် ဥယျာဉ်၊ ကုက္ကိုပင် ဥယျာဉ်၊ကြောင်လျှာပင်ဥယျာဉ်၊ တမာ(ကျည်း)ပင်ဥယျာဉ်၊ ထင်းရှူးပင်ဥယျာဉ်၊ ထောက်ကြံ့ပင် ဥယျာဉ်၊ မဟာလှေကားပင်ဥယျာဉ်၊ သံသတ်ပင်ဥယျာဉ်၊ သျှိသျှားပင် ဥယျာဉ်နှင့် သခွတ်ပင်ဥယျာဉ်ဟု ဥယျာဉ် ၁၈ မျိုးဖြစ်ကြသည်။

"မြေဧက ၃၀ ရှိတဲ့မြေနေရာမှာ ပန်းဥယျာဉ်ကြီး တည်ဆောက်တဲ့သဘောပါပဲ၊ ရည်ရွယ်ချက်ကတော့ မြတ်စွယ်တော်ကြီး သာသနာပြုအင်္ဂါရပ်နဲ့အညီ ဥယျာဉ်တည်ဆောက်ဖို့ ဥယျာဉ်တော်အတွင်းမှာ ဘုရားပွင့်တော်မူခဲ့တဲ့အပင်တွေ စိုက်ထားတာပါ၊ ရေရှည်မှာတော့ နှစ်ရှည်ပင်တွေစိုက်တဲ့အတွက် သစ်တောကြီးဖြစ်လာမယ်၊ အပင်တွေက ပန်းတွေပွင့်လာမယ်၊ ပန်းတွေပွင့်လာတော့ စွယ်တော်မြတ်စေတီကြီးကို ရာသီမရွေး ပန်းပေါင်းစုံနဲ့ပူဇော်ပြီးဖြစ်တယ်၊ ကျေးငှက်တိရစ္ဆာန်တွေ ဘေးမဲ့ဥယျာဉ် သဖွယ်ဖြစ်လာမယ်၊ နောက်ပြီး ဘုရားဖူးပြည်သူများနားနေဖို့နဲ့ လာရောက် အပန်းဖြေနိုင်တဲ့ နေရာတစ်ခုလည်းဖြစ်လာမယ် စတဲ့ရည်ရွယ်ချက်တွေနဲ့ တည်ဆောက်ထားတာပါ"ဟု အသင်းဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

ဥယျာဉ်အတွင်း ၁၀ ပေခြားစီ တည်ထားသော ဗုဒ္ဓဆင်းတုတော်များကြား၌ ဘုရားပွင့်ခဲ့သည့် ညောင်ပင်၊ အင်ကြင်း အစရှိသည့် အပင်များကို စိုက်ပျိုးထားပြီး ဥယျာဉ်အတွင်းရှိအပင်များကို ထိန်းသိမ်းရန် ဝန်ထမ်းငါးဦးခန့်ထားကာ ပေ ၂၀၀ အကွာတွင် ရေတွင်းတူးထားပြီး အပင်များကို ရေဖျန်းပေးကြောင်း၊ လက်ရှိအချိန်တွင် အပင်များကို ပြုစုပျိုးထောင်ထားသည်မှာလည်း အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း သိရသည်။

ဥယျာဉ်တော်(၁၈)ရပ်သို့ ဗုဒ္ဓဆင်းတုတော် လှူဒါန်းလိုသူများအနေဖြင့် စွယ်တော်မြတ်စေတီတော် ဥယျာဉ်တော်(၁၈)ရပ် (မန္တလေး)ရုံးသို့လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် တောင်စလင်းတိုက်သစ် (၆၂)လမ်းရှိ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓသာသနာပြန့်ပွားရေးအသင်းချုပ်ရုံး ဖုန်း ၀၂-၆၈၃၀၅ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးနှင့် အန္တရာယ်ကင်းရှင်းရေး Sectionalizer တပ်ဆင်

**မတ္တရာ ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ (၃၃)ကေဗွီ ဒဂ်ီးချောင်းလိုင်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လိုင်းအပြစ်ကြောင့် ဓာတ်အား ပြတ်တောက်မှုလျော့နည်းရေးအတွက် 33KV VCB (33KV Sectionalizer)ကို ဇွန် ၁၉ ရက်က မတ္တရာမြို့နယ် ကျောက်တံတားကျေးရွာအနီးရှိ အဆိုပါ ဓာတ်အားလိုင်းတွင် တပ်ဆင်ပြီးစီးခဲ့ကြောင်းသိရသည်။

အဆိုပါ 33KV VCB(33KV Sectionalizer)ကို တပ်ဆင်ခြင်းဖြင့် မတ္တရာမြို့နယ်အတွင်း လိုင်းအပြစ်ကြောင့် ဓာတ်အားပြတ်တောက်မှုဖြစ်ပွားပါက လိုင်းအပြစ်ရှာဖွေရန် လွယ်ကူပြီး အမြန်ပြန်လည်ပြုပြင်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ Sectionalizer ကို မတ္တရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် New Ever Light ကုမ္ပဏီတို့ပူးပေါင်း၍ ကျပ် ၁၆ ဒသမ ၅ သန်း အကုန်ကျခံပြီး တပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မတ္တရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် မြို့နယ်အတွင်းရှိ လျှပ်စစ်မီးသုံးစွဲသူ ပြည်သူများ ဗို့အားပြည့်မီစွာ အသုံးပြုနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးတို့အတွက် ဓာတ်အားလိုင်းများတွင် လိုအပ်ချက်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မုံရွာညဈေးတန်းနေရာသစ်ကို ဆိုင်ခန်း ၄၀၆ ခန်းဖြင့် စတင်ဖွင့်လှစ်

**မုံရွာ ဇွန် ၂၃**

မုံရွာညဈေးတန်းကို နေရာသစ်ဖြစ်သော ရုံးကြီးလမ်းသို့ ဇွန် ၂၀ ရက် ညနေပိုင်းက စတင်ပြောင်းရွှေ့ဖွင့်လှစ်ရာ ဈေးသည် ၁၃၉ ဦး၏ ဆိုင်ခန်းပေါင်း ၄၀၆ ခန်းကို ဖွင့်လှစ်ထားပြီး နေရာသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဇွန် ၂၀ မှ ၂၂ ရက်အထိ သုံးရက်ကို အခမဲ့ဖွင့်လှစ်ခွင့်ပြုထားကာ အဆိုပါ ညဈေးတန်းနေရာသစ်တွင် ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ညဈေးတန်း စတင်ဖွင့်လှစ်ရာသို့ ဈေးသည်များ၏ လိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်းပေးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီးစည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းတို့က ဈေးဆိုင်တန်းတစ်လျှောက် လှည့်လည်ကြည့်ရှုဆောင်ရွက်ပေးခဲ့သည်။

မုံရွာမြို့ ညဈေးတန်းကို ရုံးကြီးလမ်းသို့ စတင်ပြောင်းရွှေ့ရာတွင် ယခင်က နာရီစင်နှင့်ဗိုလ်ချုပ်ကြေးရုပ်ကြား ဖွင့်ခဲ့သောညဈေးတန်းတွင် ရောင်းချခဲ့ကြသည့် ဈေးသည် ၁၃၉ ဦး၏ ဆိုင်ခန်းပေါင်း ၄၀၆ ဆိုင်အပြင် လက်တွန်းလှည်းဖြင့် ရောင်းသောဆိုင်များ၊ တန်ဖိုးနည်း အရောင်းဆိုင်ငယ်လေးများကိုပါ ရောင်းချခွင့်ပြုထားသောကြောင့် လမ်းလျှောက် စားသောက်လိုသူများအတွက် များစွာအဆင်ပြေလျက်ရှိကြောင်း ညဈေးတန်းသို့လာသော ဈေးဝယ်သူတစ်ဦးက ပြောကြားသည်။

"ဒီနေရာပြောင်းတာ ယာဉ်အန္တရာယ်မရှိစေတာက သေချာတယ်။ အရင်ညဈေးတန်းမှာတုန်းက စားနေရင်း ကိုယ်စီးလာတဲ့ဆိုင်ကယ်ကို ချိတ်များသွားလေမလား ဆိုပြီး ပူနေရတာတွေ ရှိခဲ့တယ်။ အခုနေရာကတော့ အခုကြည့်ရသလောက် စားတဲ့သူအတွက်ရော ရောင်းတဲ့သူအတွက်ပါ အများကြီးအဆင်ပြေစေမယ်လို့ မြင်ပါတယ်"ဟု ညဈေးတန်းတွင် ဈေးလာဝယ်နေသူတစ်ဦးက ပြောသည်။

ညဈေးတန်းတွင် ဈေးဆိုင်များအပြင် ဖျော်ဖြေရေးစင်မြင့်တစ်ခုကိုလည်း တည်ဆောက်ထားပြီး ကုမ္ပဏီများအနေဖြင့် မိမိတို့၏ကုန်ပစ္စည်းများကို ကြော်ငြာနိုင်ရန် မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီက စီစဉ်ထားကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောသည်။

"အခုလက်ရှိကတော့ ညဈေးတန်းမှာဖွင့်ခဲ့တဲ့ ဈေးသည် ၁၃၉ ဦးကို စတင်ဖွင့်လှစ် ရောင်းချစေခဲ့ပါတယ်။ နောက်ထပ်ဖွင့်ဖို့ စည်ပင်ရုံးကို အသစ်လာလျှောက်ထားတာ ဆိုင်ခန်း ၁၀၀ ကျော်လောက် ရှိသေးတယ်။ လောလောဆယ်တော့ ခွင့်မပြုသေးပါဘူး။ ဖြည်းဖြည်းမှာတော့ ဖွင့်ခွင့်ပေးပါမယ်။ ညဈေးတန်းက ဈေးသည်တွေရဲ့စားပွဲကုလားထိုင်စတဲ့ ပစ္စည်းတွေကို ဈေးဆိုင်နောက်ကျောတွေမှာရှိတဲ့ ရုံးဝင်းကြီးတွေထဲ ဆိုင်ပိတ်ရင်ထားလို့ရအောင်ကိုလည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်။ လောလောဆယ်တော့ လမ်းလျှောက်ဈေးတန်း လုပ်ထားပေမယ့် အခြေအနေအရ ဒီနေ့မှာတော့ ဆိုင်ကယ်၊ ကားတွေနဲ့ သွားလာဝယ်ယူခွင့်ပြုထားပြီး နောက်ရက်တွေမှာတော့ ဝင်ခွင့်မပြုတော့ဘဲ လမ်းလျှောက်ဈေးတန်းအဖြစ် စနစ်တကျဖော်ဆောင် သွားမှာပါ"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။




ညဈေးတန်း နေရာသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဇွန် ၂၀ မှ ၂၂ ရက်အထိ သုံးရက်ကို ဈေးဆိုင်များအား အခမဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဇွန် ၂၃ ရက်မှစ၍ ယခင်နာရီစင် ညဈေးတန်းဖွင့်စဉ်က မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ စည်ပင်လိုင်စင်စီအရ ကောက်ခံလျက်ရှိသော တစ်ညလျှင် ၂၅၀ ကျပ်နှုန်းကို ကောက်ခံလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနနှင့် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက လှိုင်သာယာမြို့နယ် ရန်ကုန် အနောက်ပိုင်း နည်းပညာတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း၊ အင်းစိန်မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမိုးအောင်နှင့် ဝန်ထမ်းများ၊ နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်စိုး အပါအဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စုစုပေါင်း အင်အား ၁၁၇၅ ဦးက ကျွန်း၊ ပျဉ်းကတိုး၊ ကံ့ကော်၊ မဟော်ဂနီ၊ ပျဉ်းမ၊ စိန်ပန်း၊ စံပယ်၊ စက္ကူပန်း အစရှိသည့် အရိပ်ရပင်နှင့် ပန်းအလှပင် အစရှိသည့် သစ်ပင်ပေါင်း ၇၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**(မြန်မာ့အလင်း)**



# ကားလမ်းပခုံးသားများ အလွန်နိမ့်နေ၍ ပြုပြင်ပေးရန်လိုအပ်လျက်ရှိ

**အင်းတော် ဇွန် ၂၃**

ရွှေဘို-မြစ်ကြီးနားလမ်း၏ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်နှင့် မော်လူးကြားလမ်းပိုင်းတွင် ကွန်ကရစ်လမ်းခင်းထားပြီးနောက် လမ်းပခုံးသားများမှာ လမ်းထက်အလွန်နိမ့်လျက်ရှိနေသဖြင့် ယာဉ်အန္တရာယ်များ ဖြစ်ပွားခြင်းမရှိစေရန် သက်ဆိုင်ရာမှ ပြန်လည်ပြုပြင်ပေးရန် လိုအပ်လျက်ရှိနေကြောင်း သိရသည်။

"လမ်းပခုံးသားတွေက အတော်လေး နိမ့်ကျနေတယ်။ အဲဒီလိုနိမ့်ကျနေတော့ ကားတွေ၊ ထော်လာဂျီတွေ၊ သုံးဘီးဆိုင်ကယ်တွေ တစ်စီးနဲ့တစ်စီး ဆုံလို့ ရှောင်ကွင်းတဲ့အခါမှာ ယာဉ်တိမ်းမှောက်တာတွေ၊ ယာဉ်တိုက်မှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါတွေကို သက်ဆိုင်ရာက ပြန်လည်ပြုပြင်ပေးသင့်ပါတယ်"ဟု ကချင်ပြည်နယ် မြစ်ကြီးနားဘက်သို့ ပုံမှန်မောင်းနှင်သွားလာနေသည့် ကားသမားတစ်ဦးက ပြောသည်။

ရွှေဘို-မြစ်ကြီးနား ကားလမ်းမကြီးသည် မန္တလေးနှင့် မြစ်ကြီးနား၊ မန္တလေးနှင့် ဖားကန့်စသည့် ခရီးဝေးပြေးဆွဲနေသည့် အဆင့်မြင့် ခရီးသည်တင်ယာဉ်လိုင်းများအပြင် နေပြည်တော်-မြစ်ကြီးနား၊ ရန်ကုန်-မြစ်ကြီးနား ခရီးသည်တင် မှန်လုံယာဉ်လိုင်းများ နေ့စဉ်နှင့်အမျှ မောင်းနှင်သွားလာနေသော လမ်းမကြီးဖြစ်သည့်အပြင် ကုန်တင်ကားကြီးများနှင့် အဝေးပြေး လူစီးကားလေးများလည်း အများအပြားပင် မောင်းနှင်သွားလာနေကြသော လမ်းမကြီးဖြစ်သည်။

ရွှေဘို-မြစ်ကြီးနား ကားလမ်းမကြီး၏ အင်းတော်-မော်လူး ကားလမ်းပိုင်းကို ယာဉ်များသွားလာရေးအဆင်ပြေစေရန် သက်ဆိုင်ရာက နှစ်လမ်းသွား ကွန်ကရစ်လမ်းခင်းထားပေးပြီးနောက် မော်တော်ယာဉ်များအနေဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြသော်လည်း ကွန်ကရစ်လမ်း ပခုံးသားများမှာ နိမ့်ကျနေသည့်အတွက် ကားများတစ်စီးနှင့်တစ်စီး ရှောင်ကွင်းသွားလာသည့်အခါတွင် ယာဉ်မတော်ဆမှုများ ဖြစ်ပွားလာနိုင်၍ သက်ဆိုင်ရာက ပြန်လည်ပြုပြင်ပေးရန် ဒေသခံများနှင့် လမ်းအသုံးပြုသူ ယာဉ်မောင်းများက လိုလားနေကြခြင်းဖြစ်သည်။

**(၀၇၆)**



# မွေးနေ့ရောက်တိုင်း မိုးရွာတာကတော့ မိုးရာသီအတွက် အမှတ်တရပါပဲ

# ဟန်သီနှင့်တွေ့ဆုံခြင်း

■ N. ဇော်အောင်



**ဟန်သီရဲ့လတ်တလောအနုပညာလှုပ်ရှားမှု**

အခုလောလောဆယ် အနုပညာနဲ့ပတ်သက်လို့ ကြော်ငြာလေးတွေ လက်ခံထားလို့ ကြော်ငြာလေးတွေရိုက်ဖို့ရှိတယ်။ လူမှုကွန်ရက်ပေါ်မှာ ကြော်ငြာလေးတွေလုပ်ဖို့အတွက်လက်ခံထားတယ်။ ဒီနှစ်ထဲမှာပဲဟန်သီ သီချင်းလေးတွေ ထပ်ထွက်ဖို့ရှိတယ်။ မွေးနေ့မှာ ပရိသတ်တွေကို မွေးနေ့လက်ဆောင်ပေးတဲ့ သဘောအရ အခွေထဲမှာပါတဲ့ သီချင်းလေးတစ်ပုဒ်လည်း စောပြီးထွက်မယ်။ ဒီနှစ်အတွင်းမှာတော့ ခရီးတွေထွက်ဖို့လည်းရှိတယ်။

**မွေးနေ့မှာရော ဘာလုပ်ဖြစ်မလဲ**

ဟန်သီမွေးနေ့က ဇူလိုင် ၂၅ ရက်နေ့ပါ။ အင်္ဂါနေ့မှာကျရောက်တယ်။ အင်္ဂါနေ့ဆိုတော့ ကျောင်းဖွင့်ရက်လည်း ဖြစ်တယ်။ မိုးရာသီလည်း ဖြစ်တော့ သွားရတာလည်း အနည်းငယ်ခက်ခဲတယ်။ ဒီနှစ်မွေးနေ့ မှာလည်း ကိုယ့်ရဲ့မွေးရက်မှာ လုပ်ချင်တဲ့အတွက် မဟာစည်သာသနာ့ရိပ်သာမှာပဲ အလှူလုပ်ဖြစ်မယ်။ ရဟန်းသံဃာတွေရော ယောဂီတွေရောလှူမှာပါ။ မွေးနေ့မှာ ဟန်သီပရိသတ်အယောက် ၃၀ လောက်ကိုဖိတ်ဖို့ အစီအစဉ်ရှိတယ်။ အဓိကကတော့ We Love Han Thi Group ပေါ့နော်။ အဲဒီ Group ထဲက ပရိသတ်တွေကို အဓိကဖိတ်ပြီးတော့ မွေးနေ့ကို အတူတူ ဖြတ်သန်းမယ်။ ဒီနှစ် အဓိကကတော့ အပျော်အပါးဆိုတာထက် အလှူအတန်းတွေအဓိကလုပ်ဖြစ်မယ်။ မွေးနေ့မှာလုပ်ချင်တာလေးတွေ လုပ်ဖြစ်မယ်လို့ထင်တယ်။ အသံလည်းလှူချင်တယ်၊ မိဘမဲ့ကလေးတွေ အကူအညီလိုတဲ့နေရာတွေမှာ လှူချင်တယ်။ မိုးမရွာရင်တော့ ဘုရားမှာ ဆီမီးလည်း ပူဇော်ချင်ပါတယ်။

**ကျောင်းပညာရေးသင်ယူနေမှုကရော**

ဟန်သီ အခုကျောင်းတက်နေပါတယ်။ MIC (Myanmar Imperial College) မှာ စီးပွားရေးဘွဲ့တက်နေတယ်။ အဲဒီမှာတော့ ဒုတိယနှစ်ရောက်သွားပြီ၊ ဒီနှစ်ကုန်ရင်ပြီးပြီ။ သုံးနှစ်ပြီးမှ ဘွဲ့ရမှာဆိုတော့ နောက်ဆုံးနှစ်ကို အမေကတော့ မြန်မာနိုင်ငံမှာပဲဆက်တက်စေချင်တယ်။ ဟန်သီအနုပညာ အလုပ်လည်း နည်းနည်းပါးတယ်ဆိုရင်တော့ စင်ကာပူအထိသွားတက်ဖို့ အစီအစဉ်ရှိတယ်။ ဒါကတော့ ပညာရေးဘက်ကို မှန်းထားတဲ့ကိုယ့်လမ်းကြောင်းလေးပေါ့နော်။ ပညာရေးနဲ့အနုပညာကို မျှတအောင်လုပ်နေရတဲ့အတွက် ခက်ခဲပါတယ်။ တက္ကသိုလ်တက်တော့ ပိုပြီးကြိုးစားရတာတွေရှိတယ်။ ကျောင်းကမနက်ပိုင်း နေ့တစ်ဝက်ပဲတက်ရတော့ ကျောင်းဆင်းပြီး ညနေပိုင်းအချိန်တွေမှာ အနုပညာအလုပ်တွေ လုပ်ဖြစ်တယ်။

**ပရိသတ်တွေအတွက်ရော ဘယ်လိုအချိန်ပေးဖြစ်လဲ**

ဟန်သီက ပရိသတ်တွေကိုအလေးထားပါတယ်။ တစ်ဦးချင်းတစ်ယောက်ချင်းစီရဲ့စကားသံတွေလည်း အမြဲနားထောင်ဖြစ်တယ်။ တစ်ခါတလေကျရင် ကိုယ်က မအားလို့ Reply မလုပ်နိုင်ပေမယ့် သူတို့ပြောတာတွေ မှတ်ချက်ပေးတာတွေကို အမြဲနားထောင်ဖြစ်တယ်၊ ဖတ်ဖြစ်တယ်။ ကောင်းတာတွေရှိသလို ဆိုးတာတွေလည်း ရှိတယ်။ အဲဒါတွေအားလုံးကိုလည်း နားထောင်ပေးပါတယ်။ ကိုယ့်မှာလိုအပ်တာရှိရင်လည်း ပြင်တယ်။ အရင်နှစ်ကတော့ ပရိသတ်တွေနဲ့ Fan Meeting လေးလုပ်ဖြစ်တယ်။ အဓိကကတော့ ပရိသတ်တွေနဲ့ တွေ့ဆုံချင်လို့ လုပ်ဖြစ်တာပါ။ ဒီနှစ်မှာ ပရိသတ်တွေကို မွေးနေ့မှာ ဖိတ်မယ်ဆိုတာကလည်း Fan Meeting ပုံစံမျိုးပါပဲ။ အပြင်မှာ ပရိသတ်တွေနဲ့ တွေ့တာ၊ စကားပြောချင်တာ၊ အကြံပေးတာ၊ ဓာတ်ပုံတွဲရိုက်ချင်တာပဲဖြစ်ဖြစ် ကိုယ့်ဘက်က တတ်နိုင်သလောက် အချိန်ရရင်ရသလို အလေးထားလုပ်ဆောင်ပေးပါတယ်။ ဟန်သီက ကျောင်းတစ်ဖက်နဲ့ဆိုတော့ ပရိသတ်တွေရဲ့မှတ်ချက်တွေကို အကြောင်း မပြန်နိုင်တာတွေရှိတယ်။ အချိန်ရတဲ့အခါတွေမှာတော့ အကြောင်းပြန်ပေးပါတယ်။ Facebook မှာတော့ Live လွှင့်ပြီး ပရိသတ်တွေနဲ့ တိုက်ရိုက်ထိတွေ့ဖြစ်ပါတယ်။

**မကြာခင်က တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းထွက်ထားတော့ အောင်မြင်တဲ့သူတွေ၊ မအောင်မြင်တဲ့သူတွေအတွက် ဘယ်လိုစကားပါး ချင်လဲ**

တက္ကသိုလ်ဝင်စာမေးပွဲဆိုတာက ကိုယ်ရှေ့ဆက်လျှောက်ရမယ့် လမ်းအတွက် ဆုံးဖြတ်ချက်ချပေးတဲ့ ပန်းတိုင်တွေထဲက တစ်ခုလို့မြင်တယ်။ အမှတ်ကောင်း ရင် ကောင်းသလို ကိုယ့်အတွက် အခွင့်အရေး ပိုရတယ်။ အကယ်၍ ကျခဲ့ရင် လည်း စိတ်မကောင်းဖြစ်စရာမရှိဘူး၊ ပိုကြိုးစားဖို့ အခွင့်အရေးတွေရှိတယ်။ ထပ်ပြီးအောင်မြင်အောင် ဖြေဆိုလို့ရတဲ့ အရာတစ်ခုလည်းဖြစ်တယ်၊ ပညာဆိုတာ သင်ယူတတ်မြောက်ထားတဲ့အရာတစ်ခုကို ဘယ်လိုပြန်လည်အသုံးချမလဲဆိုတာလည်း အရေးကြီးတယ်။ ကျတဲ့သူတွေကလည်း စိတ်မညစ်ဘဲ ဒီထက်မကပိုကြိုးစားမယ်ဆိုတဲ့ စိတ်နဲ့ပဲအောင်မြင်အောင် ကြိုးစားလို့ရပါတယ်။ အောင်မြင်တဲ့သူတွေကလည်း ဘေးနားက တိုက်တွန်းတဲ့သူတွေရဲ့ဆုံးဖြတ်ချက် မဟုတ်ဘဲ ကိုယ်က တကယ်ဘာလုပ်ချင်တာလဲ ကိုယ်လုပ်ချင်တာ၊ ဖြစ်ချင်တာကို ရယူနိုင်တဲ့သူဖြစ်အောင်ကြိုးစားပါလို့ပြောချင်ပါတယ်။

**ဟန်သီအနေနဲ့ လူမှုကွန်ရက်တွေကို ဘယ်လိုအသုံးပြုဖြစ်လဲ**

လူမှုကွန်ရက်သုံးတဲ့အခါမှာ လူတစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းမတူညီကြတဲ့အတွက် သုံးစွဲပုံလည်းမတူညီကြဘူး။ တချို့ကလည်း အပျော်သုံးကြတာတွေ့ရတယ်၊ တချို့ကျတော့ ပညာအတွက် အသုံးပြုကြတယ်၊ တကယ်အကျိုးရှိရှိအသုံးချမယ်ဆိုရင် လူမှုကွန်ရက်ဟာ ကောင်းတဲ့အချက်၊ အားသာတဲ့အချက်တွေ အများရှိတယ်။ ဟန်သီကတော့ အနုပညာရှင်တစ်ယောက်ဖြစ်တဲ့အတွက် လူမှုကွန်ရက်ကို ဟန်သီရဲ့ ပရိသတ်တွေ အဝေးရောက်နေတဲ့ဆွေမျိုးတွေ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ဖို့အတွက် သုံးဖြစ်တယ်။ ဟန်သီအများဆုံး သုံးဖြစ်တာက Facebook နဲ့ Instagram ပါ။ အချိန်မရွေး ဟန်သီပရိသတ်တွေ ဝင်ကြည့်နိုင်အောင် အားပေးနိုင်အောင် ကိုယ်လုပ်နေတဲ့အလုပ်တွေ ကောင်းတာလေးတွေ မျှဝေပေးနိုင်အောင်သုံးပါတယ်။ မြန်မာနိုင်ငံမှာ အသုံးများတဲ့ ဒီလူမှုကွန်ရက် နှစ်ခုမှာ Facebook ကိုအများဆုံး သုံးဖြစ်တယ်။ တစ်ရက်ကို နှစ်နာရီလောက်သုံးဖြစ်တယ်။ ကိုယ်လုပ်တဲ့လှုပ်ရှားမှုလေးတွေ တင်ဖြစ်တယ်၊ ဘာလုပ်မယ်၊ ဘာတွေလုပ်ဖို့ရှိတယ်ဆိုတာ ပရိသတ်တွေကို အသိပေးဖို့ ဝေမျှပေးဖို့ သုံးဖြစ်ပါ တယ်။ Instagram ကတော့ ပုံတွေ အများဆုံးတင်ဖြစ်တယ်။ ကိုယ်လုပ်နေတဲ့ လှုပ်ရှားမှုပုံလေးတွေတင်ဖြစ်တယ်။ Instagram မှာက နိုင်ငံခြားကသူငယ်ချင်းတွေများတယ်။ ပုံတွေချည်းတင်ရတာဆိုတော့ ကိုယ့်ရဲ့ပုံတွေကိုတစ်စုတစ်စည်းတည်းမြင်ရသလို အလွယ်တကူပြန်ပြီးလည်း ရှာနိုင်တယ်။

**ကိုယ်ပိုင်အားလပ်ချိန်တွေကို ဘယ်လိုအသုံးချဖြစ်လဲ**

ဟန်သီရဲ့ကိုယ်ပိုင်အချိန်တွေက တစ်ရက်နဲ့တစ်ရက် ဘယ်တော့မှမတူဘူး။ တစ်သမတ်တည်း သတ်မှတ်ပြီး လုပ်လို့မရတဲ့အခါတွေရှိတယ်။ တစ်ခါတလေမှာ အားပေမယ့်၊ အချိန်မပေးနိုင်တဲ့နေ့တွေလည်း ရှိတယ်။ အနုပညာအလုပ်မရှိတဲ့အချိန် အိမ်မှာကျောင်းစာလုပ်ဖြစ်တယ်။ အိမ်မှာရှိတဲ့ မိသားစုတွေ အကုန်လုံးနဲ့ စကား ပြောဖြစ်တယ်။ ဖြစ်ချင်တာတွေ လိုအပ်တာတွေကို ဒီထက်ပိုကောင်းအောင် ဘယ်လိုလုပ်လို့ရမလဲဆိုပြီး တိုင်ပင်ဖြစ်တယ်။ အိမ်မှာခွေးလေးမွေးထားတော့ သူ့ကိုဟန်သီကပဲ ရေချိုးပေးဖြစ်တယ်။ တစ်လကိုနှစ်ခါလောက်တော့ သူငယ်ချင်းတွေနဲ့ဆုံပြီး အပြင်မှာမုန့်စားဖြစ်တယ်။ အလုပ်တွေများတာ၊ ကျောင်းစာတွေ ပိနေတဲ့အခါမျိုးမှာ ကိုယ်ရောစိတ်ပါ ပေါ့ပါးအောင် Relax လုပ်တာပေါ့။

**အခုကမိုးရာသီကာလဆိုတော့ မိုးရာသီနဲ့ပတ်သက်တဲ့ အကြောင်းလေးတွေလည်း ပြောပြပေးပါ**

ဟန်သီက မိုးရာသီကို အရမ်းနှစ်သက်တဲ့အထဲမှာမပါဘူး။ မိုးရာသီမှာက အပြင်ထွက်ရင် ခက်ခဲတယ်။ အပြင်ထွက်ရင် အမြဲထီးဆောင်ထားရတယ်။ မိုးရွာရင် အိမ်နားမှာ ခဏခဏ ရေကြီးတတ်တယ်။ ရေကြီးရင်ကားပြောင်းစီးရတယ်။ မိုးရာသီမှာကအင်္ကျီအဝတ်အစားကအစ သေသေချာချာ ဂရုစိုက်ပြီး ဝတ်ဆင်ရတယ်။ အရမ်းမထူတဲ့အင်္ကျီ ချည်ထည်လေးတွေဝတ်ဖြစ်တယ်၊ ရေစိုရင်လည်း ကိုယ့်အတွက်သိပ်ပြီး အခက်အခဲမဖြစ်စေမယ့် အင်္ကျီ လေးတွေဝတ် ဖြစ်တယ်။

# ဓာတ်မင်းသားစွမ်းဇာနည် တစ်ကိုယ်တော်အခွေထွက်ရှိလာမည်



အနုပညာသက်တမ်း ရှစ်နှစ်တာအတွင်း ဝင်ရောက်လာခဲ့ပြီဖြစ်သည့် ဓာတ်မင်းသား စွမ်းဇာနည်က ဗီဒီယိုဓာတ်ကား ၁၀၀ ကျော်နှင့် ရုပ်ရှင်ဓာတ်ကားသုံးကားကို ရိုက်ကူးခဲ့ပြီးဖြစ်သည့်အတွက် အနုပညာမှတ်တိုင်များစွာရှိနှင့်ပြီးသူတစ်ဦးဖြစ်သည်။ စွမ်းဇာနည်အနေဖြင့် အနုပညာခြေလှမ်းသစ် တစ်ကိုယ်တော် အခွေအတွက် ပြင်ဆင်ခြင်းဖြင့် အနုပညာအလုပ်များကို ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

စွမ်းဇာနည်မှာ တစ်ကိုယ်တော်အခွေကို ယခုနှစ်အတွင်း ထုတ်ဝေနိုင်ရန် ပြင်ဆင်နေပြီး ယင်းသို့ တစ်ကိုယ်တော်တေးစီးရီး ထုတ်ဝေရခြင်းမှာ သူ၏ငယ်ဘဝအိပ်မက်ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း စွမ်းဇာနည်က ဆိုသည်။ "ကျွန်တော့် အခွေထဲမှာ ပေါ့ပ်၊ ရော့ခ်ဂီတပုံစံလေးတွေထည့်ထားတယ်၊ တေးရေးတွေကတော့ကိုဖိုးကာ၊ ကိုဇဝါ၊ ကိုသာဒီးလူနဲ့ ကိုLဒီကျော်တို့ ရေးသားထားတာတွေပါမယ်။ သီချင်းအများစုကတော့ အသည်းကွဲသီချင်းတွေများပါတယ်" ဟု စွမ်းဇာနည်က ရှင်းပြသည်။

အဆိုပါ တေးစီးရီးကို MTV အဖြစ် တစ်ပြိုင်တည်းထုတ်လုပ်မှာဖြစ်ပြီး ကချင်ပြည်နယ်နှင့် ချင်းတောင်တန်းတို့တွင် သွားရောက်ရိုက်ကူးရန် ရည်ရွယ်ထားကြောင်း သိရသည်။ လတ်တလောအနေဖြင့် တေးသီချင်းငါးပုဒ်ကို စင်ကာပူနိုင်ငံ ၊ ထိုင်းနိုင်ငံ ဗန်ကောက်နှင့် ပတ္တယားကမ်းခြေ တို့တွင် သွားရောက်ရိုက်ကူးထားပြီး ဖြစ်ကြောင်းသိရပြီး သရုပ်ဆောင်များမှာ လက်ရှိရိုက်ကူး ပြီးစီးသည့် တေးသီချင်းများတွင် ကိုယ်တိုင်ပါဝင်ထားပြီး ခင်သော်တာဆန်း၊ M ဆိုင်းလု၊ ရွှေသမီးတို့ဖြင့် ရိုက်ကူးထားကြောင်း သိရသည်။

ဓာတ်မင်းသား စွမ်းဇာနည်သည် တေးစီးရီးအတွက် ပြင်ဆင်နေသောကြောင့် ဗီဒီယို မရိုက်ဖြစ်သည်မှာ ရှစ်လကျော်နေပြီဖြစ်ပြီး လတ်တလောအနေဖြင့် ဒါရိုက်တာ ညိုမင်းလွင် ရိုက်ကူးပြီး အကယ်ဒမီ လူမင်း၊ မင်းရာဇာ၊ မိုးဟေကိုတို့ပါဝင်သည့် "တစ်ခါကရန်ကုန်မြို့ပြများ" ရုပ်ရှင်ဓာတ်ကားကို ရိုက်ကူးနေကြောင်းသိရပြီး ယင်းဓာတ်ကားသည် ၂၀၁၇ ခုနှစ်အတွက် ပထမဆုံးရိုက်ကူးရသည့် ရုပ်ရှင်ဓာတ်ကားဟု သိရသည်။ **ကိုလင်း**

# နာဂလူမျိုးများအတွက် အမြဲအသင့်ရှိနေသည့် မာရီကိုးလ်



နာဂတိုင်းရင်းသူတစ်ဦးဖြစ်ပြီး သရုပ်ဆောင်နှင့် မော်ဒယ်လ်၊ တေးသံရှင် မာရီကိုးလ်က နာဂလူမျိုးတိုင်းရင်းသားများအတွက် ပရဟိတများကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပြီး လက်ရှိတွင် ရုပ်ရှင်ဓာတ်ကားများ ရိုက်ကူးမှု၊ တေးစီးရီးအသစ်တစ်ခွေ ဖန်တီးနေမှုနှင့် Ride on Europe အစီအစဉ်တွင် လိုက်ပါမှုများဖြင့် မအားလပ်နိုင်အောင် ရှိနေရ ကြောင်း သိရသည်။

"ကျွန်မအနေနဲ့နာဂလူမျိုးတွေအတွက် ရန်ပုံငွေပွဲကနေ ရရှိထားတဲ့ အလှူငွေတွေကိုလည်း ကျွန်မတို့ဒေသရဲ့ လိုအပ်တဲ့နေရာတွေကို ဖြန့်ကြက်ပြီး လှူဒါန်းနေပါတယ်။ အခုလည်း အလှူငွေတွေ ကျန်နေသေးတယ်။ ဧပြီလကုန်ပိုင်းက ကျွန်မအဖေ ဆုံးပါးသွားတဲ့အတွက် လှူဒါန်းတဲ့လုပ်ငန်းတွေကို ခေတ္တရပ်ဆိုင်းထားရတယ်။ လက်ရှိမှာ ကိုကျော်ကျော်ဗိုလ်တို့နဲ့အတူ Ride to Europe အစီအစဉ်နဲ့ လိုက်ပါသွားမှာဖြစ်လို့ အဲဒီကနေ ပြန်လာတာနဲ့တစ်ပြိုင်နက် ကျွန်မနာဂကို ပြန်ပြီး လှူဒါန်းမှုတွေ ပြန်လည် စတင်မှာပါ"ဟု မာရီကိုးလ်က ပြောကြားသည်။

မကြာမီ ရုံတင်ပြသတော့မည့် 'သူငယ်' ရုပ်ရှင်ဓာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားပြီး သရုပ်ဆောင်မာရီကိုးလ်အနေနှင့် mini album ထွက်ရှိရန်လည်း ပြင်ဆင်ထားကြောင်း သိရသည်။ အဆိုပါ mini album မှာ ပရိသတ်အတွက် ကြည့်ရှုရသည်နှင့်ညီမျှသည့် လတ်ဆတ်မှုမျိုးများ ထည့်သွင်းဆန်းသစ်ထားပြီး ပုံစံမျိုးစုံပြုလုပ်ထားကြောင်း သိရသည်၊

"ကျွန်မ mini album လေးလုပ်ထားပါတယ်။ ဒါကလည်းအတော်ကြာပါပြီ။ သုံးနှစ်လောက်ရှိနေပါပြီ။ အဲဒါကိုသေချာဇောက်ချပြီး လုပ်နေပါတယ်။ သီချင်း အပုဒ်ရေ ခုနစ်ပုဒ်ပါမှာပါ။ သီချင်းတွေက မြူးမြူးလေးတွေပါ။ ရေးပေးထားတာက ကိုစလိုင်း ၊သားသား၊ သွန်းပူ၊ ကိုမိုးစက်၊ ကိုဟန်နောင်းတို့ပါ။ နောက်ပြီး ညီမတို့ နာဂသီချင်းတစ်ပုဒ် ထည့်ထားပါတယ်။ ညီမတို့ နာဂလူမျိုးတွေရဲ့ဓလေ့ထုံးစံပုံစံလေး mtv လေးပေါ့နော်၊ အဲဒါလည်းပါပါမယ်။ သီချင်းပိုင်းမှာကျတော့ ညီမက Performance လေးတွေကိုလုပ်ရတာ ပိုဝါသနာ ပါပါတယ်။ show ပွဲတွေလုပ်လို့ရှိရင် ဒီအတိုင်း ခုန်ပေါက်ပြီး သီချင်းတွေဆိုနေရတာထက် လာကြည့်တဲ့ပရိသတ်အတွက် တန်အောင်ဆန်းသစ်တဲ့ ဖျော်ဖြေမှုလေးတွေလုပ်သွားချင်တာပါ။ အဲဒီအတွက်လည်း ညီမသီချင်းဆိုဖို့လုပ်ဖြစ်တာပါ"ဟုဆိုသည်။ မာရီကိုးလ်၏ ခရီးသွားလာမှု မြင်ကွင်းများကို 'Ride On Europe' အစီအစဉ်ဖြင့် MNTV Channel နှင့် Channel-9 တို့တွင် အောက်တိုဘာလမှစတင် မြင်တွေ့ရတော့မည်ဖြစ်ကြောင်းလည်း သိရသည်။ **ကိုလင်း**

# ပင်ချင်းယှက်၍ နွယ်ချင်းဆက်သော်

**ကိုလင်း**

"ပင်ချင်းယှက်၍ နွယ်ချင်းဆက်သော်" သီချင်းမှာ မြန်မာ့အသံ ဦးမောင်မောင်သီ ရေးသားသီကုံးထားပြီး အဆိုပညာရှင် ဒေါ်မာမာအေး သီဆိုထားသော ပြည်ထောင်စုနေ့ ဂုဏ်ပြုတေးသီချင်း တစ်ပုဒ်ဖြစ်သည်။ ယင်းသီချင်းလေးကို ၁၉၈၈ခုနှစ်က စတင်ထုတ်လွှင့်ခဲ့သည်။ ထိုအချိန်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ တရုတ်ဇာတ်လမ်း မျောက်မင်းစွန်းဝူခုံး ထုတ်လွှင့်မည့် အချိန်မတိုင်မီကပ်လျက် နေ့စဉ်ထုတ်လွှင့်ပေးနေကျ သီချင်းလေးတစ်ပုဒ်အဖြစ် မှတ်မိကြမည် ထင်ပါသည်။

ထိုသီချင်းလေးသည် ရိုးစင်းသည်။ ကြည်လင်သည်။ တင်ပြမှုကောင်းမွန်သည်ဟု စာရေးသူ ရှုမြင်မိပါသည်။ သီချင်းလေးကို နားဆင်ကြည့်မိသည်နှင့် သွေးသားထဲတွင် ခံစားမှုတစ်ခုကို ပေးစွမ်းနိုင်သည်။ တေးရေးသူ၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ စည်းလုံးညီညွတ်ရမည့် စိတ်ဓာတ်ခွန်အားတို့ကို နားဆင်သူများ၏ စိတ်နှလုံးသို့ ထည့်သွင်းပေးလိုက်သည့်နှယ် ခံစားရသည်။ နှစ်ပေါင်း ၂၀နီးပါးယင်းသီချင်းလေးကို ပြည်ထောင်စုနေ့ နီးကပ်လာတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်တတ်ပြီး ကြားမိတိုင်းပင် အမျိုးသားရေးအသိစိတ်ဓာတ်များ ပေးစွမ်းမြဲပင်။ သို့သော် ၂၀၁၁ခုနှစ်နောက်ပိုင်းမှ စတင်ကာ ထိုသီချင်းလေး တိမ်မြုပ်ပျောက်ကွယ်သွားသည်ကို စာရေးသူသတိထားမိသည်။ နောက်ပိုင်းတွင် အမျိုးသားရေးစိတ်ဓာတ်မြှင့်တင်ပေးသည့် သီချင်းများ ရေးသားသီဆိုကြသော်လည်း စာရေးသူကတော့ ငယ်စဉ်ကကြားမိသည့် အန်တီမာမာအေး၏ "တစ်ပင်ကို တစ်ပင်ယှက် နွယ်ဆက်၍သာ တစ်ပင်ရိပ်တစ်ပင်ခိုကာ စုပေါင်းညီညာရှိကြသောအခါ" သီချင်းလေးကို ပိုပြီး လွမ်းဆွတ်လာမိသည်။ ရုပ်သံလိုင်းများမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ်ကို ဂီတအဆင့်အတန်း ရှိစွာ၊ နည်းစနစ်မှန်ကန်စွာ၊ ဂီတအမျိုးအစားရွေးချယ်မှုမှန်ကန်စွာ၊ လူတိုင်းနားစွဲစေမည့် သီချင်းများကို တိမ်မြုပ်ပျောက်ကွယ်သွားမှာ စိုးရိမ်မိပါသည်။

ဂီတဆိုသည်မှာ လူတို့စိတ်ကို နူးညံ့သိမ်မွေ့စေသည်။ ညင်သာပျော့ပျောင်းစေပါသည်။ ဂီတနှင့်အတူ အေးချမ်းမှု၊ ငြိမ်းချမ်းမှု၊ စုစည်းမှုတို့ကို တည်ဆောက်နိုင်သည်မှာ ပင်ချင်းယှက်၍နွယ်ချင်းဆက်သော် သီချင်းစာသားများကို ပြန်လည်သုံးသပ်ကြည့်လျှင် သိရှိနိုင်ပါသည်။ သီချင်းတစ်ပုဒ်ဖြင့် သွေးစည်း ညီညွတ်စေရန်၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်စေရန် ရည်ညွှန်းနှိုးဆော်ထားသည်ကို မြင်တွေ့နိုင်ပါသည်။

**"ဂနိုင်မြေ မြိုင်ခြေတော...သာမောဖွယ်ရာ..ရှုကြည့်၍မဆုံး..တောလုံးလင်းဖြာ သာယာ၊ သာယာ၊ ပင်ခြေပင်ပု၊ အစုစုမြင့်မားခါများ...အသိတရား ညီထားစိတ်ဘဝင်မှာ... ဟောဟိုမှာ ကြည့်စမ်းပါ... ပင်ခြေပင်မြင့် အဆင့်ဆင့်တက်ကာ တစ်ပင်ထီးထီး သစ်ပင်ကြီးမှာ.. ကြီးမား.. ခိုင်မာ..ကြွားဝင့်ထည်ဝါစွာ၊ မြေမှာမပြိုလဲ..ခိုင်မြဲစွာ.. အစွန့်ရှည်ကြာ..ရှိလိမ့်ဦးရယ်လို့.. ထင်မြင်ယုံ ..မှားဖွယ်ရာ..။ ဩော်.. သို့ပါသော်လည်း..လေပြင်းမုန်တိုင်း တိုက်ခတ်ရန်လေသော..မတ်တတ်ရပ်မနေသာ.. မြေမှာပြိုလဲရရှာ.. ဉာဉ်ပမာ..လူဆိုသည်မှာ..တစ်ဦးတစ်ယောက်တည်း ခွဲထွက်မနေသာ..အစဉ်အဆက်..အခင်မပျက်.. ယှဉ်တွဲလျက်သာ..အန္တရာယ်ဟူသမျှ အတူတကွ တွန်းလှန်မှာ.."**

အမှန်ပင်တန်ဖိုးရှိသည့်စာသားများပင်ဖြစ်သည်။ ယနေ့ခေတ်အချိန်အခါတွင် ငြိမ်းချမ်းရေးကို ရည်ညွှန်းထားသည့် စည်းလုံးညီညွတ်မှုတန်ဖိုးကို ရည်ညွှန်းထားသည့် ယင်းသီချင်းမျိုးကို ပြန်လည်ပြသထုတ်လွှင့်စေလိုပါသည်။ စာရေးသူတို့အားလုံးလိုလားတောင့်တသည့် ငြိမ်းချမ်းရေးနှင့်အတူတကွ အေးချမ်းစွာယှဉ်တွဲနေထိုင်ရေးတို့တွင် ငြိမ်းချမ်းသော ဂီတဖြင့် ဆွဲဆောင်မှုတစ်ရပ်ဟု ရှုမြင်မိသည့်အတွက် ယင်းကဲ့သို့သော သီချင်းများကို ထပ်မံဖန်တီးကြရန်လည်း ဂီတပညာရှင်များကို တိုက်တွန်းလိုပါသည်။ ဂီတကို အသုံးပြုကာ အမုန်းတရားများ လျှော့ချခြင်း၊ ဂီတကို အသုံးပြုကာ စည်းလုံးညီညွတ်ခြင်းများ ဖန်တီးရယူခြင်းနှင့် ဂီတကို အသုံးပြုကာ သွေးရင်းညီအစ်ကိုမောင်နှမများ အားလုံးတေးသွားများဖြင့် လက်တွဲမိစေလိုလှပါသည်။ ။

## ဂီတအလှုပန်းချီ ဖျော်ဖြေပွဲရန်ပုံငွေများအား ကျန်းမာရေး နယ်လှည့်အသိပညာပေးရန် အသုံးပြုမည်

မြန်မာနိုင်ငံစာရေးဆရာဝန်အသင်းမှ ကြီးမှူးကျင်းပသည့် ဂီတအလှုပန်းချီ ဂီတဖျော်ဖြေပွဲကို ယခုလ ၂၅ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် ကျင်းပမည်ဖြစ်သည်။

"ပထမတုန်းက ဆေးနှင့်တေးအလှုဂါရဝဆိုပြီး ပွဲပြုလုပ်ခဲ့တယ်။ မေလ ၂၁ ရက်နေ့ကပါ။ အဲ့တုန်းကတော့ ဂီတဖျော်ဖြေမှုသီးသန့်မဟုတ်ဘဲ အလှုဖန်တီးရှင်တွေနဲ့ လုပ်ခဲ့တာပေါ့။ အခုဟာက ကျွန်မတို့ ဂီတကို သီးသန့်လုပ်ပေးတာပါ။ အထူးသဖြင့် မြန်မာသံတေးဂီတအဆိုတော်ကြီးတွေ သီးသန့်ပွဲလေးဖြစ်ပါတယ်။ ဒါနဲ့ဆို ကျွန်မတို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းကြီးကနေ ဂီတဖျော်ဖြေပွဲကျင်းပခဲ့တာ ခြောက်ကြိမ်မြောက်ခဲ့ပါပြီ။ လူလတ်ပိုင်းနဲ့ လူကြီးပိုင်းတွေတော့ ပိုကြိုက်ကြလို့ ပြုလုပ်တာလဲဖြစ်သလို ဆရာဝန်စာရေးဆရာ၊ ဆရာမတွေရဲ့ ကျန်းမာရေး နယ်လှည့်ပညာပေးရန်အတွက် ရန်ပုံငွေပွဲအဖြစ် ကျင်းပရတာ ဖြစ်ပါတယ်။ ဒီကနေ ရရှိတဲ့ငွေတွေနဲ့ နယ်လှည့်ပြီး ဆေးပညာအကြောင်း ပညာပေးဟောပြောပွဲတွေနဲ့ ကုသမှုတွေပြုလုပ်မှာပါ"ဟု စာရေးဆရာမ ဂျူးက ပြောကြားသည်။

အဆိုပါပွဲတွင် ဂီတပညာရှင်များဖြစ်ကြသော မောင်သိန်းဝင်း၊ သန်းမြတ်စိုး၊ ရန်ပိုင်စိုး၊ ဖြိုးပြည့်စုံ၊ အောင်ထက်၊ မိုးထက်မြင့်၊ ရဲထိုက်၊ အေဝမ်းတင်တင်လှ၊ ဖြူသီ၊ ဟေမာနေဝင်း၊ မေခလာ၊ ကော်နီ၊ စိုးစန္ဒာထွန်း၊ ချစ်သုဝေ၊ နီနီခင်ဇော်၊ မေသက်ထားဆွေ၊ ဟေမာန်ထွန်းတို့ ပါဝင်သီဆိုမှာဖြစ်ပြီး၊ တယော ကိုတင်ငွေအဖွဲ့မှ တီးခတ်မည်ဟု သိရသည်။ လာရောက်ကြည့်ရှုလိုသူများအနေဖြင့် လက်မှတ်များကို တစ်စောင်လျှင် ငွေကျပ် သုံးသောင်းမှ ခုနစ်ထောင်အထိသတ်မှတ်ထားပြီး မန်းသီရိ တေးထုတ်လုပ်ရေး ရန်ကုန်နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတည်ရှိရာ သိမ်ဖြူ (ရန်ကုန်) တွင် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **ကိုလင်း**

# ရတနာပုံသင်္ဘောကျင်းတွင် ဧရာဝတီမြစ်ရေတိုး၍ ရေယာဉ်များလွှန်းတင်လွှန်းချပြုလုပ်



**မန္တလေး ဇွန် ၂၃**

မန္တလေးမြို့ရှိ ရတနာပုံသင်္ဘောကျင်းတွင် ယခုအခါ ဧရာဝတီမြစ်ရေစတင်တက်လာပြီဖြစ်၍ လွှန်းတင်လွှန်းချခြင်းစတင်ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ဇွန်လအတွင်း ရေယာဉ်သုံးစင်း လွှန်းတင်ပြင်ဆင်ခဲ့ပြီး နှစ်စင်း ပြန်လည်ရေချနိုင်ခဲ့ကြောင်း သိရသည်။

ရတနာပုံ သင်္ဘောကျင်းသည် အောက်အရပ်ဒေသများရှိ သင်္ဘောကျင်းများကဲ့သို့ ဒီရေအတက်အကျရှိသော ဒေသမဟုတ်သဖြင့် ဧရာဝတီမြစ်ရေတက်ချိန်ဇွန်လမှ အောက်တိုဘာလအတွင်းသာ လွှန်းတင်လွှန်းချပြုလုပ်နိုင်သောသင်္ဘောကျင်းဖြစ်ပြီး သင်္ဘောကျင်းမှာ အလျားပေ ၆၀၀၊ အနံပေ ၁၈၀ ရှိသည်။ လျှောက်လမ်း ၁၂ လမ်းတွင် အတင်အချလှည်းသုံးစီးဖြင့် တန်ချိန် ၃၀၀ ထိရေယာဉ်များကို ဒီဂျစ်တယ်စနစ်သုံးတိုင်းတာရေးစက်ဖြင့် စမ်းသပ်ပြီး သင်္ဘောကိုယ်ထည်ပိုင်း ကြံ့ခိုင်ရေးနှင့် သွားလာရေးအထောက်အကူဆိုင်ရာများကို လွှန်းတင်ပြင်ဆင်ပေးနိုင်သည်။

"ဒီနှစ်ရတနာပုံ သင်္ဘောကျင်းမှာ ရေယာဉ် ၁၂ စင်း လွှန်းတင်ပြင်ဆင်ဖို့လျာထားသတ်မှတ်ထားပါတယ်။ ဒီသင်္ဘောကျင်းမှာလွှန်းတင်ခြင်းစတင်ဆောင်ရွက်နိုင်တဲ့ ဇွန်လအတွင်းမှာပဲ ရေယာဉ်သုံးစင်းလွှန်းတင်နိုင်ခဲ့ပြီး နှစ်စင်း ပြန်လည်ရေချပေးနိုင်မှာဖြစ်တဲ့အတွက် လျာထားချက်အရေအတွက်ပြည့်မီအောင်ဆောင်ရွက်ပေးနိုင်မယ့် အနေအထားဖြစ်ပါတယ်။ ဧရာဝတီမြစ်ရေ အခြေအနေပေါ်မူတည်ပြီးလုပ်ဆောင်ရတဲ့ သင်္ဘောကျင်းဖြစ်တာကြောင့် ရေအခြေအနေပေါ်မူတည်ပြီး လျာထားချက်မပြည့်မီတဲ့နှစ်တွေ ရှိသလို လျာထားချက်ထက်ပိုပြီး ဆောင်ရွက်နိုင်တဲ့နှစ်တွေလည်းရှိပါတယ်"ဟု အဆိုပါသင်္ဘောကျင်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်စိုးကပြောသည်။

ရတနာပုံ သင်္ဘောကျင်းသည် ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း ရတနာပုံနေပြည်တော်၌ ကနောင်မင်းသားကြီးတည်ထောင်ခဲ့သော စက်ရုံတော် ၅၀ ကျော်တွင်ပါဝင်ခဲ့ပြီး ယခုတိုင်ဆက်လက်အသုံးပြုနေသေးသည့် စက်ရုံတစ်ရုံဖြစ်သည်။

အဆိုပါ စက်ရုံတွင် တပ်ဆင်ထားသည့် စက်ကိရိယာများကို စကော့တလန်ပြည် ဒန်ဒပ(စ်)နှင့် စမစ်ကုမ္ပဏီမှပစ္စည်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၁၈၇၀ ပြည့်နှစ်တွင်ရေနွေးငွေ့စက်တပ်ရေယာဉ်ကို ရေချနိုင်ခဲ့ပြီး ရေယာဉ်များ ဆက်တိုက်တည်ဆောက်ရေချနိုင်ခဲ့သည်။ အင်္ဂလိပ်အစိုးရလက်ထက် ဆောက်လက်စသင်္ဘောများ၊ တည်ဆောက်ရေးကိရိယာများနှင့် တည်ဆောက်ရေးတွင် အသုံးပြုရန်ဝယ်ယူထားသောပစ္စည်းများကို ဧရာဝတီဖလုတ်တီကာကုမ္ပဏီသို့ ရောင်းချခဲ့သည်။ ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရချိန်တွင် နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းယူခဲ့ပြီး ယနေ့တိုင် မြစ်တွင်းသွားရေယာဉ်များ ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့် သင်္ဘောကျင်းဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# တိုက်ပွဲရှောင်ပြည်သူများအား အဝတ်အထည်နှင့် မီးဖိုချောင်သုံးပစ္စည်းများလှူဒါန်း



**မိုးညှင်း ဇွန် ၂၃**

ကချင်ပြည်နယ်မိုးညှင်းမြို့နယ် အုတ်ကျင်းရပ်ကွက်တွင် ရောက်ရှိနေထိုင်လျက်ရှိသော နမ္မတူမြို့နယ် နန့်ဟိုင်ဒေသ မော်နေကျေးရွာမှ တိုက်ပွဲရှောင်ပြည်သူများအတွက် အဝတ်အထည်နှင့် မီးဖိုချောင်သုံးပစ္စည်းများကို မြို့နယ်စာရေးဆရာအသင်းဝင်များက ဇွန် ၂၀ ရက်တွင် တိုက်ပွဲရှောင်ပြည်သူများ နေထိုင်သည့် အိမ်ရာစခန်းသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များက တိုက်ပွဲရှောင်ပြည်သူများအတွက် အဝတ်အထည်များနှင့် မီးဖိုချောင်သုံးပစ္စည်းများကို ရှမ်းစာပေ၊ ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးစိုင်းသောင်းထံ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မတ်လအတွင်းမှစ၍ မိုးညှင်းမြို့သို့ ရောက်ရှိနေခဲ့သော တိုက်ပွဲရှောင်ပြည်သူများအတွက် ယာယီနေအိမ်များကို မိုးညှင်းမြို့နယ် ရှမ်းစာပေ၊ ယဉ်ကျေးမှုနှင့် နာရေးကူညီမှုအသင်းက ဦးဆောင်၍ အုတ်ကျင်းရပ်ကွက်ရှိ မြေနေရာ ၁ ဒသမ ၅ ဧက၌ တည်ဆောက်ပေးခဲ့ရာ လက်ရှိအချိန်တွင် အဆိုပါ တိုက်ပွဲရှောင်အိမ်ရာစခန်း၌ ယာယီအိမ်ပေါင်း ၁၇ လုံး ဆောက်လုပ်ထားပြီးဖြစ်ကာ ကျန်ရှိနေသူများအတွက်လည်း နေအိမ်များ ဆက်လက်ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာယီအိမ်များကို မြေအကျယ် ပေ ၄၀ ခန့်ပေါ်၌ အိမ်တစ်လုံးစီ ဆောက်လုပ်ပေးထားခြင်းဖြစ်ကာ လက်ရှိ ဆောက်လုပ်ထားပြီးသော အိမ်များကို တိုက်ပွဲရှောင်အိမ်ထောင်စုများထံသို့ အပိုင်လွှဲပြောင်းပေးအပ်ထားပြီး ဖြစ်ကြောင်း သိရသည်။

**(ဝ၆၇)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြော

**တောင်ငူ ဇွန် ၂၃**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက် ဖျက်ရေးနေ့အခမ်းအနားကို တောင်ငူပညာရေးကောလိပ်မြတ်ပညာခန်းမ၌ ဇွန် ၁၉ ရက်က ကျင်းပရာ တောင်ငူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေဦးက မူခင်းကျဆင်းရေးနှင့် ပတ်သက်၍ ဟောပြောခဲ့သည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းကို လည်းကောင်း၊ မူးယစ်ဟူ က ဆန့်ကျင်ကြခေါင်းစဉ်ဖြင့် လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများနှင့်ပတ်သက်၍ လည်းကောင်း၊ လူကုန်ကူးမှုများနှင့် ပတ်သက်၍လည်းကောင်း ပညာပေးဟောပြောခဲ့ကြသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက နှလုံးသားလှလှမိုက်ခေါင်းစဉ်ဖြင့် ပညာပေးကပြဖျော်ဖြေကြပြီး၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးပန်းချီ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူများကိုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ဝ၄၈)**



## ညောင်လေးပင်၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြော

**ညောင်လေးပင် ဇွန် ၂၃**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသခြင်းကို ဇွန် ၂၀ ရက်က ညောင်လေးပင်မြို့ မြို့မ(၅)ရပ်ကွက် ငှက်ပျောတောစု အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ပြုလုပ်ရာ ငှက်ပျောတောစု မူလွန်ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာမင်းမင်းက အမှာစကားပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာများကို တာဝန်ရှိသူတို့က ဟောပြောပြီး ကလေးများအားလပ်ချိန်တွင် စာဖတ်သောအလေ့အကျင့်ရရှိစေရန် ကလေးသူငယ်ဆိုင်ရာ စာပေများနှင့် စာပေရေချမ်းစင်များ ဖတ်ရှုစေကာ ကျောင်းစာကြည့်တိုက်သို့လည်း စာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံရေး အဆင်ပြေချောမွေ့ရန် စည်းကမ်းအချို့ ဖြေလျှော့ပေးစေလို

**သတင်းဆောင်းပါး - ခွန်(ဝင်းပ)**



မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအချို့တွင် မူလတန်းအောင်၍ အလယ်တန်းကျောင်းသို့လည်းကောင်း၊ အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းများသို့လည်းကောင်း ပြောင်းရွှေ့ပညာသင်ကြားကြမည့် ကျောင်းသားကျောင်းသူအချို့အနေဖြင့် ကျောင်းအပ်ရာတွင် အချို့စည်းကမ်းချက်များကြောင့် အနည်းငယ်သော ကျောင်းသား ကျောင်းသူများမှာ အဆင်မပြေမှုများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ကျောင်းအပ်လက်ခံရာတွင် လက်ရှိ စည်းမျဉ်းစည်းကမ်းများအရ ကျောင်းအပ်သူ ကျောင်းသားကျောင်းသူ၏ အမည်၊ မိဘအမည်၊ အိမ်ထောင်စုဇယား၊ မွေးစာရင်းများကို မှန်ကန်စွာ တိုက်ဆိုင်စစ်ဆေး၍ စိစစ်လက်ခံရသည်။ သို့ရာတွင် ကျေးလက်တောရွာများရှိ ကျောင်းသားမိဘအချို့အနေဖြင့် အထက်ပါ အထောက်အထားများတွင် တစ်ခုခု လွဲချော်နေတတ်၍ ကျောင်းအပ်ရာတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ဝင်းပကွက်သစ်ကျေးရွာမှ ကျောင်းသားမိဘတစ်ဦးက "ဒီရွာမှာပဲ နေပါတယ်။ ယောကျ်ားနာမည်က မှတ်ပုံတင်မှာက စောသာနီ၊ ကျောင်းစာရင်းမှာ ဦးသာနီဖြစ်နေတော့ သတင်းစာထဲမှာ တစ်ဦးတည်းဖြစ်ပါကြောင်း ကြော်ငြာထည့်ခိုင်းတယ်။ ကျောင်းကတော့ လက်ခံထားတယ်။ ဒါပေမယ့် သတင်းစာထဲက နာမည်မှန်ကို ပြရဦးမယ်။ ပိုက်ဆံလည်းကုန်ရမယ်။ သတင်းစာထဲ ဘယ်လိုထည့်ရမှန်းလည်း မသိဘူး"ဟု ပြောသည်။

ကျောင်းအပ်ရာတွင် ကြုံတွေ့ရလေ့ရှိသော အခက်အခဲအချို့မှာ မိဘအမည်များသည် မှတ်ပုံတင်တွင်တစ်မျိုး၊ ကျောင်းအပ်ရာတွင် တစ်မျိုးဖြင့် နှစ်မျိုးဖြစ်နေခြင်း၊ ကျောင်းသားကျောင်းသူများ၏အမည် စာလုံးပေါင်းလွဲနေခြင်း၊ အိမ်ထောင်စုစာရင်းမှ ကျောင်းသားကျောင်းသူများ၏ ငယ်နာမည်နှင့် ကျောင်းစတင်အပ်စဉ်က နာမည် တစ်မျိုးစီဖြစ်နေခြင်း၊ မွေးစာရင်းမရှိခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများတွင် အိမ်ထောင်စုစာရင်းမရှိခြင်း စသည့် အခက်အခဲများဖြစ်သည်။

**ထို့ကြောင့် စာသင်ကျောင်းများက ကျောင်းအပ်နှံမည့် ကျောင်းသားမိဘများအား အမည်မှန်ဖြစ်ပါကြောင်း သတင်းစာများတွင် ကြော်ငြာဖော်ပြစေခြင်း၊ အိမ်ထောင်စုစာရင်း ပြုလုပ်တင်ပြစေခြင်း၊ မွေးစာရင်း တင်ပြစေခြင်း၊ ရပ်ကွက်ထောက်ခံစာများ ရယူစေခြင်းတို့သည် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းအရ လုပ်ထုံးလုပ်နည်းအမှန်ဖြစ်သော်လည်း ထိုအချက်များမှာ ကျောင်းသားမိဘတချို့အတွက် လွယ်မယောင်နှင့် ခက်ခဲစေသောအလုပ်များ ဖြစ်နေခြင်းကြောင့် နွမ်းပါးသောမိသားစုများ၊ ရွှေ့ပြောင်းနေထိုင်ရသော မိသားစုများအနေဖြင့် အဆင်မပြေမှုများကြုံတွေ့ကာ ကလေးအချို့မှာ ထိုအခက်အခဲများကြောင့် ကျောင်းမအပ်နိုင်ကြသေးကြောင်း သိရသည်**

ထို့ကြောင့် စာသင်ကျောင်းများက ကျောင်းအပ်နှံမည့် ကျောင်းသားမိဘများအား အမည်မှန်ဖြစ်ပါကြောင်း သတင်းစာများတွင် ကြော်ငြာဖော်ပြစေခြင်း၊ အိမ်ထောင်စုစာရင်း ပြုလုပ်တင်ပြစေခြင်း၊ မွေးစာရင်း တင်ပြစေခြင်း၊ ရပ်ကွက်ထောက်ခံစာများ ရယူစေခြင်းတို့သည် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းအရ လုပ်ထုံးလုပ်နည်းအမှန်ဖြစ်သော်လည်း ထိုအချက်များမှာ ကျောင်းသားမိဘတချို့အတွက် လွယ်မယောင်နှင့် ခက်ခဲစေသောအလုပ်များ ဖြစ်နေခြင်းကြောင့် နွမ်းပါးသောမိသားစုများ၊ ရွှေ့ပြောင်းနေထိုင်ရသော မိသားစုများအနေဖြင့် အဆင်မပြေမှုများ ကြုံတွေ့ကာ ကလေးအချို့မှာ ထိုအခက်အခဲများကြောင့် ကျောင်းမအပ်နိုင်ကြသေးကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သတ်၍ မွန်ပြည်နယ် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်သူလူထု တွေ့ဆုံပွဲတစ်ခု၌ ဒေသခံပြည်သူများက တင်ပြမေးမြန်းရာတွင် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျောင်းအပ်နှံရေးတွင် အချို့သောကိစ္စရပ်များကို အခြေခံပညာကျောင်းများအနေဖြင့် ဖြေလျှော့ပေးပါရန် ညွှန်ကြားထားကြောင်း ဖြေကြားထားခဲ့ဖူးသည်။

ယခုနှစ် ကျောင်းအပ်ရာသီတွင် ကျောင်းပြောင်းရွှေ့အပ်နှံကြသော ကျောင်းသားကျောင်းသူများအား လိုအပ်သော စာရွက်စာတမ်းများ ပြည့်စုံ မှန်ကန်မှသာ ကျောင်းအပ်လက်ခံနေသည့်အတွက် ကျောင်းသားကျောင်းသူအချို့အနေဖြင့် လိုအပ်ချက်အမျိုးမျိုးကြောင့် ကျောင်းအပ်ရန် နှောင့်နှေးကြန့်ကြာလျက်ရှိရာ တာဝန်ရှိသူများအနေဖြင့် ဖြေလျှော့ရန်ဖြစ်နိုင်သည့် အချို့အချက်များကို ဖြေလျှော့၍ ကျောင်းအပ်လက်ခံပေးရန် ကျောင်းသားမိဘအချို့က လိုလားနေကြကြောင်း သိရသည်။ ။

# သံလွင်မြစ်ကမ်း ဘားကပ်ဆိပ်ကမ်းစီမံကိန်း ဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေး

**ဘားအံ ဇွန် ၂၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားကပ်ကျေးရွာ သံလွင် မြစ်ကမ်းနဖူး၌ ဘားကပ်ဆိပ်ကမ်းစီမံကိန်း ဆောင်ရွက် နိုင်ရန်အတွက် Excellent Fortune Develop- ment Group၊ ကျော်လွှမ်းမိုးနှင့်ညီအစ်ကိုများ ကုမ္ပဏီ လီမိတက်မှ တာဝန်ရှိသူများက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများ၊ သက်ဆိုင်ရာ ပြည် နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ဇွန် ၂၀ ရက်က ပြည်နယ်အစိုးရ အဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဘားကပ်ဆိပ်ကမ်းစီမံကိန်းကို ဘားအံမြို့နယ် ဘားကပ်ကျေးရွာ သံလွင်မြစ်ကမ်းဘေး ကွင်းအမှတ် (၁၀၀၉-မ) ဘားကပ်အရှေ့ကွင်း၌ ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်း ဧရိယာမှာ ၁၂ ဒသမ ၁၆ ဧက ကျယ်ဝန်းကာ နှစ် ၇၀ (၅၀+၁၀+၁၀) BOT စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ငွေကျပ်သန်းပေါင်း ၁၃၀၀၀ ရင်းနှီးမြှုပ်နှံသွားမည့် စီမံကိန်းဖြစ်ပြီး အကောင်အထည်ဖော်မည့် ကာလအနေဖြင့် သုံးနှစ်စီမံကိန်းဖြစ်ကြောင်း သိရသည်။

စီမံကိန်း ပထမနှစ်တွင် သံလွင်တံတားအဝင်လမ်းမှ ဆိပ်ကမ်းစီမံကိန်းနှင့် ကမ်းနားလမ်းတစ်လျှောက်လုံးကို တန် ၆၀ ဝန် ခံနိုင်အားရှိသည့် အဆင့်မြင့်ကွန်ကရစ် လမ်းတည်ဆောက်ခြင်း၊ အမှတ်(၁) ဆိပ်ခံဇောတံတား တည်ဆောက်ခြင်းနှင့် စီမံကိန်းရှင်းလင်းဆောင်များ၊ အုပ်ချုပ်မှုရုံးများ တည်ဆောက်ခြင်းတို့ ဆောင်ရွက်သွားမည် ဖြစ်သည်။

ဒုတိယနှစ်တွင် အမှတ်(၂) ဆိပ်ခံဇောတံတား၊ ဘိလပ်မြေနှင့် ကုန်ပစ္စည်းသိုလှောင်ရုံများကို တည်ဆောက်သွားမည်ဖြစ်ကာ တတိယနှစ်တွင် အမှတ် (၃) ဆိပ်ခံဇောတံတားတည်ဆောက်ခြင်း၊ စီမံကိန်းအပြီး သတ်တည်ဆောက်ခြင်းနှင့် ကုန်ပစ္စည်းစုပုံရန်ကွင်း ကွန်ကရစ်လွင်ပြင်တို့ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ကျော်လွှမ်းမိုးနှင့် ညီအစ်ကိုများ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်း၏ ရှင်းလင်းပြောကြားချက်အရ သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ ရွှေဘိုတက္ကသိုလ်၌ ကျင်းပ

**ရွှေဘို ဇွန် ၂၃**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကို ဇွန် ၂၀ ရက်က ရွှေဘိုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲသို့ ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့်နှင့် ဆရာဆရာမများ၊ ကျောင်းသူ ကျောင်းသားများ စုစုပေါင်း အင်အား ၄၀၀ ကျော်ခန့် တက်ရောက်ကြပြီး ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ကျော်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၏ အန္တရာယ်အကြောင်း သိမှတ်ဖွယ်ရာများနှင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးတွင် ကျောင်းသူ ကျောင်းသားများနှင့် ပြည်သူများလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ရေးဆိုင်ရာများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၁၄)(မုံရွာ)မှ ရဲအုပ်မင်းခိုင်ကလည်း လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးခြင်းတို့၏ အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် တားဆီးကာကွယ်ရေးဆိုင်ရာများကို ဟောပြောခဲ့သည်။

**ကျော်ဇော(ရွှေဘို)**



**ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက်ရှိ မူလတန်းလွန်ကျောင်းမှ ကျောင်းသားကျောင်းသူများ နေ့စဉ် သွားလာရေးအဆင်ပြေစေရန်အတွက် ကျောင်းသို့သွားရာလမ်းမှ အရှည်ပေ ၅၀၀ ခန့် လမ်းပိုင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်ထွန်းတို့ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်အင်အား ၅၀ ခန့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုပေါင်းကာ ဇွန် ၂၀ ရက်က မြေဖို့ပြုပြင်နေစဉ်။**

ဓာတ်ပုံ - ခင်ကို(ကျောက်တံခါး)


ရိုးရိုးလေး
၁၅ ကျပ်/မိနစ်
အူရီဒူး၊ MPT ၊ တယ်လီနော နံပါတ်
အားလုံးကို ခေါ်ဆိုရန်အတွက်
*777# ကိုခေါ်ဆိုပါ
စာရင်းသွင်းခ အခမဲ့
ooredoo

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ ရန်အောင်မြင်ရပ်ကွက်နေ ဦးအောင်ကျော်ဆန်း-ဒေါ်စန်းစန်းရီတို့၏သားကြီး

## မောင်မျိုးထက်အောင်

**BA(English),A.G.T.I(F.C) Certifi in Chinese lang;**
**Shaudong University,China**
**ခရိုင်မန်နေဂျာ-မြန်မာ့စီးပွားရေးဘဏ်(၁)၊ မန္တလေးမြို့**

**နှင့်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ လမ်းမတော်လမ်းနေ ဒု-ရဲမှူးအေးကို(ငြိမ်း)၊
ဒေါ်ခင်တာတာ ဒု-ကြီးမှူး(ငြိမ်း) မြန်မာ့စီးပွားရေးဘဏ်တို့၏ တစ်ဦးတည်းသောသမီး

## ဒေါက်တာယုသိမ်းနိုင်

**M.B.,B.S(Ygn),M.Med.Sc,2nd year, Radiology**
**ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်**

တို့၏ ၆-၅-၂၀၁၇ရက်တွင် မန္တလေးမြို့ The Palace by Golden-Duck Hotel ၌ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပေးပါသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့်ဇနီးဒေါ်ခင်ထွေးဦး၊ ညွှန်ကြားရေးမှူး(ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်အထွေထွေမန်နေဂျာ ဦးကျော်ကျော်နှင့်ဇနီး ဒေါ်ခင်ခင်ဌေး၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော မန္တလေးဆေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာခင်မောင်လွင်နှင့် ဇနီးဒေါက်တာမော်မော်လွင်၊ မင်္ဂလာပွဲသို့တက်ရောက်ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၏ဇနီး ဒေါ်မြင့်ရည်အားလည်းကောင်း၊ မင်္ဂလာဘိသိက်မြွက်ပေးပါသော ဒေါက်တာမြတ်သစ်(PhD,A-R-KOL- INDIA) နှင့် မင်္ဂလာအခမ်းအနားမှူး ဦးအေးသွင်(ပြည်)တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်တေးသီချင်းနှင့် တေးသံသာများဖြင့် သီဆိုတီးခတ်ဖျော်ဖြေပေးပါသော မြန်မာမှုတေးဂီတစောင်းဦးစိုးဝင်းနှင့်အဖွဲ့၊ ခေတ္တရာဝမ်းတင်သားကျော်ကျော်နိုင် တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲများ၊ မင်္ဂလာလက်ထပ်နှင့်စေ့စပ်လက်စွပ်ကလပ်ကိုင်၊ မင်္ဂလာအောင်စံပယ် ပန်းကလပ်ကိုင်၊ မင်္ဂလာသတို့သားအရံနှင့် သတို့သမီးအရံတို့အားလည်းကောင်း၊ မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးပါသော အိတုံ(မန္တလေး)ဖြိုး(ခင်စန်းဝင်း)၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ ကိုတင်မောင်ခိုင်(မန္တလေး) နှင့် ဒီဇိုင်နာလတ်လတ်တို့အားလည်းကောင်း၊ လက်ဝတ်ရတနာများဆင်မြန်းပေးပါသော တော်ဝင်စိန်တိုက်နှင့် ဒေါ်ကြည်ကြည်စု(မန္တလေး)တို့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုတင်ကိုထွန်း (PRO-STUDIO)၊ ကိုနေလင်းအောင်(ပြည်)တို့အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော လင်းအာရုံ(မန္တလေး)နှင့်ထပ်တရာ(ပြည်)တို့အားလည်းကောင်း၊ သိင်္ဂီကျော်ပိုးထည်တိုက်အားလည်းကောင်း၊ ၂-၄-၂၀၁၇ရက် Eastern Palace Hotel(MDY) ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဦးစိန်ကြည်၊ လက်ထောက်ညွှန်ကြားရေးမှူး ပြည်နယ်တရားလွှတ်တော်အားလည်းကောင်း၊ စေ့စပ်မင်္ဂလာပွဲ၊ မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့်မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းအပေါင်းနှင့်ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များပေးပို့ပေးပါသော လူကြီးမင်းများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို နှစ်ဖက်သောမိဘများနှင့် ကျွန်တော်၊ကျွန်မတို့မှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်မိဘများနှင့်**
**မောင်မျိုးထက်အောင်နှင့်ဒေါက်တာယုသိမ်းနိုင်**

### ဖခင်အမည်မှန်

တောင်ငူ အထက(နတ်စင်ကုန်း) တက္ကသိုလ်ဝင်တန်း(E)မှ မနှင်းဝေဦး၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွေး ၇/တငန(နိုင်)၁၇၄၂၉၈ ဖြစ်ပါသည်။

### အမည်ပြောင်း

ဦးကျော်သူရ၏သမီး တောင်ငူ အထက (နတ်စင်ကုန်း) ဒုတိယတန်း (A) မှ မလင်းရွှေရည်သွန်းအား မရွှေပိုးအိမ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

ရေဖြူမြို့နယ်၊ အထက ညင်းထွေး တက္ကသိုလ်ဝင်တန်းမှ ဝင်းနန္ဒာမိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးမိုး ၆/ရဖန(နိုင်)၀၀၀၇၁၆ ဖြစ်ပါကြောင်း။ **ဦးအောင်စိုးမိုး**

### ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မကျော့ကျော့ယဉ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့်မှတ်ပုံတင်စာရင်းအရ ဦးရင်ထွေး ၆/မအရ(နိုင်)၀၆၃၈၂၆ ဖြစ်ပါကြောင်း။ **ဦးရင်ထွေး**

### အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက် (၁၂) နေ ဦးကမ်ခေါ်ကျင့်၏သား ဦးဇဲလ်ထွန်းစိန်၏အမည်မှန်မှာ ဦးဇင့်ထွန်းစိန် ၄/တတန(နိုင်)၀၁၁၉၄၁ ဖြစ်ပါကြောင်း။

### အမည်မှန်

လားရှိုးမြို့နေ (ဘ)ဦးရှင်းချန်(ခ) ဦးစောနေလင်း ၁၃/ကလတ(နိုင်)၀၁၉၂၃၀၏သမီး အထက (၉) ပဥ္စမတန်း(A)မှ မကြည်ဖြူအေး၏ အမည်မှန်မှာ မသက်ထားစံ ဖြစ်ပါကြောင်း။

### အမည်မှန်

လားရှိုးမြို့နေ (ဘ) ဦးရှင်းချန်(ခ) ဦးစောနေလင်း ၁၃/ကလတ(နိုင်)၀၁၉၂၃၀၏သား အထက(၉) ဒုတိယတန်း(A) မှ မောင်မြင့်မြတ်မောင်၏ အမည်မှန်မှာ မောင်ကောင်းစံဟိန်း ဖြစ်ပါကြောင်း။

### ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်အိမ်ရာ၊ အမှတ် (၂၃)တွင် နေထိုင်သော ဒေါ်အေးအေးသွယ် ၁၂/လမန(နိုင်)၁၂၇၁၆၄ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား မိမိတစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ ၁၃-၁၁-၂၀၁၄ ရက်က 'ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်စာချုပ်' ချုပ်ဆိုမှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

**LIFE**

**မှတ်ပုံတင်အမှတ်-၄/၁၇၈၁၈**

အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို အသုံးပြု၍ လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး၊ မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ၊ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ရာ အဆိုပါပစ္စည်းများအပေါ်၌လည်းကောင်း၊ ပစ္စည်းထုပ်ပိုးသည့်၊ ထည့်သွင်းသည့် ဘူး၊သေတ္တာအစရှိသည့် ထုပ်ပိုးပစ္စည်းများအပေါ်၌လည်းကောင်း၊ အထက်ပါကုန်အမှတ်တံဆိပ်ကို တစ်ရောင်တည်းဖြစ်စေ၊ ရောင်စုံဖြစ်စေ၊ ပြုလုပ်သုံးစွဲသွားမည်ဖြစ်ပါသည်။ တစ်ဆက်တည်း ၄င်းပစ္စည်းများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ တံဆိပ်တုံးများ၊ ကြော်ငြာဆိုင်းဘုတ်များအစရှိသည်တို့အပေါ်တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

ဆက်လက်ပြီး အဆိုပါကုန်အမှတ်တံဆိပ်နှင့်ပူးတွဲ၍ Rose Bloom, Note, Dear အစရှိသည့် Series အလိုက် အမည်များဖြင့် အလှကုန်ပစ္စည်းများကိုလည်း ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

ထို့ကြောင့် ဖော်ပြပါကုန်အမှတ်တံဆိပ်အား မည်သူတစ်ဦးတစ်ယောက်ကမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပအသုံးပြုခြင်း၊ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်အောင် အသုံးပြုခြင်းများ မပြုလုပ်ရန် တားမြစ်အသိပေးအပ်ပါသည်။ အကယ်၍ (ပိုင်ရှင်ဖြစ်သူ ခွင့်ပြုချက်မရဘဲ) ထိုကဲ့သို့ တုပအသုံးပြုကြောင်းသိရှိရပါက ထိုကဲ့သို့အသုံးပြုသူအပေါ် တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ဦးနိုင် (တရားလွှတ်တော်ရှေ့နေ) ၂၃၆၂/၈၃**
**၁၅-A /၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအိုတင်၏သမီး အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်ဝင်းဝင်းခိုင်နှင့် ဒေါ်ဝင်းခိုင် ၅/အရတ(နိုင်)၀၅၂၈၅၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

အရာတော်မြို့ (အထက) တက္ကသိုလ်ဝင်တန်းမှ မသီသီငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးတရုတ် ၅/အရတ(နိုင်)၀၅၁၈၈၄ ဖြစ်ပါကြောင်း။

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၉၄

| | | | |
|---|---|---|---|
| ၁။ ဒေါ်ကြည်ညွန့် | ၁၁။ ဦးဂျော်လီ | နှင့် | ၁။ ဦးသန်းလွင် |
| ၂။ ဒေါ်ခင်ချို | ၁၂။ ဦးမြင့်အောင် | | ၂။ ဦးသန်းထွန်း |
| ၃။ ဒေါ်သန်းဆင့် | ၁၃။ ဦးမြင့်ဆွေ | | ၃။ ဒေါ်ခင်ဌေးကြည် |
| ၄။ ဒေါ်အုန်းဌေးဝင်း | ၁၄။ ဒေါ်ဝင်းဌေး | | (ခ)ဒေါ်သောင်းလှ |
| ၅။ ဦးအုန်းထွန်း | ၁၅။ ဦးမျိုးမြင့် | | ၄။ ဦးကြည်ထွန်း |
| ၆။ ဒေါ်ထွေးထွေးတင် | ၁၆။ ဦးမျိုးထွန်း | | ၅။ ဦးသောင်းရွှေ |
| ၇။ ဦးသိန်းထွန်း | ၁၇။ ဒေါ်ခင်ဌေးရီ | | ၆။ ဦးသိန်းမြင့် |
| ၈။ ဒေါ်စန်းရီ | ၁၈။ ဒေါ်ဝင်းကြည် | | ၇။ ဦးဝင်းဇော် |
| ၉။ ဦးစိန်သောင်း | ၁၉။ ဒေါ်ခင်မြင့် | | |
| ၁၀။ ဒေါ်သန်းကြည် | ၂၀။ ဦးအေးထွန်း(ကိုယ်တိုင်နှင့် ၁ မှ ၁၉ အထိ အခွင့်ရကိုယ်စားလှယ်) | | |
| **တရားလိုများ** | | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ န/၅၄ (ကျောင်းကုန်းရပ်ကွက်)၊ ယုဇနလမ်း၊ အမှတ် (၂၁၆/က)နေ အမှတ် (၇)တရားပြိုင် ဦးဝင်းဇော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၃ ရက် (၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် အထက်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် ၁။ အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇွန် ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### အမည်ပြောင်း

နေပြည်တော်ကောင်စီနယ်မြေ၊ အထက(၆) ပထမတန်း (ခ) မှ မပြည့်ပြည့်သူအား မမြင့်မြတ်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မမြင့်မြတ်ခိုင်**

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အမက(၁၉)၊ တတိယတန်း (A)မှ မောင်ရာဂျား၏ဖခင်အမည်မှန်မှာ ဦးနာရိုင်း ဖြစ်ပါသည်။

### အမည်မှန်

ဦးမာဟူးဆ၏သား၊ မြစ်ကြီးနားမြို့၊ အထက(၃)၊ နဝမတန်း ($E_7$)မှ မောင်ဘာလာကီ၏ အမည်မှန်မှာ မောင်ဘာရာကီ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မိုင်းရှူးမြို့၊ အထက(မိုင်းရှူး)၊ ဆဋ္ဌမတန်း (A) မှ မောင်စည်သူအောင်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလတ် ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အမက (၁၉)၊ ပဥ္စမတန်း(A) မှ မမာယာ၏ ဖခင်အမည်မှန်မှာ ဦးကန်ချား ဖြစ်ပါသည်။

### ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်လှိုဆန်းလွမ့်(ခ) ဒေါ်ရွှေ ၁/မကတ(နိုင်)၀၀၆၄၂၈ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၉၂၇၉၁၂၉**

### အကြောင်းကြားစာ
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၇ခုနှစ် တရားမအထွေထွေမှုအမှတ်-၄၇
### တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈အရ ဝရမ်းခွာလိုမှု

| | | |
|---|---|---|
| ဒေါ်နန်ဘူ | နှင့် | ၁ ဦးမျိုးမြင့်လွင် |
| | | ၂ ဒေါ်ခင်နှင်းမြင့် |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

လျှောက်ထားခံရသူအမှတ် (၂) ဒေါ်ခင်နှင်းမြင့်၊ အမှတ် ၁၁၉၅/က၊ ဦးပေါ်ထွန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

လျှောက်ထားသူ ဒေါ်နန်ဘူက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်၊ ရွှေပင်လုံအိမ်ရာ၊ ငွေနှင်းဆီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/၁၊ မြေကွက်အမှတ် ၇ (အလျား ၄၉ပေ×အနံ ၇၂ပေ)၊နှစ် ၆၀ ဂရန်မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံတို့အား ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈အရ ပညတ်ဝရမ်းခွာပေးစေလိုကြောင်း လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၁၇ခုနှစ် ဇွန် ၃၀ရက် (၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၇ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ ခုနှစ် ဇွန် ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းသန်းတင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ မျိုးမြင့်
**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**
**ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး)**

Capt.ဦးမောင်မောင်လတ် (Master Mariner-MD Ocean & Orion Company Ltd - ဒေါ်ခင်သန်းမေတို့၏ညီ/မောင်၊ ဦးဇေယျာမင်း (DIRECTOR OF OPERATION) GRAB MYANMAR LTD.- ဒေါ်နှင်းဝင့်ဇော်၊ မအိဖြူခင် (DIRECTOR OF MARKETING) NEGATIVE IMPACT COMPANY BOSTON, U.S.A တို့၏ ဦးလေး ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ ရက်(အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစု နှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ရုံးအဖွဲ့သားများ**
**Ocean & Orion Company Ltd.**
**Yangon Myanmar**

## ဝမ်းနည်းကြေကွဲခြင်း
## ဒု-ဗိုလ်မှူးကြီး(ငြိမ်း) ဦးလဘန်လ
**ကချင်ပြည်နယ်ကောင်စီဥက္ကဋ္ဌ(ငြိမ်း)၊ မြစ်ကြီးနားမြို့**
**အသက်(၈၇)နှစ်**

ဦးလဘန်ရှိန်ရစ်၊ ဒု-အထွေထွေမန်နေဂျာ(မြန်မာ့မီးရထား)နှင့် ဒေါ်မခါ ခွန်ရာ၊ ညွှန်ကြားရေးမှူး(ဇလဗေဒဌာနခွဲ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)တို့၏ကျေးဇူးရှင်ဖခင်ကြီး ဒုဗိုလ်မှူးကြီး(ငြိမ်း) ဦးလဘန်လသည် ၂၃-၆-၂၀၁၇ရက် (သောကြာနေ့) နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုများနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇလဗေဒဌာနခွဲမိသားစု**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးမြင့်
**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**

အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ပညာရေး) ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် အထွေထွေရောဂါကုဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ပညာရေးလောက၏ အစားထိုးမရနိုင်သော ဆုံးရှုံးမှုအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊**
**ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၊ ကျိုင်းတုံတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးမြင့်
**Ph.D (Scotland, Edinburgh, UK)**
**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**
**ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး)**
**အသက်(၆၄)နှစ်**

ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ၁၉၈၂ခုနှစ်မှ ၁၉၈၇ခုနှစ်အထိ အင်္ဂလိပ်စာဌာန၏နည်းပြ၊ လက်ထောက်ကထိက ဆရာအဖြစ်လည်းကောင်း၊ ၁၉၉၅ခုနှစ်မှ ၁၉၉၉ခုနှစ်အထိ အင်္ဂလိပ်စာဌာန (ပါမောက္ခ/ဌာနမှူး) အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီးဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက် နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တာဝန်ခံပါမောက္ခချုပ်နှင့်**
**ရန်ကုန်ပညာရေးတက္ကသိုလ်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးမြင့်
**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**

အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး) ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် အထွေထွေရောဂါကုဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ပညာရေးလောက၏ အစားထိုးမရနိုင်သော ဆုံးရှုံးမှုအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အင်္ဂလိပ်စာဌာန ဆရာ၊ ဆရာမများ**
**ကျိုင်းတုံတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမျိုးမြင့်
**Ph.D (Scotland, Edinburgh, UK)**
**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**
**ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး)**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘွဲ့နှင်းသဘင်လမ်း၊အမှတ်(၁)နေ ဆရာကြီး ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက် နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မိတ္ထီလာတက္ကသိုလ်၊ အင်္ဂလိပ်စာဌာန မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာမျိုးမြင့်
**Ph.D (Scotland, Edinburgh, UK)**
**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**
**ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး)**
**အသက်(၆၄)နှစ်**

ဆရာကြီး ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက် နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘားအံတက္ကသိုလ် မိသားစု**

---

**Duwa Labang La**
## ဒုတိယဗိုလ်မှူးကြီးလဘန်လ(အငြိမ်းစား) ကြည်း/၆၂၄၀
**ပင်စင်ရဥက္ကဋ္ဌဟောင်း၊ တတိယအကြိမ် ကချင်ပြည်နယ်**
**ပြည်သူ့ကောင်စီ(၁၉၈၁/၈၅)**
**အသက်(၈၇)နှစ်**

မြစ်ကြီးနားမြို့၊ ဇရာရပ်ကွက်၊ အမှတ် ၄၅နေ (ဦးလဘန်ရစ်-ဒေါ်မရန်ထု) တို့၏သား၊ ဒေါ်ဂေါ်လူရိုင်နောင်း(အထက်တန်းပြဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးလဘန်ရှိန်ရစ်(ဒုတိယအထွေထွေမန်နေဂျာ၊ အုပ်ချုပ်၊ မြန်မာ့မီးရထား)-ဒေါ်မခါ ခွန်ရာ(ညွှန်ကြားရေးမှူး၊ ဇလဗေဒဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန)၊ ဦးသိန်းထွန်းအောင်(Forever Group Co.,Ltd)-ဒေါက်တာလဘန်ခွန်(ပါမောက္ခ၊ ဌာနမှူး-ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)၊ ရဲမှူးကြီးမျိုးသန်း (တပ်ဖွဲ့မှူး၊ ရနရ)-ဒေါ်လဘန်ဘောက်(ဦးစီးအရာရှိ၊ အခြေခံပညာဦးစီးဌာန/ရုံးချုပ်)တို့၏ ဖခင်၊ ဦးမျိုးမင်းဇော်(ဒု-ဦးစီးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန/ရုံးချုပ်)-ခွန်မိုင်အောင်(Forever Group Co.,Ltd)၊ လဘန်ဘရန်မိုင်(Japan)၊ နေလင်းအောင်(Net Work Engineer-CB Bank)၊ ဂျာမွန်းပန်(Forever Group Co.,Ltd)၊ ဒေါက်တာထွယ်ဘူအောင်(Kwe Ka Baw Hospital)တို့၏အဘိုး၊ သန့်သုတထွန်း၊ ဆိုင်းထွယ်ပန်တို့၏ဘိုးဘိုးကြီးသည် ၂၃-၆-၂၀၁၇ရက် နံနက် ၅း၂၀နာရီတွင် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် မြစ်ကြီးနားမြို့နယ်၊ဇရာရပ်ကွက်၊ အမှတ် ၄၅ နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး နောင်နန်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးလဘန်လ (ငြိမ်း)
**အသက်(၈၇)နှစ်**

သူငယ်ချင်း ဦးလဘန်ရှိန်ရစ်-ဒေါ်မခါခွန်ရာနှင့် ဦးသိန်းထွန်းအောင်-ဒေါက်တာလဘန်ခွန်တို့၏ ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီး လဘန်လသည် ၂၃-၆-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၂)မှ သူငယ်ချင်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သင်းသင်းဆွေ(ခ)မော်လီမြင့်(ခ)မာမီ
**အထက(၂)တောင်ဥက္ကလာပ၊ အလက(၂)မင်္ဂလာတောင်ညွန့်၊**
**အမှတ်(၁)စက်မှုလက်မှုအထက်တန်းကျောင်း(နတ်မောက်/ငြိမ်း)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၉)ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် ၁၀၂၆နေ (ဦးမောင်မောင်-ဒေါ်လှယဉ်)တို့၏တစ်ဦးတည်းသောသမီး၊ (ဦးစံမြင့်)-ဒေါ်အယ်နီစံမြင့်(Australia)တို့၏သမီးချွေးမ၊ဦးဖေမြင့်(ခ)Charles (ခ)John (Australia)၏ချစ်လှစွာသောဇနီး၊ ဦးစိုးမင်း(LENNY)-ဒေါ်ဟယ်ဘင်(Australia)၊ ကိုကျော်နိုင်(စိန်သုံးလုံးစားသောက်ဆိုင်)-မစိမ့်စိမ့်သင်း(ဒဂုံတောင်မြို့နယ် ပညာရေးမှူးရုံး)၊ ကိုအောင်အောင်သင်း(MRTV)-မဥမ္မာခိုင် (မှတ်ပုံတင်နှင့်မူပိုင်ခွင့်)၊ ကိုအောင်ကျော်စိုး(ပုံနှိပ်စက်/ပြင်)-မညီမ့်ညီမ့်သင်း တို့၏မိခင်၊ မစိမ့်ဇူးဇူးဇင်၊ မောင်ကောင်းခန့်အောင်၊ မောင်ဘုန်းမြတ်ကျော်စိုး၊ မပန်းမြတ်ကျော်စိုးတို့၏အဘွားသည် ၂၂-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်ခင်ခင် (ထားဝယ်)
**နက္ခတ္တဗေဒလက္ခဏာ**
**မနောပညာရှင်**
**ရွှေဘုန်းပွင့်ဈေးတန်း**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊(၉)ရပ်ကွက်၊ နှင်းပန်းလမ်း၊ အမှတ် ၈၊ အခန်း ၁၊ မြေညီထပ်နေ (ဦးဘအုန်း-ဒေါ်ကျင်ဟုန်)တို့၏သမီး၊ ဦးကျင်ရှိန်-ဒေါ်မြင့်မြင့်ယဉ်၊ ဦးလှစိန်-ဒေါ်စန်းမြင့်၊ ဦးလေးနိုင်-ဒေါ်ဟင်စိန်၊ ဦးတင်ဦး-ဒေါ်ညွန့်စိန်၊ ဦးမြတ်သူ-နန်းကြန်ဟုန်၊ ဦးရှိန်လင်း-ဒေါ်မြင့်မြင့်အေးတို့၏ညီမ၊ ဦးညွန့်ဝင်း-ဒေါ်စုစုဖြူတို့၏အစ်မသည် ၂၂-၆-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃း၃၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၇ရက် (စနေနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါ ပုဇွန်တောင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မောင်ကောင်းပြည့်ကျော်
**(ခ)M.King Lay (ကျော်လေး)**
**B.Sc (Maths)**
**အရှေ့ပိုင်းတက္ကသိုလ်**
**CDC-No-92342**
**အသက်(၂၃)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊အောင်ဇေယျရိပ်မွန်၊ တိုက် ၂၊ အခန်း ၅၁၂နေ(ဦးကျော်စိန်-ဒေါ်ဖွားခုံ)၊ (ဦးမောင်မောင်လှ) - ဒေါ်လှမြတ်တင်(ခ)ဒေါ်နီနီ(YGH)တို့၏မြေး၊ ဦးကျော်သူ(ပခုက္ကူ)2nd MATE FG Chauk GTI, Civil 79-81 Batch - ဒေါ်ခိုင်ခိုင်လှတို့၏သား၊ မောင်မင်းခန့်သူ (Grade-9)အထက(၄)အလုံ၏အစ်ကိုသည် ၂၁-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် စင်ကာပူစံတော်ချိန် ၈း၄၉နာရီတွင် စင်ကာပူနိုင်ငံ၌တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**အနိစ္စ**

## ဆရာမဒေါ်မြင့်ခင်ခင်
**နက္ခတ္တဗေဒ(မနောပညာရှင်)**
**အသက်(၆၃)နှစ်**

ထားဝယ်မြို့၊ ကညံ့ရပ်၊ နီလာလမ်း၊ အမှတ် ၅၀နေ (ဒေါက်တာဘအုန်း-ဒေါ်ကျင်ဟုန်)တို့၏သမီး၊ (ဦးကျင်ရှိန်-ဒေါ်မြင့်မြင့်ယဉ်)၊ ဦးလှစိန်-ဒေါ်သန်းမြင့်၊ ဦးထိန်စွမ်-ဒေါ်အင်စိန်၊ ဦးတင်ဦး-ဒေါ်ညွန့်စိန်၊ ဦးမြတ်သူ-နန်းကြန်ဟုန်၊ဦးရှိန်လင်း-မြင့်မြင့်အေးတို့၏ညီမ၊ ဦးညွန့်ဝင်း - ဒေါ်စုစုဖြူတို့၏ အစ်မသည် ၂၂-၆-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃း၃၄နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၇ရက် (စနေနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၈၊ နှင်းပန်းလမ်း၊ ရေကျော်ဈေးအနီး ရန်ကုန်နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသင်းမောင် (ပုသိမ်မြို့)
**စား/ဖျော်ကော်ပိုရေးရှင်း**
**(ပြည်သူ့မုန့်တိုက်)**
**အသက်(၈၈)နှစ်**

ပုသိမ်မြို့၊ အမှတ် ၁၊ တဂေါင်းဘုရားလမ်းနေ(ဦးဘတင်-ဒေါ်ထွေးရင်)တို့၏သား၊ (ဦးလှမောင်-ဒေါ်သိန်းကြွယ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ၊ပြည်တော်သစ်ရိပ်သာ၊ အောက်ပုဇွန်တောင်၊ တိုက် ၅၊ အခန်း ၁နေ ဒေါ်စိုးစိုး(ကုန်သွယ်/ပုံနှိပ်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမော်ဦး(C/O, St. John Ship Management)-ဒေါ်စန္ဒာတင်ထွန်း၊ ဒေါ်သန္တာသင်း(Asst: Director) (United Amara Bank)တို့၏ချစ်လှစွာသောဖခင်၊ မောင်မင်းသက်လတ် (Hwawei Co. Ltd)၏ အဘိုးသည် ၂၃-၆-၂၀၁၇ရက် နံနက် ၆း၂၅နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၅-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**
## ဦးမောင်စံပွင့် (စနဲမြို့)
**အသက်(၈၇)နှစ်**

စနဲမြို့နယ် လူမှုရေးအသင်း(ရန်ကုန်မြို့)၏အသင်းဝင် ဦးညီချော၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ စီမံကိန်းတာပေါ်၊ မြလေးလမ်း၊ အမှတ် ၄၈နေ၏ယောက္ခထီး၊ ဇနီး ဒေါ်သန်းနွယ်၏ဖခင်၊ရခိုင်ပြည်နယ်၊ကျောက်ဖြူခရိုင်၊ စနဲမြို့နယ်၊ ရွှေဟသာ (၄)ရပ်ကွက်နေ (ဒေါ်မအေး)၏ချစ်လှစွာသောခင်ပွန်းသည် ၂၂-၆-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၇ရက်(စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်ကော်မတီ
စနဲမြို့နယ်လူမှုရေးအသင်း၊ ရန်ကုန်မြို့

## ဒေါ်ခင်စိန် (စစ်ကွင်း)
**ရုံးအုပ်(ငြိမ်း)**
**ရန်ကုန်စက်မှုတက္ကသိုလ်**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အောင်ဇေယျာလမ်း၊ အမှတ် ၁၆၃နေ (ဦးစံရင်-ဒေါ်အေးရင်)တို့၏ သမီး၊ ဒေါ်လှရွှေ(စစ်ကွင်း)၊ ဒေါ်တင်စိန်၊ ဒေါ်ညွန့်စိန်တို့၏ညီမ၊ တူ/တူမ ခြောက်ယောက်၊မြေးလေးယောက်တို့၏ အဘွားသည် ၂၂-၆-၂၀၁၇ရက် ညနေ ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မရမ်းကုန်းမြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမင်းဇော်(ခ)ဦးကျင်သိန်း
**အသက်(၇၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဇဝနလမ်း၊ ဦးညိုခြံ၊ အမှတ်(၂၂/ခ)နေ (ဦးမြငြိမ်း-ဒေါ်သိန်းရင်)တို့၏သား၊ (ဦးမောင်ကျင်-ဒေါ်စန်းကြည်)တို့၏သားသမက်၊ ဦးတင်ဝင်း-ဒေါ်တင်ရီ(သိမ်ကြီးဈေး) (B)ရုံ၊ အမှတ်(၂၀၅/၂၀၆)၊ ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်သန်းသန်းဝင်းတို့၏အစ်ကို၊ ဒေါ်ခင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်သန့်စင်-မနီလာထွန်း၊ မောင်ကျော်စွာ၊ မောင်အောင်ချမ်းမြေ့တို့၏ ချစ်လှစွာသောဖခင်သည် ၂၂-၆-၂၀၁၇ရက် (ကြာသပတေးနေ့)ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၇ ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီ တွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယကာကြီး**
## ဦးခင်မောင်အေး အသက်(၉၀)
**ပုသိမ်ခရိုင်အသင်းနှင့်ချောက်မြို့နယ်အသင်းတို့၏ရာသက်ပန်အသင်းဝင်**
**အုပ်ချုပ်ရေးမှူး(သန်လျင်သဘော်ကျင်း)၊ ရေနံ/ဓာတု(ငြိမ်း)**
**ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း ၃၀၊ အမှတ် ၈၂နေ (ဦးရန်ကျက်-ဒေါ်ဒေါ်ရှင်)တို့၏သားကြီး၊ (ဒေါ်ခင်အေးသက်၊ ပုသိမ်)၏ခင်ပွန်း၊ ဒေါ်ခင်ဝါနွယ်(ထက်/ပြ၊ ငြိမ်း)၊ ဦးညီညီနိုင်-ဒေါ်ခင်မာနွယ်(မိုးကိုယ်ပိုင်အလယ်တန်းကျောင်း)၊ ဒေါ်ခင်အေးနွယ်၊ ဒေါ်ခင်စိုးနွယ်(အထက-၂၊ ဒဂုံ)၊ ဦးဇေယျခင်မောင်နွယ်(M.P.A)-ဒေါ်သင်းသင်းဆွေ(အ·ဆ·ည၊ ငြိမ်း)တို့၏ဖခင်၊ ဒေါ်လင်းလင်းဦး(လက်ထောက်မန်နေဂျာ၊ C.H.B )၊ မောင်အောင်ဘုန်းနိုင်(Phobos Enggine Oil)၊ မောင်ဉာဏ်ဘုန်းနိုင်တို့၏ဘိုးဘိုးကြီးသည် ၂၃-၆-၂၀၁၇ရက် (သောကြာနေ့)နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသင်းမောင်(ပုသိမ်မြို့) အသက်(၈၈)နှစ်
**စား/ဖျော်ကော်ပိုရေးရှင်း(ပြည်သူ့မုန့်တိုက်)**

ပုသိမ်မြို့၊ အမှတ် ၁၊ တဂေါင်းဘုရားလမ်းနေ (ဦးဘတင်-ဒေါ်ထွေးရင်) တို့၏သား၊ (ဦးလှမောင်-ဒေါ်သိန်းကြွယ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပြည်တော်သစ်ရိပ်သာ၊ အောက်ပုဇွန်တောင်၊ တိုက် ၅၊ အခန်း ၁နေ ဒေါ်စိုးစိုး (ကုန်သွယ်/ပုံနှိပ်)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစိုးမောင်)-ဒေါ်ခင်ညို၊ ဒေါ်သိန်းသိန်း၊ (ဦးလွန်းမောင်)၊ (ဦးဟန်တင်-ဒေါ်ယဉ်မေ)၊ ဦးစိုးမြင့်-ဒေါ်ကြင်မေ၊ ဦးသိန်းညွန့်၊ (ဦးဝင်းမြင့်)၊ ဦးတင့်ထွန်း-ဒေါ်မြမြဝေ၊ ဒေါ်မြမြချေးတို့၏ ညီ/အစ်ကိုသည် ၂၃-၆-၂၀၁၇ရက် နံနက် ၆း၂၅နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါပုဇွန်တောင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသောင်းထွန်း
**ဒု/ညွှန်ကြားရေးမှူး၊ လဝက(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ သုခလမ်း၊ အမှတ် ၃၈နေ (ဦးသန်း-ဒေါ်အေးညွန့်)တို့၏သား၊ (ဦးစောမောင်-ဒေါ်လှရင်)တို့၏သားသမက်၊ (ဦးကျော်မြင့်)-ဒေါ်ခင်မြင့်တို့၏မောင်၊ (ဦးမြင့်သိန်း)-ဒေါ်မြသိန်း၊ (ဦးဝင်းမောင်)-ဒေါ်ခင်ဆွေ၊ ဦးဖိုးအောင်-ဒေါ်နီနီ၊ ဦးရွှေဘော်၊ ဦးမင်းမော်-ဒေါ်ခင်နွဲ့ရီတို့၏အစ်ကို၊ ဒေါ်တင်ကြည်၏ခင်ပွန်းသည် ၂၂-၆-၂၀၁၇ရက်(ကြာသပတေးနေ့) ည ၁၀း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၄-၆-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးခင်မောင် အသက်(၇၈)နှစ်
**(အောင်နေလင်း ၁၅' ရွှေဆိုင်)**
**(ပေါင်းတည်အသင်း)**
**ပခုက္ကူဝိပဿနာသင်တန်းပြန့်ပွားရေးအကျိုးတော်ဆောင်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၁၄/B)နေ ဒေါ်ပုတင်၏ခင်ပွန်း၊ ဦးခင်ထွန်း-ဒေါ်သန်းသန်းအေး၊ ဦးမြင့်ဦး-ဒေါ်သန်းသန်းဆွေ၊ ဦးသန်းလှိုင်-ဒေါ်မိုးသီတာ၊ မစန်းမြတ်နွယ်၊ မမိုးမိုးအေး၊ ဦးအောင်နေလင်း-ဒေါ်ခိုင်ဇာဇာကျော်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၂-၆-၂၀၁၇ရက် (ကြာသပတေးနေ့) ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အရာခံဗိုလ်ဘအေး(လေ/ငြိမ်း)၊ လေ/၁၆၂၄၅
**(ပေါက်တော၊ မိတ္ထီလာ)**
**အသက်(၆၇)နှစ်**

မိတ္ထီလာမြို့၊ ဝါသုတိုးချဲ့ရပ်ကွက်၊ ပုဂံလမ်းနေ ဒေါ်ဦးစောယဉ်၏ခင်ပွန်း၊ ဒေါ်ရွှေဝါခိုင် (အထက-၅၊ ရှမ်းတဲ)၊ ဦးအောင်ဝင်း-ဒေါ်အေးအေးမြတ်၊ ဗိုလ်မှူးကြီးမြတ်ခိုင်-ဒေါက်တာခင်ကျော့စံတို့၏ဖခင်၊ မဝင်းမြတ်သီရိအောင်၊ မောင်ကောင်းမြတ်စံ၊ မောင်မင်းမြတ်စံတို့၏အဘိုးရှင်သည် ၂၃-၆-၂၀၁၇ရက် နံနက် ၆း၁၀နာရီတွင် မန္တလေးမြို့တော်ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာမျိုးမြင့်
**ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်**
**ဒုတိယဝန်ကြီး(ငြိမ်း) (နိုင်ငံခြားရေး၊ ပညာရေး)**
**အသက်(၆၄)နှစ်**

ဆရာကြီး ဒေါက်တာမျိုးမြင့်သည် ၂၀-၆-၂၀၁၇ရက် နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်နှင့်**
**ဆရာ၊ ဆရာမ၊ ဝန်ထမ်းများ**

## ဒေါ်သီသီမြင့်
**နည်းပြ (ဝါဏိဇ္ဇဗေဒဌာန)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်**
**အသက်(၂၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ(ဖဆပလ)ရပ်ကွက်၊ မြဝတီရိပ်သာ၊ တိုက် ၇၊ အခန်း ၁၈၊ သုံးလွှာနေ တပ်ကြပ်ကြီးစာရေးကြည်ဝင်း(ငြိမ်း) (မြန်မာစီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်သန်းသန်းဝင်းတို့၏သမီး၊ ဦးဝင်းကိုကို (ဦးစီးအရာရှိ၊ လယ်/ဆည်၊ ရေအရင်းအမြစ်၊ ရွှေပြည်သာမြို့နယ်၊ ခရိုင်ရုံး)-ဒေါ်ဝင့်ဝါ၊ ဗိုလ်ကြီးမင်းမော်ဟန် (လ/ထ ကထိက၊ တပ်မတော်နည်းပညာ တက္ကသိုလ်၊ ပြင်ဦးလွင်)တို့၏ညီမသည် ၁၉-၆-၂၀၁၇ရက် ည ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးအထူးကုဌာန၌ ကွယ်လွန်သွားပါ၍ ၂၁-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့ရှိဘဏ်များမှ မြန်မာနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့ရှိဘဏ်များမှ မြန်မာနိုင်ငံသား ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား ဇွန် ၁၅ ရက်မှစပြီး ယာယီပိတ်သိမ်းခဲ့မှုနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဘဏ်စာရင်းများ ပြန်လည်ဖွင့်လှစ်ပေးရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အလားတူ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့်လည်း တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီမြို့ ပြည်ပရေးရာဌာနခွဲနှင့် တိုက်ရိုက်ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပြီး ယာယီပိတ်သိမ်းထားသည့် ဘဏ်စာရင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့သည်။

၂၀၁၇ ခုနှစ် ဇွန် ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတွေ့ဆုံ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများ အမြန်ပြန်လည်ဖွင့်လှစ်ပေးရေး စိစစ်ဆောင်ရွက်ပေးရန်နှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု မထိခိုက်စေရန်၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအရ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ နှစ်နိုင်ငံညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးခဲ့မှုကြောင့် ဇွန် ၂၃ ရက် ညနေ ၆ နာရီခန့်တွင် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ ကုန်သည်လုပ်ငန်းရှင်များမှ သတင်းပေးပို့ချက်အရ ယာယီပိတ်သိမ်းထားသော မြန်မာနိုင်ငံမှ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများ ပြန်လည်ဖွင့်လှစ်ပေးပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**




**တရုတ်နိုင်ငံ ဘဏ်အဆောက်အအုံတစ်ခုကို တွေ့ရစဉ်** ဓာတ်ပုံ-အယ်လ်စိုး(မူဆယ်)

# မြန်မာ့လက်ရွေးစင်အသင်း အောက်တိုဘာတွင် ထိုင်းအသင်းနှင့် ခြေစမ်းပွဲကစားမည်

**သတင်း-ညီမြတ်သော်တာ**

**ရန်ကုန် ဇွန် ၂၃**

အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာတွင် အာဆီယံထိပ်သီး ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို အောက်တိုဘာ ၅ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် ကာဂျစ္စတန်အသင်းနှင့် အာရှဖလားခြေစစ်ပွဲ အိမ်ကွင်းပွဲမတိုင်မီ ယခုခြေစမ်းပွဲယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး မူလကရန်ကုန်မြို့တွင်ကစားရန် စီစဉ်ထားသော်လည်း မန္တလေးမြို့မှ မြန်မာဘောလုံးပရိသတ်များ ကြည့်ရှုအားပေးနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပြောင်းလဲစီစဉ်ခဲ့ခြင်းဖြစ်သည်။ မန္တလာသီရိဘောလုံးကွင်းကို ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယင်းဘောလုံးကွင်းတွင် အမျိုးသမီးလက်ရွေးစင်အသင်းပြိုင်ပွဲများ၊ အမျိုးသားလူငယ်လက်ရွေးစင်အဆင့်ပြိုင်ပွဲများ၊ ခြေစမ်းပွဲများ၊ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံအသင်း၏ နိုင်ငံတကာကလပ်ပြိုင်ပွဲများ၊ ပြည်တွင်းလိဂ်ပွဲစဉ်များကို လက်ခံကျင်းပလျက်ရှိသော်လည်း မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်း၏ နိုင်ငံတကာခြေစမ်းပွဲကို ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းမည့်အသင်းမှာလည်း အာဆီယံထိပ်သီးအသင်းဖြစ်သည့် ထိုင်းလက်ရွေးစင်အသင်းဖြစ်သောကြောင့်

*စာမျက်နှာ ၄ ကော်လံ ၄* ❍



## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင်လယ်နက်ရေတပ်စခန်းဌာနချုပ် ပြတိုက်၌ ကြည့်ရှုလေ့လာ

စာ » ၄

## ဦးကိုနီလုပ်ကြံမှုတွင် ပါဝင်ပတ်သက်သူ အောင်ဝင်းခိုင်ဖမ်းဆီးရမိရေး စီမံကြိုးကြပ်ရှာဖွေသူ ရဲမှူးအား စစ်ဆေး

စာ » ၁၃

## မွေးနေ့ရောက်တိုင်း မိုးရွာတာကတော့ မိုးရာသီအတွက် အမှတ်တရပါပဲ



ဟန်သီနှင့်တွေ့ဆုံခြင်း

စာ » ၁၈

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

(မိုး/ဇလ)

